
မဂ္ဂဇင်း

# သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်

## ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ်



"ထ၍ တည်ကြကုန်အံ့" (နေဟမိ ၂း၁၇)

(အသင်းတော်အတွင်းကန့်သတ်)

ရှာလုမ်မဂ္ဂဇင်းသည်
၁၉၉၉ - ၂၀၀၀ ပညာသင်နှစ်မှစ၍
ကိုယ်ပိုင်ရန်ပုံငွေကို
စုဆောင်းထားခဲ့ပါသည်။

ထိုသို့
ရှာလုမ်မဂ္ဂဇင်းအတွက်
ဝိုင်းဝန်းမြေတောင်မြှောက်ပေးခဲ့ကြသည့်
မတည်ငွေအလှူရှင်အသီးသီးကို
အထူး
လှိုက်လှဲစွာ
ကျေးဇူးတင်ရှိပါကြောင်း။

ထို့အတူ
ရှာလုမ်ကို
စတင်မွေးထုတ်ပြုစုပျိုးထောင်ခဲ့ကြသော
နောင်တော်များ
ယနေ့အထိ
ဖတ်ရှုအားပေး ဝေဖန်အကြံပြုကြသူများ
စာမူရေးသားပေးပို့ကြသူများ
အဖက်ဖက်မှ
ဝိုင်းဝန်းလက်တွဲကူညီလုပ်ဆောင်ပေးကြသူများ
အသီးသီးအား
အထူးကျေးဇူးတင်ရှိပါကြောင်း။

# ဥပဇ္ဈာယ်ဆရာ

"ထ၍တည်ကြကုန်အံ့" (နေဟမိ ၂း၁၈)

ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာများအား မည်ကဲ့သို့ အသက်ရှင်စေလို ကြောင်းကို နေဟမိ မှတ်စာအားဖြင့် သိစေခဲ့ပါသည်။ နေဟမိ၏ အမှုဆောင်ခြင်းမှာ ဆုတောင်းခြင်းနှင့် အလုပ်လုပ်ခြင်း တို့ပင်ဖြစ်သည်။ နေဟမိ၏ ခေါင်းဆောင်မှုပုံစံသည် တာဝန်ယူတတ်သော ဦးဆောင်မှုမျိုးဖြစ်သည်။ နေဟမိ၏ ဦးဆောင်မှုနောက်လိုက်ပါသူတို့သည် ပြိုပျက်သွားသော မြို့ရိုးကို (၅၂) ရက်အတွင်း တစ်ညီတစ်ညွတ်တည်း ပြန်လည်တည်ဆောက်နိုင်ခဲ့ကြသည်။ အစဉ်အလာကြီးခဲ့သော အမိမဟာ့တက္ကသိုလ်ကြီးတွင်ပင် အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်လာသည်များရှိသကဲ့သို့ ပြိုပျက်သွားသော အရာများစွာရှိကြောင်း ဝန်ခံရပေမည်။

သို့ဖြစ်၍ အမှုတော်ဆောင်များအတွက်အရေးကြီးသော -

နာခံခြင်း

ငြိုးငြံခြင်း

စင်ကြယ်ခြင်းများဖြင့် ဘုရားသခင်နှင့် အသင်းတော်အဖို့ ရှေ့ရှုလျက် တစ်ညီတစ်ညွတ်တည်း ပြန်လည်တည်ဆောက်နိုင်ပါစေကြောင်း ရှာလုမ်မှတစ်ဆင့် ဆုမွန်ကောင်းတောင်းပါသည်။

............................

(ဘုန်းတော်ကြီးမာကုစောမောင်ဒို)
ကျောင်းအုပ်



**နာယက**
ဘုန်းတော်ကြီး မာကုစောမောင်ဒို
(ကျောင်းအုပ်)

**အကြံပေးနှင့် စာမူစိစစ်ရေး**
ဘုန်းတော်ကြီး အန္တြူးဇော်လွင်
(ကျောင်းသားရေးရာတာဝန်ခံ)

**တာဝန်ခံစာတည်း**
ဆလိုင်းအိုက်ဇက်
(တတိယနှစ်)

**စာတည်းအဖွဲ့ဝင်များ**
ဆလိုင်းကံအောင် (နောက်ဆုံးနှစ်)
စရွှေလှစိုး (ဒုတိယနှစ်)
ဆလိုင်းအောင်ရှိန် (ဒုတိယနှစ်)
ဒေးဗစ်တူးလုမ် (ဒုတိယနှစ်)
နန့်နှင်းနှင်းအေး (ပထမနှစ်)

**ပန်းချီပညာရှင်များ**
ညီညီငယ်၊ စအောင်သိန်း၊ ဂျိုနသန်

**မျက်နှာဖုံးပန်းချီ**
ဂျိုနသန်

**အတွင်းအပြင်အဆင်**
ဘိုအိုက်

**ကွန်ပြူတာစာစီ**
အလင်းအိမ်

**ထုတ်ဝေသူ**
ရှာလုမ်စာပေဝိုင်း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းယားလမ်း၊ ရန်ကုန်။

ဥယျာဇဉ် (ကျောင်းအုပ်) . . . . . . . . ၁
ကျေးဇူးတင်ပါသည် (သဘာပတိ) . . . . . . . . ၅
ထမ်းရန်ရှိသောကားတိုင် (တာဝန်ခံစာတည်း) . . . . . . . . ၆

ဓာတ်ပုံမှတ်တမ်း . . . . . . . . ၇

**ကဗျာ**

တိုင်းသစ်ပြည်သစ် — မောင်ပေါက်စည် (မန်းတက္ကသိုလ်) ၁၅
ဒုက္ခရဲ့တစ်ဖက်မှာ — စောရွှယ်လူး (ကယ်တင်ခြင်းတပ်) ၁၆
အဆုံးအဖြတ် — မဲကြီး ၁၇
ရွံ့စရာ (သို့မဟုတ်) . . . — စောမုတ်ဆိတ် (ကေတု) ၁၈
သင့်အနားမှာပါ — သိလ်နော်အောင် ၁၉
သောမ မဟုတ်တဲ့ငါ — လွှမ်း ၉၂
တရား — ထူး (ပသိမြေ) ၉၆

**ကာတွန်း**

ဂျိုနသန်၊ ကျားကြီး၊ Tweety ၊ အောင်ညွှန့်စိန်၊ ဘိုအိုက် ၂၀

**ရှာလုမ်အပြုံး**

စောမုတ်ဆိတ် (ကေတု)၊ မောင်လူ၊ ဆောင်းအိမ် (ကေတု)၊ အောင်ရှိန်

**သတင်းကဏ္ဍ**

သတင်းတို
အင်္ဂလီကန် - နှစ်ခြင်း အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ ၂၃
ဒိုးနွယ် သာသနာပြုစုပျိုးထောင်ခြင်း အစီအစဉ်မှ ရင်ဖွင့်သံများ ၂၇
၂၉

**သက်သေခံချက်**

ပုလဲမျက်ရည် — အနော (ကေတုမြေ) ၃၀
You alone are my strength. . . — နော်မြတ်ဆုမွန် ၃၄
ငါသည် သင်တို့ကို ရွေးကောက်သဖြင့် — နော်မေဖော ၃၆

**ဆင်ခြင်စရာ**

ဂျော့ကျော်ထက် ၈၅
ပေါလ်ဆင်ဝါးနော် ၉၆

**ဝိညာဉ်ရေးရာ**

ရင်းစားမရနိုင်သောအချိန် — Revd. M. မောင်ဒို ၃၇
ငါးမိနစ် ဆုတောင်းချိန် . . . — စီစီလျာဒီရမ်း ၃၉

**အင်တာဗျူး**

သာသနာပိုင်ချုပ်ကြီး ရမွေလစံစီဒွေးနှင့် . . . ၄၀
MCC အထွေထွေအတွင်းရေးမှူးနှင့် . . . . . ၄၃
ဒေါက်တာခင်ဆက်လင်းနှင့် . . . . . . ၄၄

**ပြန်လည်အမှတ်ရခြင်း**

ကျမ်းစာကျောင်းရောက် သားနှင့်သမီးသို့ . . .
Revd. တိမောသေနန်းချင်း ၄၇
ကျောက်ထက်အက္ခရာ မတင်သော်လည်း
ဆဲဗင်းမွန်း ၅၀

**သူတို့အတွေ့အကြုံ**

နိုက်ဂျီးရီးယား သာသနာပိုင်ချုပ်နှင့် တွေ့ဆုံခြင်း ၅၂

**အက်ဆေး**

ခွန်းဆင့်မျှဝေ ဆုနှစ်ထွေ — မမ ၅၄

**အဓိကအချက်တင်ဆက်မှု**

ငါတို့သည်ထ၍ တည်ကြကုန်အံ့
Revd. စတီဗင်သန်းမြင့်ဦး ၅၆
မဟာစေစားချက်နှင့် သာသနာပြုစုပျိုးထောင်ခြင်း
ဦးအောင်လှထွန်း ၆၂

ခရစ်တော်သာသနာအတွက် ဒိုင်ယာလော့ခ်
Revd. အက်စ်ထန်အုပ် ၆၆
ကွဲပြားခြားနားခြင်း၌ ညီညွတ်ခြင်း . . .
Revd. စမစ်ငွလ်ဇထောင်း ၆၈
ပတ်ဝန်းကျင်နှင့် လစ်တာဂျီသဘောတရား
Revd. ရှိမုန်ဘီဘင်ထူး ၇၀
ထိရောက်သော ခရစ်ယာန်ခေါင်းဆောင်ဖြစ်ရန် . . .
Revd. အန္တြူးဇော်လွင် ၇၂
ခြားနားခြင်းတို့ ပေါင်းဆုံရာ
ဆလိုင်းအိုက်ဇက် (မိုးကောင်း) ၇၅
ယနေ့အသင်းတော်၌ အမျိုးသမီးတို့၏ အခန်းကဏ္ဍ
မိုင်အောင်မဖြူ ၈၂

**အထွေထွေဆောင်းပါး**

ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုနှင့် မြန်မာနိုင်ငံခရစ်ယာန်များ
ကျော်ညွှန့် ၈၆
စာဖတ်ကြရအောင်
ပြည်ငြိမ်းအေး ၈၉
ဘုရားဖန်ဆင်းသည့် တန်ဖိုးရှိလူသား
ဆလိုင်းကံအောင် ၉၃
ဝတ်ပြုကိုးကွယ်ခြင်း
Revd. ရှိမုန်ဘီဘင်ထူး ၉၅
သခင်ယေရှု၏ အသက်တာလား. . . .
နဂါးလေး ၉၇
ယနေ့အသက်ရှင်နေထိုင်ခြင်း
စောအက်စ်ဘာကလင်း ၉၈

**ဝတ္ထုတိုကဏ္ဍ**

အစေခံခြင်းရဲ့ တစ်ခြားမျက်နှာ
အောင် (ကစ္ဆပနဒီ) ၁၀၀
ရှုမြင်၍ ပြုပြင်တတ်ပါစေ
ရွှေနော်စိုးလေး ၁၀၂
နှလုံးသားနှင့် အရင်းခံခဲ့သော်လည်း
ဝဏ္ဏစိုး ၁၀၈
မျှော်လင့်နေခြည်
မိုင်လို (မိုးကောင်း) ၁၁၇

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်
## (အင်္ဂလီကန်)
## သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်

### ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ် ကျောင်းသားကောင်စီ အမှုဆောင်အဖွဲ့

| | | |
|---|---|---|
| ၁။ ဒေးဗစ်ဘရန့်ထန် | (နောက်ဆုံးနှစ်) | (သဘာပတိ/ Prefect) |
| ၂။ ဆလိုင်းအိုက်ဇက် | (တတိယနှစ်) | (ဒုသဘာပတိ/ Assistant Prefect) |
| ၃။ စောစိုးမိုးထူးထူးဘော | (ဒုတိယနှစ်) | (အတွင်းရေးမှူး) |
| ၄။ စဂျိမ်းစ်စည်သူအောင် | (ဒုတိယနှစ်) | (တွဲဖက်အတွင်းရေးမှူး) |
| ၅။ နော်မူမူထွန်း | (တတိယနှစ်) | (ဘဏ္ဍာထိန်း) |
| ၆။ ဆလိုင်းအောင်လင်းခင် | (တတိယနှစ်) | (ဝတ်ပြုကိုးကွယ်ရေးတာဝန်ခံ) |
| ၇။ အဲလစ်ဇဘက်လုမိုင် | (နောက်ဆုံးနှစ်) | (စားဖိုဆောင်တာဝန်ခံ) |
| ၈။ စောဒေးဗစ်ပိုး | (နောက်ဆုံးနှစ်) | (ခန်းမဆောင် အဆောင်တာဝန်ခံ) |
| ၉။ ရေချယ်မေသန်းနိုင် | (နောက်ဆုံးနှစ်) | (အမျိုးသမီးဆောင် အဆောင်တာဝန်ခံ) |
| ၁၀။ နော်မူလာစေးထူး | (နောက်ဆုံးနှစ်) | (အတန်းကိုယ်စားလှယ်) |
| ၁၁။ ဆလိုင်းဒံယေလဖွေးဘူ | (တတိယနှစ်) | (အတန်းကိုယ်စားလှယ်) |
| ၁၂။ မိုင်တင်မာချို | (ဒုတိယနှစ်) | (အတန်းကိုယ်စားလှယ်) |
| ၁၃။ မိုက်ကယ်ဘုန်းဇင်အောင် | (ပထမနှစ်) | (အတန်းကိုယ်စားလှယ်) |

### ၂၀၀၁ - ၂၀၀၂ ပညာသင်နှစ် စာပေကော်မတီ

| | | |
|---|---|---|
| ၁။ ဘုန်းတော်ကြီး မာကုစောမောင်ဗို | (ကျောင်းအုပ်) | နာယက |
| ၂။ ဘုန်းတော်ကြီး အန္တြူးဇော်လွင် | (ကျောင်းသားရေးရာ တာဝန်ခံ) | အကြံပေးနှင့် စာမူစိစစ်ရေး |
| ၃။ စောပြည့်ငြိမ်းဘွယ်ထူး | (တတိယနှစ်) | သဘာပတိ |
| ၄။ ဒေးဗစ်ဘရန့်ထန် | (နောက်ဆုံးနှစ်/Prefect) | အဖွဲ့ဝင် |
| ၅။ နော်လားယူဖော | (နောက်ဆုံးနှစ်) | အဖွဲ့ဝင် |
| ၆။ နော်ဖောဖောဝါး | (နောက်ဆုံးနှစ်) | အဖွဲ့ဝင် |
| ၇။ အဲလစ်ဇဘက်လုမိုင် | (နောက်ဆုံးနှစ်) | အဖွဲ့ဝင် |
| ၈။ ပီတာဆေးဟောင်မန်း | (တတိယနှစ်) | အဖွဲ့ဝင်နှင့် စာရင်းစစ် |
| ၉။ စောညဏ်လင်း | (တတိယနှစ်) | အဖွဲ့ဝင်နှင့် ငွေထိန်း |
| ၁၀။ ဆလိုင်းအိုက်ဇက် | (တတိယနှစ်) | အဖွဲ့ဝင်နှင့် တာဝန်ခံစာတည်း |
| ၁၁။ နော်မူမူထွန်း | (တတိယနှစ်) | အဖွဲ့ဝင် |
| ၁၂။ စဂျိမ်းစ်စည်သူအောင် | (ဒုတိယနှစ်) | အဖွဲ့ဝင် |
| ၁၃။ သီလနော်အောင် | (ဒုတိယနှစ်) | အဖွဲ့ဝင်နှင့် ဖြန့်ချိရေးမှူး |



## ကျေးဇူးတင်ပါသည်

- ရှာလုမ်ကို ဆက်လက်ရှင်သန်ခွင့်ပေးသော အဖဘုရားသခင်၊
- ရှာလုမ်ကို စိုက်ပျိုးခဲ့ကြသူများ၊ ရေလောင်းပေးကြသူများ၊
- ရှာလုမ်ကို လမ်းပြပေးကြသူများ၊ ပဲ့ကိုင်ပေးကြသူများ၊
- ရှာလုမ်၏ အားနည်းချက်များကို နားလည်ပေးကြသူများနှင့်
- ရှာလုမ်၏ ရဲဘော်ရဲဘက်အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း. . . ။

ရှာလုမ်ကိုယ်စား

စောပြည့်ငြိမ်းဘွယ်ထူး
**(B.Th. III)**
သဘာပတိ



## ထမ်းရန်ရှိသောကားတိုင် ......

- "ရှင်ယေရှုသာ ကားတိုင်ထမ်း၍
  လောကနေနိုင်အံ့လော၊
  လူတိုင်းထမ်းရန် ကားတိုင်ရှိသည်
  ကျွန်ုပ်တွက်လည်းရှိ၏။" (မြန်မာဓမ္မသီချင်း - ၂၅၄)

- စုံလင်ထိုက်တန်ခြင်းမရှိသော်လည်း ဆက်ကပ်အစေခံရန် ဆက်လက်ရွေးချယ်တာဝန်ပေးခြင်းခံရသည့်အတွက် ဘုရားသခင်၏ ကြီးမြတ်တော်မူသောကျေးဇူးတော်ကို နှိမ့်ချစွာဝန်ခံလျက်ရေတွက်ပါ၏။

- မြန်မာ့ခရစ်ယာန်စာပေ လယ်ပြင်၌တစ်နှစ်တစ်ခါ ပုံမှန်ထွက်ပေါ်လာနိုင်ရေးတည်းဟူသော ထွန်ယက်စိုက်ပျိုးရခြင်းအမှုသည် ကျွန်ုပ်တို့ထမ်းရန်ရှိသော ကားတိုင်ဖြစ်ကြောင်းခံယူလျက် "ရှာလုမ်" ၏ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် ခြေလှမ်းသစ်ကို "ထ၍တည်ဆောက်ကြကုန်အံ့" (နေဟမိ ၂း၈) ဟူသော အဓိကအချက်ဖြင့် ထပ်မံရွေးခဲ့ကြပါပြီ။

- "ထ၍တည်ဆောက်ခြင်းအမှုတော်မြတ်" အတွက်နှင့်အတူ ဆင်ခြင်နှလုံးသွင်းဖွယ်ရာများကိုလည်း တတ်စွမ်းသရွေ့ စုစည်းတင်ဆက်ထားပါသည်။

- "ရှာလုမ်" ၏ ယနေ့ထိခရီးလမ်းတစ်လျှောက်တွင် အချိန်ကာလနှင့် အင်းအတာအလိုက် ဝိုင်းဝန်းမစခဲ့ကြသူများ၊ ဝိုင်းဝန်းမစနေဆဲပုဂ္ဂိုလ်များအသီးသီးကို မမေ့လျော့ကျေးဇူးတင်ဂုဏ်ယူလျက်ရှိပါကြောင်း။

သန့်ရှင်းသောရှာလုမ်အနမ်းဖြင့်

(ဆလိုင်းအိုက်ခက်)
B Sc(Math): B Th III
တာဝန်ခံစာတည်း







Revd. Simon Be Bin Htu
(B.Sc; B.D: M. Th)
Vice-principal / Dean of Studies




Revd. Andrew Mahn Zaw Lwin
(B.A; B.D; M. Th)
Dean of Students



Revd. Stephen Than Myint Oo
(B.A; B.R.E. M.Th)
Lecturer



Revd. Samuel Htang Oak
(B.A; B.D; M. Phil)
Lecturer



Revd. Daniel Mahn Naung
(B.A; B.R.E)
Lecturer



Sarama Saga Hkawn Tawng
(B.Sc; B.R.E; MA.CE)
Lecturer



Thramu Naw Hai Thlar Say
(B.A; M.T.S)
Tutor





Revd. U Kyaw Nyunt
(B.A; B.D; M.Phil)
Lecturer



Thra Saw Aung Hla Tun
(B.E; M.E)
Lecturer



Thra Saw Po Sein
(B.A; B. Ed)
Lecturer



Thra Saw SiHai
(B.Sc; Dip. Music)
Lecturer



Thramu Sheba Muvin
(B.A. B.R.E)
Lecturer



Thramu Amraylla Myat
(B.Sc; B.R.E)
Lecturer



Sayama Grace Mee
(B.Sc; B.D; M.Th)
Lecturer



Sarama Kareng Tawng
(B.A; M.A)
Lecturer





ပထမနှစ် သင်တန်းသား/သူများ



ဒုတိယနှစ် သင်တန်းသား/သူများ



တတိယနှစ် သင်တန်းသား/သူများ



စတုတ္ထနှစ် သင်တန်းသား/သူများ





'ပို၍.. ပို၍ကောင်းအောင်
ကြိုးစားအားထုတ်ကြပါ'
ရှာလုပ်မဂ္ဂဇင်း
ကျေးဇူးတော်ချီးမွမ်းခြင်း အစီအစဉ်တွင်
ဆရာချစ်ဦးညိုမှ
အားပေး စကားပြောကြားနေစဉ်



'...မဝါးပဲနဲ့
စားနိုင်သူ
ထိုသူဝစမြဲ..'
ကျောင်းမိတ်သဟာယ အစီအစဉ်
အစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေစဉ်



'တိုးကြ.. ဆီးကြ.. အားပါးတရ..'
စုပေါင်းအားကစားပွဲရှုခင်းတစ်ကွက်



'. . . စာဖတ်ပါ
ခံစားပါ
အကောင်းမြင်စိတ်ထားပါ
ရေးချပါ. . .'
ဆရာမဒီဇင်ဘာမွန်း၏ စာပေဟောပြောပွဲ




'လုပ်အားမြတ်နိုး
ဗလတိုးဖို့
ကြိုးကြိုးစားစား. . .'
ကျောင်းသန့်ရှင်းရေးပြုလုပ်စဉ်
အမှတ်တရ



"မျိုးဆက်သစ်တို့
အားမာန်ဝင့်ဖို့ . . ."

လက်ရှိဆောက်လုပ်ဆဲ ၃-ထပ်
အဆောက်အဦး။






တစ်ယောက်က စ
တစ်ယောက်က မ
တစ်ယောက်နဲ့တစ်ယောက် မမ စစ
မေတ္တာ ကမ္ဘာ လောက
လှုကြ ပကြ
နိုးထမှ
တိုင်းသစ် ပြည်သစ်ထူထောင်ရ။

မောင်ပေါက်စည်
(မန်းတက္ကသိုလ်)
၂၅. ၅. ၂၀၀၁

# [illegible]

ရေကန်ရဲ့အလယ်
စက္ကူလှေငယ်ကလေး
တဝေးဝေးဝေ့
တရွေ့ရွေ့မျောနေဆဲ
ခဲကလေးတွေနဲ့ ကျော်လွှန်ပစ်တဲ့အခါ
တစ်ရစ်ပြီးတစ်ရစ်
တစ်ထစ်ပြီးတစ်ထစ်
အသစ် အသစ်လှိုင်းဂယက်နဲ့
ဝိုင်းစက်စက်လှိုင်းကလေးတွေက
အစဉ်အတိုင်းတွန်းပို့ရင်း
အချင်းလှေငယ်လေး
တဖြည်းဖြည်း
ကမ်းနဘေးကိုပြန်ရောက်ခဲ့ရပေါ့။


လောကပင်လယ်
ဘဝလှေငယ်လေးတွေ
တေးသီချင်းအမျိုးမျိုးနဲ့
ကိုယ့်လှေကိုယ်ထိုး
လေမိုးလဲမမြင်ပါ
စည်းစိမ်ဥစ္စာ
ပညာမာန်တက်
အသက်သခင်ကိုမေ့
ဘုရားရှင်ကိုမေ့
တရွေ့ရွေ့မျောနေတဲ့အခါ
လေပြင်းမုန်တိုင်း
လှိုင်းကြွဂယက်ဝဲ
အတိုင်းအဆရှိတဲ့ အခက်အခဲတွေနဲ့
နက်နဲစွာသတိပေး
သခင့်ရဲ့နဘေးပြန်ရောက်တဲ့အထိပေါ့။

**စောရွှယ်လူး (ကယ်တင်ခြင်းတပ်)**






# [illegible]





လှေရှင်ဟာ
သူ့ရဲ့နေဝင်ချိန်မှာ
လှေအိုကိုခတ်လို့
ကမ်းစပ်ကိုကပ်လာတယ်။

ပင်လယ်ပြင်မှာ
ဘယ်လမ်းကလာလို့
ဘာတွေဖမ်းခဲ့လဲဆိုတာ
စိတ်ဝင်စားစရာပေါ့။

လှေဦးကော့ကော့
ခေါင်းမော့လာသူတွေကြား
ရေစုန်၊ လေစုန်
ခြေကုန်သုတ်သုတ်လာသူတွေကြား
လှေခွက်ချည်းကျန်
အလံမလှဲ၊ အံခဲလာသူတွေကြား
တစ်မူခြားနားစွာ
သူ့လှေဝမ်းတစ်ခုလုံး
ငါးခုံးမတွေ၊ ပြည့်လို့လျှံလို့။

မနက်ဖြန်အာရုံတက်
ခရီးစထွက်မယ့်လှေငယ်
သင်ဘယ်သွားမှာလဲ
သင်ဘာတွေဖမ်းလာမလဲ
ကဲ . . . . ပြော။


**မဲကြီး**




သူကလည်းတစ်မျိုး
ကိုယ်ကလည်းတစ်ဖုံ
ကုန်ကုန်ပြောရရင်တော့
ယင်တွေအုံတဲ့
မစင်ပုံပေါ့ဗျာ . . .။

စောမုတ်ဆိတ် (ကေတု)







သင့်ရဲ့ဘဝမှာ အားငယ်မနေနဲ့
စိတ်လည်းမပျက်နဲ့ ဝမ်းနည်းခြင်းလည်း မရှိနဲ့ကွယ်
ဘဝရဲ့ အမှောင်ဆုံးအချိန်တွေမှာ အလင်းပေးမယ့်သူ
သင့်အနားမှာရှိပါတယ်။
(၂ကော ၁း၄-၇)

ရှေ့တိုးလည်းခက် နောက်ဆုတ်လည်းမလွယ်
ဘဝရဲ့အကျဉ်းအကြပ်ထဲ ရောက်နေတဲ့အချိန်
ထွက်ပေါက်မရှိလို့ စိတ်မပျက်နေနဲ့ကွယ်
အံ့ဩဖွယ်ရာလွတ်မြောက်နိုင်ဖို့ ကယ်တင်မယ့်သူ
သင့်အနားမှာရှိပါတယ်။
(၁ကော ၁၀း၁၃)


အားငယ်မနေနဲ့ ဘုရားသခင်ဟာ
သင့်နှလုံးသားရဲ့ ညစ်ထေးနေတဲ့အရာတွေ
မသန့်ရှင်းမှုတွေကို ဆေးကြောသန့်စင်ပေးဖို့
သင့်ကိုဝမ်းနည်းခြင်း မုန်တိုင်းတွေနဲ့ ကြုံတွေ့ပေးနေတာပါ
သင့်အသက်တာအိုးလေး လှပလာဖို့ ဒုက္ခဆင်းရဲခြင်းဆိုတဲ့
ထုထောင်းခြင်းကို ခံရခြင်းဖြစ်ပါတယ်။
(သုတ္တံ ၃း၁၂)

သီလနော်အောင်



အသင်လူသား
အသင်ဟာလောကမှာနေစဉ် ဘာတွေများငါ့အတွက် လုပ်ခဲ့သလဲ ?
ကျွန်၊ ကျွန်တော် . . . .
နိုင်ငံခြားသွား၊ သင်တန်းတွေ တက်၊ အစည်းဝေးတွေ တက်ရင်း အချိန်ကုန်သွား လို့ပါခင်ဗျား . . .




သင်းအုပ်ဆရာ မလုပ်ပဲ
နိုင်ငံခြား ထွက်ရင်
အရာရာ တိုင်း အဆင်ပြေ မယ်ကွာ . . .
အခုတော့ . . .


ကြည့်စမ်း . . ။ ငါကတော့ မင်း ကြီးပွားလာတာကို
အရမ်းမျှော်လင့်လိုက်ရတာ . . . ။










## မင်္ဂလာပါ သာသနာပိုင်ချုပ်ကြီး!

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ ကျောင်းအုပ်အဖြစ် ၁၉၇၆ မှ ၁၉၉၀ ထိ (၁၀) နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သော သာသနာပိုင်ရှမွေလစံစီဌေးသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၏ ပဥ္စမမြောက်သာသနာပိုင်ချုပ်နှင့် ရန်ကုန်သာသနာပိုင်နယ်၏ ဒွါဒသမမြောက် သာသနာပိုင်ကြီးအဖြစ် ရွေးကောက်ခံရပြီး၊ ၂၀၀၁ ဇွန်လ (၃) ရက်နေ့က ရန်ကုန်မြို့ သန့်ရှင်းသောတြိနတိကသီဒြယ်ကျောင်းတော်ကြီးတွင် ပလ္လင်အပ်ပွဲဝတ်ပြုခြင်းအခမ်းအနားကို ပြုလုပ်ပြီးစီးခဲ့ပါသည်။

သာသနာပိုင်ချုပ်သည် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းအုပ်များတွင် သာသနာပိုင်ချုပ်ရာထူးသို့ ရွေးကောက်တင်မြှောက်ခံရသည့် ဒုတိယမြောက်ပုဂ္ဂိုလ်ဖြစ်သည်။ ပထမပုဂ္ဂိုလ်မှာ ၁၉၃၄-၄၂ အတွင်း ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဘုန်းတော်ကြီးဂျော့အယ်ပယ်တန်ဖြစ်ပြီး ယေရုရှလင်နှင့် အရှေ့အလယ်ပိုင်း သာသနာပိုင်ချုပ်နယ်၏ သာသနာပိုင်ချုပ်အဖြစ် ရွေးကောက်ခြင်းခံခဲ့ရပါသည်။

သာသနာပိုင်ချုပ်ရှမွေလသည် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ခေါင်းဆောင်မြှင့်တင်မှု (၁၀) နှစ်စီမံကိန်း၊ ရွှေရတုအစီအစဉ်နှင့် အခြားအစီအစဉ်များစွာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် "ဂျာလုပ်စာစောင်" ကို စတင်၍ မျိုးစေ့ချစိုက်ပျိုးပေးခဲ့သူဖြစ်သည်။

**သာသနာပိုင်ချုပ်ကြီးအား**
**ဂျာလုပ်မှ လှိုက်လှဲစွာဂုဏ်ယူဂါရဝပြုပါကြောင်း**

(သာသနာပိုင်ချုပ်နှင့် တွေ့ဆုံမေးမြန်းခြင်းကို စာ (၄၀) တွင်ရှုပါ။)

## အင်ဒီဒီအထွေထွေအတွင်းရေးမှူးသစ်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် အချိန်ပိုင်းကထိကအဖြစ် ၁၉၉၁-၉၂ စာသင်နှစ်မှ ၂၀၀၀-၂၀၀၁ စာသင်နှစ်အထိ (၁၀) နှစ်တာမျှ ပို့ချဆက်ကပ်ပေးခဲ့သော သိက္ခာတော်ရ ဆရာစမစ်ငွေဇထောင်းသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ အထွေထွေအတွင်းရေးမှူးသစ်အဖြစ် ၂၀၀၁ မေလက ရွေးချယ်ခန့်ထားခြင်းခံရပါသည်။

ဆရာသည် တက္ကသိုလ်ခရစ်ယာန်လုပ်ငန်းမှတစ်ဆင့် ဂိုဏ်းပေါင်းစုံလှုပ်ရှားမှုထဲသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ ဆရာသည် လက်ရှိရာထူး၌ ရွေးချယ်ခန့်ထားခြင်းမခံရမီ တွဲဖက်အထွေထွေအတွင်းရေးမှူးရာထူးတွင် ထမ်းဆောင်ခဲ့ပါသည်။

ဆရာသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ်အဖြစ် ရွေးကောက်ခြင်းခံရသော ယခင်အထွေထွေအတွင်းရေးမှူးဖြစ်သူ သာသနာပိုင် ရှမွေလစံစီဌေးကို ဆက်ခံခြင်းဖြစ်ပါသည်။

**ဆရာတော်အား**
**ဂျာလုပ်မှ လှိုက်လှဲစွာဂုဏ်ယူဂါရဝပြုပါကြောင်း**
(ဆရာနှင့်တွေ့ဆုံမေးမြန်းခြင်း စာ (၄၃)' တွင်ရှုပါ။)

---

## မန္တလေးနယ်စီးသာသနာပိုင်အသစ်

၂၀၀၁ စက်တင်ဘာလ (၁၆) ရက်နေ့တွင် အသက် (၆၅) နှစ်ပြည့်၍ ရာထူးမှအနားယူမည့် မန္တလေးနယ်စီးသာသနာပိုင် ဦးအန္တြူးလှအောင်ကို ဆက်ခံရန် စတုတ္ထမြောက်နယ်စီးသာသနာပိုင်သစ်ရွေးကောက်ပွဲကို ၂၀၀၁ ဇူလိုင်လ (၅) ရက်က မန္တလေးမြို့၊ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ်ကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ဂိုဏ်းထောက်ကြီးဦးဂျေမြသန်း ရွေးကောက်တင်မြှောက်ခံရပါသည်။ ပလ္လင်အပ်ပွဲကို ၂၀၀၁ အောက်တိုဘာ ( ၁၄ ) ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ဆရာတော်သည် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်တွင် (၁၉၆၄ - ၆၈) ပညာသင်နှစ်တွင် တက်ရောက်အောင်မြင်ခဲ့သူဖြစ်ပါသည်။

**ဆရာတော်အား**
**ဂျာလုပ်မှလှိုက်လှဲစွာဂုဏ်ယူဂါရဝပြုပါကြောင်း။**

### သာသနာပိုင်ချုပ်ကြီးများစည်းဝေး - ၂၀၀၁

၂၀၀၁ ခုနှစ်၊ သာသနာပိုင်ချုပ်ကြီးများစည်းဝေး (Primates' Meeting -2001) ကို ၂၀၀၁ ခုနှစ် မတ်လ ပထမအပတ်က အမေရိကန်ပြည်ထောင်စု၊ မြောက်ကာရိုလိုင်းနားပြည်နယ်၊ ကာနူဂါမြို့ (Kanuga) တွင် ကျင်းပပြုလုပ်ခဲ့ရာ ကင်တာဘာရီ သာသနာပိုင်ချုပ်ကြီး ဒေါက်တာဂျော့ကယ်ရီ အမှူးပြုလျက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ်ကြီး ဒေါက်တာ အန်ဒရေမြဟန် (ယခုအနားယူ) အပါအဝင် အင်္ဂလိကန်သဟာယအတွင်းရှိ သာသနာပိုင်ချုပ်ကြီးနယ်ပယ် (၃၈) နယ်မှ သာသနာပိုင်ချုပ်ကြီးများ တက်ရောက်ခဲ့ကြသည်။ ၎င်းစည်းဝေးတွင် ဆင်းရဲမွဲတေမှုနှင့် ကုန်သွယ်မှုပြဿနာ (Poverty/ Trade)၊ အေအိုင်ဒီအက်စ် ပြဿနာ (HIV/AIDS)၊ သီအိုလိုဂျီပညာရေးကိစ္စ (Theological education)၊ သာသနာပိုင်ချုပ်ကြီးများနှင့် သာသနာပိုင်ချုပ်ကြီးများစည်းဝေးတို့၏အခန်းကဏ္ဍ (Role of the Primates and the Primates' meeting)၊ အင်္ဂလိကန်သဟာယ စည်းလုံးညီညွတ်မှု (Union of the Communion) စသည်တို့ကို အဓိကဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရသည်။

*(Ref: Anglican World: 102 Trinity 2001)*

---

### ဩစတြေးလျဘုရင်ခံချုပ်သစ်

၂၀၀၁ ခုနှစ် ဧပြီလ (၂၄) ရက်နေ့တွင် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ဘရစ္စဘိန်းအင်္ဂလိကန်သာသနာပိုင်ချုပ် ပီတာဟိုလိန်းဝေါ့သ် (Peter Holling worth) အား ဩစတြေးလျဘုရင်ခံချုပ်သစ်အဖြစ် ရွေးချယ်လိုက်ကြောင်း ကြေညာသည်။ သာသနာပိုင်ချုပ်သည် ဇွန်လ (၂၉) ရက်နေ့တွင် ရာထူးမှအနားယူသွားသောဘုရင်ခံချုပ် ဆာဝီလျံဒိန်းကို ဆက်ခံခဲ့ပါသည်။

*(Ref: Anglican World: 102 Trinity 2001)*

### ကုလသမဂ္ဂအတွက် အင်္ဂလိကန်လေ့လာသူအသစ်

ကုလသမဂ္ဂဆိုင်ရာ အင်္ဂလိကန်သဟာယ၏ လေ့လာသူ (Anglican Observer at the UN) အသစ်အဖြစ် အေအိုတဲရိုအာ၊ နျူးဇီလန်နှင့် ပိုလီနေးရှားအင်္ဂလိကန်အသင်းတော် (Anglican Church of Aotearoa. New Zealand of Polynesia) မှ အမျိုးသမီးဂိုဏ်းထောက်ကြီးတစ်ပါးဖြစ်သူ Taimalelagi Faganalama Tuataguloa Matalavea (၅၅နှစ်) အား ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးမှ ခန့်အပ်တာဝန်ပေးလိုက်သည်။ သူမသည် ၁၉၈၇ မှ ၁၉၃၃ ထိ အင်္ဂလိကန် ညှိနှိုင်းရေးကောင်စီ (ACC) အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ဖူးသည်။ သူမသည် လက်ရှိကြားဖြတ်လေ့လာသူ (Interim Observer) အဖြစ်ဆောင်ရွက်ခဲ့သော အာကင်ဆော (Arkansas) သာသနာပိုင်ဟောင်း ဟားဘတ်ဒိုနိုဗန် (Herbert Donovan) ကို ဆက်ခံမည်ဖြစ်သည်။

*Ref: Anglican World: 101/Easter 2001.*

---

### မိခင်များအသင်း (၁၂၅) နှစ်ပြည့်ပြီ

၁၈၇၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ သာသနာပိုင်ဆမ္မနာ၏ဇနီးဖြစ်သူ မေရီဆမ္မနား စတင်တည်ထောင်ခဲ့ရာမှ အစပြုလာခဲ့သော မိခင်များအသင်း၊ "Mothers' Union" သည် ယခုအခါ (၁၂၅) နှစ်ပြည့်မြောက်ပြီဖြစ်သည်။ ၁၈၈၇ တွင် ဝင်ချက်စတာ သာသနာပိုင်နယ်၏ဗဟိုအဖွဲ့အစည်း (Diocesan Organization) ဖြစ်လာပြီး ၁၉၃၀ တွင် တစ်ကမ္ဘာလုံးဆိုင်ရာညီလာခံကို ကျင်းပနိုင်ခဲ့လျက် ယခုအခါ အင်္ဂလိကန်သဟာယအတွင်း သာသနာပိုင်နယ်အသီးသီး၌ မိခင်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၅ ယခုနှစ် ၂၀၀၁ ခုနှစ်တွင် အုပ်ချုပ်ကွပ်ကဲရေးအဖွဲ့ Board of Trustees တွင် ဗြိတိသျှကျွန်းမှမဟုတ်သူများ ပထမဦးဆုံးအကြိမ်ပါဝင်လာခဲ့သည်။ ယခုအခါ တစ်ကမ္ဘာလုံးဆိုင်ရာ ဥက္ကဋ္ဌ (Worldwide President) အဖြစ် (Mrs. Patricia Heywood) မှဆောင်ရွက်လျက်ရှိပါသည်။

*(Ref: 125 years - The mothers' Union 1876-2001 by Mary Sumner House)*

---

### အင်္ဂလိကန် - လူသာရင် အပြည်ပြည်ဆိုင်ရာ အလုပ်အဖွဲ့စည်းဝေး

အင်္ဂလိကန်-လူသာရင် အပြည်ပြည်ဆိုင်ရာ ကော်မရှင် အလုပ်အဖွဲ့ (The Anglican-Lutheran International Working Group - ALIWG) အစည်းအဝေးကို ၂၀၀၁ မတ်လ (၂၃-၂၈) အတွင်း အိုက်စလန်နိုင်ငံ ဆက်ကော့ (Sk. kholt) မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ အိုက်စလန်နိုင်ငံ အီဗန်ဂျယ်လစ်ကယ်လူသာရင်အသင်းတော်မှ အိမ်ရှင်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ ALIWG ပူးတွဲသဘာပတိများမှာ Bishop Ambrose Moyo from Zimbabwe (Lutheran) နှင့် Bishop David Tustin from England (Anglican) တို့ဖြစ်သည်။

အင်္ဂလိကန်အသင်းတော်နှင့် လူသာရင်အသင်းတော်တို့ကြား ဆွေးနွေးပွဲများကို ၁၉၇၀ ကတည်းကစတင်ခဲ့ပြီး အင်္ဂလိကန် - လူသာရင် အပြည်ပြည်ဆိုင်ရာကော်မရှင် (ALIC) ကိုဖွဲ့စည်းထားခဲ့ပါသည်။ ALIC သည် ၁၉၈၇ တွင် Niagara Report စာတမ်းကိုလည်းကောင်း၊ ၁၉၉၅ တွင် The Diaconate as an Ecumenical Opportunity စာတမ်းကိုလည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် ဒေသဆိုင်ရာအဆင့်ဆွေးနွေးပွဲများလည်းပြုလုပ်၍ သဘောထားစာတမ်းများ ထုတ်ပြန်ပါသည်။ ၁၉၉၇ လူသာရင် ကမ္ဘာ့အဖွဲ့ချုပ်ညီလာခံ (Assembly of the Lutheran World Federation) နှင့် ၁၉၉၈ လင်းဘတ်ညီလာခံ (Lambeth Conference of Anglican bishops) တို့က အင်္ဂလိကန်နှင့် လူသာရင်တို့ကြား မိတ်သဟာယဖွဲ့ခြင်းကို ဆက်လက်တိုးမြင့်ဆောင်ရွက်ရန် တွန်းအားပေးခဲ့ကြပါသည်။

*(Ref: Anglican World : 102 Trinity 2001).*

### ကလေးအတွေး

"ဟော့ကောင် . . . မင်းစဉ်းစားကြည့် . . .
ငါတို့ Sunday နေ့တိုင်း ဝတ်ပြုဆုတောင်းကြတယ် . . .၊ မကသေးလို့ တစ်ကမ္ဘာလုံးရှိ ခရစ်ယာန်တွေလည်း . . ဆုတောင်းနေကြမယ် . . ."
"အေးလေ ဒါဘာဆန်းလို့လဲ! . . ."
"ဟုတ်ဘူးလေ . . . ဘုရားရှင်က ဘယ်လိုနားဆန့်နိုင်တော့မလဲလို့ . . ."
"ဟာ . . . ငါ့လူရာ ဘုရားရှင်ရဲ့ နားက ကမ္ဘာကြီးထက်ကြီးနေလို့ နေမှာပေါ့ကွ . ."
"အော် ဟုတ်လား. . ."

အောင်ရှိန်
B.Th(II)

() () ()

### ပြိုင်ရုံပြိုင်းပါ

ပထမလူ ▶ ကားတိုင်တော်ကြီးကို ထမ်းပြီး အသက်တာကို ပုံအပ်သတဲ့ . . .။
ဒုတိယလူ ▶ ဟာ . . . ဒီပုဂ္ဂိုလ်က ကြည်ညိုစရာကောင်းလိုက်တာနော် . . .။
တတိယလူ ▶ ငါလည်း ထမ်းနိုင်ပါတယ်ကွာ . . . သူထမ်းတဲ့ကားတိုင်က ဖော့တုံးကြီး။ ကားတိုင်အရောင်ဆိုးထားတာလေ. .။

အောင်ရှိန်
B.Th(II)

() () ()

# ရှာလုမ်မဂ္ဂဇင်းကျေးဇူးတော်ချီးမွမ်းခြင်းအစီအစဉ်



ရှာလုမ်မဂ္ဂဇင်း ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယ အစီအစဉ်ကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာလ (၂၃) ရက်နေ့က သန့်ရှင်းသောကားတိုင် ခန်းမဆောင်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ လက်ထောက်သာသနာပိုင် ဂျိုးဇက်သန်းဖေ ကြွရောက်ပြီး အဖွင့်ဆုတောင်းပေးပါသည်။ ဒုတိယကျောင်းအုပ် ဘုန်းတော်ကြီး ဘီဘင်ထူးမှ ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စာရေးဆရာ ချစ်ဦးညိုမှ အားပေးတိုက်တွန်းစကား အသီးသီး ပြောကြားပေးပါသည်။

အစီအစဉ်သို့ စာရေးဆရာ ချစ်ဦးညိုနှင့် ဇနီး၊ ဆရာ (ဒေါက်တာ) ထွန်းမြတ်အေး၊ ဆရာညီညီငယ်၊ ဆရာ ညီထွေး (ကလေး)၊ ဆရာမဒေါ် စီစီလီယာဒီရမ်း၊ ဆရာ စအောင်သိန်းတို့အပါအဝင် ဘုန်းတော်ကြီးများ၊ ဓမ္မတက္ကသိုလ် ဆရာ/မများနှင့် ကျောင်းသူ/သားများ တက်ရောက်ခဲ့ကြပါသည်။

---

## မော်လမြိုင် ခရစ်ယာန် ကိုယ်ရေပြားအထူးကုဆေးရုံသို့ (၁) လသင်တန်း တက်ရောက်ခြင်း




သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှ တတိယနှစ် ကျောင်းသူ၊ ကျောင်းသား (၁၂) ဦးတို့သည် (၂၀၀၁) ခုနှစ်၊ မတ်လအတွင်း ဒုကျောင်းအုပ်ကြီး ရှိမုန်ဘီဘင်ထူးမှ ဦးဆောင်၍ မော်လမြိုင်ရှိ ခရစ်ယာန်ကိုယ်ရေပြားအထူးကုဆေးရုံသို့ (၁) လသင်တန်း (Intensive course) တက်ရောက်သင်ကြားခဲ့ကြပါသည်။ အဆိုပါသင်တန်းတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ စောဝါးထူးနှင့် ဆေးရုံရှိ ဆရာ၊ ဆရာမများက အနာကြီးရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများကို အသေးစိတ်သင်ကြား ပို့ချပေးပါသည်။

ဤကဲ့သို့ (၁) လသင်တန်း သွားရောက်လေ့လာခွင့်ပေးသော ဓမ္မတက္ကသိုလ်မှ တာဝန်ရှိသူများအားလည်းကောင်း ကျောင်းသူ/သားများကို နွေးထွေးပျူငှာစွာလက်ခံကာ သင်တန်းအစမှအဆုံးအထိ သင်ကြားပေးသော ဆေးရုံအုပ်ကြီး ဒေါက်တာ စောဝါးထူးနှင့် ဆေးရုံရှိ ဆရာ၊ ဆရာမများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။





# အင်္ဂလီကန် - နှစ်ခြင်း အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ

## (Anglican-Baptist International Conversation)

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလအတွင်းက အင်္ဂလန်နိုင်ငံ၊ နော်ဝစ်ရှ်မြို့ ကသီဒြယ်ကျောင်းတော် (Norwich Cathedral) တွင် အင်္ဂလီကန်သဟာယနှင့် နှစ်ခြင်းကမ္ဘာ့အဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များတက်ရောက်လျက် အင်္ဂလီကန်-နှစ်ခြင်း အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲ - ဥရောပဒေသကို ကျင်းပပြုလုပ်ခဲ့သည်။

၂၀၀၁ ခုနှစ် ဇန္နဝါရီလ (၁၈- ၂၁) ရက်များတွင် အာရှဒေသဆွေးနွေးပွဲအဖြစ် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

ဤဆွေးနွေးပွဲများသည် အသင်းတော်နှစ်ပါးတို့ ပူးတွဲလျက် (၅) နှစ်တာအတွက် ချမှတ်ထားသော လုပ်ငန်းစဉ်ကြီး၏ အစိတ်အပိုင်းများဖြစ်သည်။ လာမည့် ဆွေးနွေးပွဲများအဖြစ် ၂၀၀၂ ဇန်နဝါရီလတွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင်လည်းကောင်း၊ ၂၀၀၃ ဇန်နဝါရီလတွင် ကရစ်ဘီယံနှင့် အမေရိကန်ပြည်ထောင်စုတွင်လည်းကောင်း ပြုလုပ်မည်ဖြစ်သည်။

အင်္ဂလီကန်နှင့် နှစ်ခြင်းပုဂ္ဂိုလ် (၄) ဦးစီပါဝင်သော "စဉ်ဆက်မပြတ်ကော်မတီ" (Continuing Committee) သည် မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ၂၀၀၅ ခုနှစ်တွင် အင်္ဂလီကန်ညှိနှိုင်းရေးကောင်စီ (ACC) နှင့် နှစ်ခြင်းကမ္ဘာ့အဖွဲ့ချုပ် (BWA) တို့သို့ တင်သွင်းရမည်ဖြစ်သည်။ ထို့အတွက် Continuing Committee) ၏ အစည်းအဝေးများကို ဩစတြေးလျ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့တွင် ပြုလုပ်မည်ဖြစ်သည်။

ဤလုပ်ငန်းစဉ်ကြီး၏ ရည်ရွယ်ချက်မှာ -

၁။ အင်္ဂလီကန်နှင့် နှစ်ခြင်းသဟာယနှစ်ခုအကြား အပြန်အလှန် နားလည်မှုပိုမိုလာရေး။ (To enable Anglican / Baptists to learn from each other and to deepen understanding of relationships between our two communions in the light of their histories).

၂။ တမန်တော်တို့နှင့် ခရစ်ယာန်တို့၏ သက်ဝင်ယုံကြည်မှုများအပေါ် အချင်းချင်းဝေမျှဖလှယ်ရေး။ (To share with each other how we understand the Christian Faith and to work toward a Common confession of the Apostolic Faith)

၃။ နောင်တွင် ထပ်မံ၍ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်စေမည့်အသင်းတော်၏ သဘောသဘာဝနှင့် ဒေသနာဆိုင်ရာ အခြေခံများဖော်ထုတ်ရေး။ (To identify issues of doctrine and the nature of the church to be explored further in possible future conversations)

၄။ သတင်းတော်မြတ်ကို သက်သေခံခြင်း၊ သာသနာပြုခြင်းနှင့် လူမှုလှုပ်ရှားမှုများတွင် အတူတကွပူပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေရေး။ (To look for ways to cooperate in Mission and Community acticities and increase our fellowship and common witness to the Gospel).

အာရှဒေသဆွေးနွေးပွဲများကို မြန်မာနိုင်ငံနှစ်ခြင်းအသင်းချုပ်အဆောက်အဦးတွင် ကျင်းပပြုလုပ်ခဲ့ရာ နှစ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များအပါအဝင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ လေ့လာသူတစ်ဦးလည်းပါဝင် တက်ရောက်ခဲ့သည်။ ဖွင့်ပွဲ ဂုဏ်ပြုညစာစားပွဲသို့ မြန်မာ

နိုင်ငံအတွင်းရှိ အသင်းတော်အသီးသီးမှ အသင်းတော် ခေါင်းဆောင် (၁၀၀) ဦးတက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကာလအတွင်း နှစ်ဘက်ကိုယ်စားလှယ်များက အာရှယဉ်ကျေးမှုတွင် မိမိတို့၏ သာသနာပြုခြင်းသဘောသဘာဝနှင့် အတွေ့အကြုံများကိုသုံးသပ်၍ အမြင်ချင်း ဖလှယ်ကြသည်။ အာရှတိုင်းပြည်များစွာ၌ အင်္ဂလီကန်နှင့် နှစ်ခြင်းတို့ကြား အပြန်အလှန်ကူးလူးဆက်ဆံမှုနှင့် ပါဝင်ပတ်သက်မှုရှိကြောင်း ဖော်ပြကြသည်။

နှစ်ခြင်းတို့၏အမြင်ဖြင့် "အာရှနှစ်ခြင်းအသက်တာ" ကို ထင်ဟပ်စေသည့် စာတမ်းတင်ပြမှုကိုလည်းကောင်း၊ လင်းဘတ်ညီလာခံသို့ တင်သွင်းသော The Virginia Report အမည်ရှိ အင်္ဂလီကန်စာတမ်းအပေါ် ဆွေးနွေးမှုကိုလည်းကောင်းပြုလုပ်ခဲ့ကြသည်။ အိန္ဒိယမြောက်ပိုင်းအသင်းတော် (CNI) မှ ကိုယ်စားလှယ်တင်ပြသော သာသနာပိုင်၏ အခန်းကဏ္ဍ (episkopi - oversight) နှင့် ဗတ္တိဇံမင်္ဂလာပြုလုပ်ခြင်းတို့နှင့် ပါတ်သက်သည့်စာတမ်းသည် ဤဆွေးနွေးမှုအတွက် တန်ဖိုးမဖြတ်နိုင်သော အင်နီးအတာတစ်ခုဖြစ်သည်။

အာရှကိုယ်စားလှယ်များက ဤဆွေးနွေးမှုများသည် "ရေခံမြေခံနှင့် ကိုက်ညီဆီလျော်နိုင်စေရေး" အတွက် လာမည့်နောက်ဆက်ဆွေးနွေးမှုများ၌ သက်ဆိုင်ရာဒေသကိုယ်စားလှယ်များအဓိကပါဝင်မှုရှိသင့်ကြောင်း ခိုင်ခိုင်မာမာဖော်ပြခဲ့ကြသည်။

ဤဆွေးနွေးပွဲတွင် သဟာယတစ်ခုစီ၏ ကျင့်သုံးမှုများနှင့် ယုံကြည်လိုက်လျှောက်မှုများကို အပြန်အလှန်နားလည်ရန် အရေးကြီးကြောင်း ဖော်ပြသည်သာမက၊ အာရှ၌ အသင်းတော်တစ်ခုစီ၏ တစ်ဦးချင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း မီးမောင်းထိုးပြခဲ့ကြသည်။

ဤဆွေးနွေးပွဲအတွင်း ရန်ကုန်မြို့၊ သန့်ရှင်းသော တြိနတိကသိဒြယ်ကျောင်းတော်၌ ခရစ်ယာန်များတစ်လုံးတစ်ဝတည်းဖြစ်ရေး ဆုတောင်းရာ ရက်သတ္တပါတ် (week of Christian Unity) ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်သို့လည်း တက်ရောက်ခွင့်ရခဲ့ကြသည်။ အပိတ်ဝတ်ပြုကိုးကွယ်ခြင်းကို ဇန်နဝါရီ (၂) ရက် တနင်္ဂနွေ မွန်းလွဲပိုင်း၌ မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (MIT) အင်းစိန်တွင် ပြုလုပ်ခဲ့သည်။

ဤဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နှစ်ဘက်ကိုယ်စားလှယ်များမှာ -

*Anglicans:*

1. Bruce Matthews (Canada, co-chair, continuing committee)
2. Samuel San Si Htay (Myanmar, continuing committee)
3. Guen Seok Yang (Korea)
4. Andrew Chan (Hong Kong)
5. Samuel R. Cutting (India)
6. Dhirendra Sahu (India)
7. Mark Saw Maung Doe (Myanmar)
8. David Powys (Australia)
9. Simon Be Bin Htu (Myanmar)
10. Andrew Zaw Lwin (Myanmar)
11. David Hamid (Anglican Communion Office-co-secretary, continuing committee)

*Baptists:*

1. Paul Fiddes (England, co-chair, continuing committee)
2. Ken Manley (Australia, continuing committee)
3. Chang Young Shim (Korea)
4. Simon Pau Khan En (Myanmar)
5. Jill Manton (Australia)
6. Arthur Ko Lay (Myanmar)
7. Anna May Say Pa (Myanmar)
8. Bonny Resu (India)
9. John Maung Latt (Myanmar)
10. Tony Cupit (BWA Office, co-secreatary, continuing committe)

Administrative support was provided by Ms Rosemary Palmer from the Anglican Communion Office.

(ဆွေးနွေးပွဲအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်မှ ကောက်နုတ်ပြန်ဆိုဖော်ပြခြင်းဖြစ်ပါသည်)



# ဒိုးနွယ်သာသနာပြုစုပျိုးထောင်ခြင်းအစီအစဉ်မှ ရင်ဖွင့်သံများ

HCTC ၂၀၀၀-၂၀၀၁ ပညာသင်နှစ်နောက်ဆုံးနှစ် ကျောင်းသား/ကျောင်းသူ (၁၂) ဦးတို့သည် ဆရာဦးအောင်လှထွန်း (အချိန်ပိုင်းကထိက) ဦးဆောင်လျက် အသင်းတော်သာသနာပြုစုပျိုးထောင်ခြင်းအစီအစဉ်တစ်ရပ်ကို ၂၀၀၁ ခုနှစ် ဧပြီလ (၅) ရက်မှ ဇွန်လ (၅) ရက်ထိ ပြည်ဘုန်းတော်ကြီးပိုင်နယ်၊ ဒိုးနွယ်ကျေးရွာကျေးရွာ၌ပြုလုပ်ခဲ့သည်။

**ခရီးစဉ်အကျဉ်း**

ဤအစီအစဉ်၏ ခရီးစဉ်အကျဉ်းမှာ -

၂၀၀၁ မတ်လ (၅) ရက်မှ (၂၅) ရက်ထိ - အနီးကပ်ကြိုတင်ပြင်ဆင်ခြင်း- (HCTC)

၂၀၀၁ မတ်လ (၂၇) - ဧပြီ (၄) ရက်ထိ - တောင်ငူနယ် သံတောင်ကြီးအသင်းတော်သို့ကွင်းဆင်းခြင်း။

၂၀၀၁ ဧပြီလ (၆) - ဇွန်လ (၄) ရက်ထိ - သာသနာပြုစုပျိုးထောင်ခြင်းအစီအစဉ် (ဒိုးနွယ်)

၂၀၀၁ ဇွန် (၅) - ရန်ကုန်သို့ပြန်လည်ရောက်ရှိခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ ဝတ်စောင့်ခြင်း။

၂၀၀၁ ဇွန် (၆) မိမိတို့နေရပ်သို့ ပြန်လည်ထွက်ခွါခြင်း။

ဤအစီအစဉ်တွင် ပါဝင်ဆက်ကပ်ကြသောသူအားလုံးသည် တစ်နှစ်ကြိုတင်ပြင်ဆင်ခြင်း၊ ပမာဏကုန်ကျစရိတ်စုဆောင်းခြင်းများပြုလုပ်ခဲ့ပါသည်။

**ဒိုးနွယ်ကျေးရွာ ရှင်ယောဟန်အသင်းတော်**

ဒိုးနွယ်ကျေးရွာသည် ဇီးကုန်းမြို့မှ (၁၀) ခန့်အကွာ ပဲခူးရိုးမတောင်ခြေတွင်ရှိသည်။ ပြည်ရှင်မာကုဘုန်းကြီးပိုင်နယ်ထဲတွင်ပါဝင်ပါသည်။ ဒိုးနွယ်ရှင်ယောဟန်အသင်းတော်ကို ကနဦးသာသနာပြုဆရာကြီးများက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အသင်းတော်သက်တမ်းမှာ ရာပြည့်ကာလသို့ရောက်လာပြီဖြစ်သည်။ သို့သော်လည်း လက်တွေ့အခြေအနေတွင် အဘက်ဘက်က အားနည်းလျက်ရှိနေသေးသောကြောင့် အသင်းတော်သာသနာပြုစုပျိုးထောင်ခြင်းအစီအစဉ်လုပ်ကွက်အဖြစ် သတ်မှတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိတွင် အသင်းတော်အိမ်ခြေ (၂၆) အိမ်၊ အသင်းသား/သူ (၁၄၀) ခန့်ရှိပြီး၊ဘုန်းတော်ကြီး သောမတ်စ်စိုးလွင်မှ တာဝန်ယူကြည့်ရှုလျက်ရှိသည်။

**(၂) လတာအစီအစဉ်**

(၂) လတာ စခန်းချနေထိုင်ခဲ့စဉ်အတွင်း အသင်းတော်ဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ လူသွားလမ်းများဖောက်လုပ်ခြင်း၊ ဝင်းပတ်ပတ်လည်တွင် မန်ကျည်း၊ သရက်၊ မရမ်း၊ မာလကာပင်များစိုက်ပျိုးခြင်း၊ ဘုရားကျောင်းဆင်ဝင်နှင့် သာသနာအိမ်တို့ကိုပြင်ဆင်မွမ်းမံခြင်း၊ အသင်းတော်၌အသုံးပြုရန် ရေလှောင်ကန်တစ်ခုတည်ဆောက်ခြင်း၊ ကျေးရွာနာမကျန်းသူများအား အခမဲ့ဆေးဝါးကုသပေးခြင်း၊ အသင်းလူထုအတွက် လူမှုရေးကိစ္စကူညီလုပ်အားပေးခြင်း၊ အနီးပါတ်တော်အိမ်များသို့လှည့်လည်ဆုတောင်းဝတ်ပြုခြင်း၊ အနီးပါတ်ဝန်းကျင်ရွာများသို့ သွားရောက်မိတ်သဟာယဖွဲ့ခြင်း၊ ဂိုဏ်းဂဏမခွဲခြားပဲ ကျမ်းစာသင်တန်းများကို ယောက်ျား၊ မိခင်၊ လူငယ်၊ ဓမ္မပညာကလေးကဏ္ဍအလိုက် ဖွင့်လှစ်သင်ကြားခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ဒေသခံအသင်းတော်ကို တာဝန်ယူစေခြင်းမဟုတ်ပဲ မိမိတို့ပါလာသောအလှူငွေဖြင့် ကိုယ်တိုင်ချက်ပြုတ်စားသောက်၍ လပ်ဆောင်ပေး ခဲ့ခြင်းလည်းဖြစ်သည်။



ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပေါ်လွင်အောင်အသက်ရှင်ပြခဲ့လျက် အစေခံဝန်ထမ်းခြင်းဖြင့် သက်သေခံခြင်း၊ ကူညီမစခြင်း၊ သင်ကြားဝေငှခြင်း စသည်တို့ဖြင့် လူမှုရေးနှင့် ဝိညာဉ်ရေးရာ ပြန်လည်နိုးကြားဖွံ့ဖြိုးလာစေရန် အတိုင်းအတာတစ်ခုအထိ ထောက်မအမြင်ဖွင့်ပေးနိုင်ခဲ့ကြောင်း သုံးသပ်ရပါသည်။ ထို့ပြင် ကျမ်းစာကျောင်းပြီးဆုံး၍ လုပ်ငန်းခွင်ဝင်ရမည့် အမှုတော်ဆောင်လောင်းများ အတွက် လက်တွေ့ဝိညာဉ်ဆုကျေးဇူးနှင့် ဝိညာဉ်ရေးရာအတွေ့အကြုံတို့ကို ရရှိစေခဲ့ပါသည်။



**ရင်ဖွင့်သံများ**

(၂) လတာအစီအစဉ်နှင့်ပတ်သက်၍ ဤသို့ရင်ဖွင့်ခဲ့ကြပါသည်။ ဖခင်တစ်ဦးက "ဘုရားကျောင်းနှင့်ဝေးကွာနေသောလူတော်တော်များများ ဘုရားကျောင်းမှန်မှန်ပြန်ရောက်လာခဲ့ပါတယ်။ အသင်းတော်ရဲ့လုပ်ငန်းတွေမှာလည်း ပါဝင်လာပါတယ်" ဟူ၍လည်းကောင်း၊ အမျိုးသမီးတစ်ဦးက "ကျွန်မရဲ့အသက်တာတစ်လျှောက်လုံးမှာ တိမ်မြုပ်လုနီးနီးဖြစ်နေတဲ့ဆုတောင်းခြင်းအသက်တာကို ပြန်လည်ရရှိစေခဲ့ပါတယ်" ဟူ၍လည်းကောင်း၊ လူငယ်တစ်ဦးကလည်း "တစ်ချိန်ကအမြင်စောင်းနေသောသူများ၊ ကဲ့ရဲ့ပြစ်တင်သောသူများပင်လျှင် ခရစ်ယာန်တို့၏နှိမ့်ချခြင်း၊ မေတ္တာပြခြင်းကိုကြည့်ပြီး တစ်မူထူးခြားလာကြောင်း ခံစားမိပါတယ်" ဟူ၍လည်းကောင်း၊ အခြားအသင်းတော်ဝင်တစ်ဦးက "ဆရာတွေရောက်လာတော့ ကျွန်တော်တစ်ခါမှ မရောက်ဘူးတဲ့ အိမ်တွေတောင်ရောက်ဖူးလာတယ်။ တစ်ယောက်နဲ့တစ်ယောက်ရင်းနှီးမှုရလာတယ်။ အရင်တုန်းက မခေါ်မပြောတဲ့သူတွေလည်း အဆင်ပြေလာကြတယ်" ဟူ၍လည်းကောင်း အသီးသီးရင်ဖွင့်ခဲ့ကြသည်။

ဤအစီအစဉ်တွင် (၃) လတာပါဝင်ခဲ့ကြသော ကျောင်းသား/ကျောင်းသူများကလည်း ဤသို့မှတ်ချက်ပြုရင်ဖွင့်ခဲ့ကြသည်။ တစ်ဦးက "ဘုရားရှင်၏အမှုတော်လုပ်ငန်းသည် အမှန်တကယ်အစေခံမှ ဘုရားသခင်၏ဘုန်းတော်ထင်ရှားကြောင်းတွေ့မြင်ရပါသည်" ဟူ၍လည်းကောင်း၊ နောက်တစ်ဦးက "အမှုတော်ဆောင်ခြင်းဟူသည် ခက်ခဲသည်။ လေးနက်သည်။ ကြမ်းတမ်းသည်။ ဒုက္ခဖြင့်သာ ရုန်းကန်နေရသည်ဟူသော ကားတိုင်လမ်းစဉ်ဖြစ်ကြောင်း ခံစားသိရှိလာပါသည်။ ဤခရီးစဉ်ကြောင့် ရှေ့ဆက်အမှုတော်ဆောင်ခြင်းအတွက် အသစ်သောအတွေ့အကြုံခွန်အားများနှင့်အတူ အသစ်သောယုံကြည်ခြင်း၊ မျှော်လင့်ခြင်းကိုရရှိစေပါသည်" ဟူ၍လည်းကောင်း၊ အခြားတစ်ဦးက "အသက်တာမှာ စိတ်ခတ်တည်ငြိမ်စွာနဲ့ အများကိုခွင့်လွှတ်နားလည်တတ်တဲ့သဘောကို ပိုင်ဆိုင်ရရှိသွားခဲ့တယ်။ ဆုတောင်းခြင်းအသက်တာလည်း ပိုမိုလေးနက်လာတယ်။ ဘုရားရှင်ရဲ့အကြံအစည်နှင့် လူတွေရဲ့အကြံအစည်ဟာ ဘယ်လိုလဲဆိုတာ ခွဲခြားသိမြင်လာပါတယ်" ဟူ၍လည်းကောင်း အသီးသီး မှတ်ချက်ပြုခဲ့ကြသည်။

**ကျေးဇူးစကား**

ဤအစီအစဉ်အတွက် နောက်တန်းမှနေ၍ လိုအပ်သောကုန်ကျစရိတ်များအတွက် ငွေကြေးပါဝင်လှူဒါန်းခဲ့ကြသူများ၊ ကိုယ်တိုင်ကိုယ်ကျ ပံ့ပိုးကူညီခဲ့ကြသူများ၊ နောက်ကွယ်မှ ဆုတောင်းခြင်းဖြင့် လက်တွဲခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မှတ်ချက်။ ။ (ခရီးစဉ်နေ့စဉ်မှတ်တမ်းနှင့် ခံစားချက်မှတ်တမ်းတို့မှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။)








သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက်၊ အထူးထူးအပြားပြား စုံစမ်းနှောင့်ရှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်း သက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ (ယာ ၁း၂-၃)။

မကြာခင်မှာ ကျောင်းတွေဖွင့်တော့မယ်၊ အနောတစ်ယောက်သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းဝင်းထဲကို ပြန်ဝင်ရတော့မယ်။ ဒုတိယနှစ်ကျောင်းသူအဖြစ် ဓမ္မပညာရပ်တွေကို ဆက်လက်သင်ယူရတော့မယ်။ ဒါပေမဲ့ အနောရင်ထဲမှာ မွန်းကျပ်မှုဝေဒနာတွေကို ခံစားနေရတယ်။ ကျောင်းပြန်တက်ဖို့ အနောဝန်လေးနေပြီတယ်။ ကျောင်းပြန်တက်ချင်တဲ့ စိတ်တွေ မရှိတော့ဘူး။ အနော စေတနာနဲ့ လုပ်ခဲ့တယ်လို့ ထင်ခဲ့ပေမဲ့ ဝေဒနာတွေသာဖြစ်ခဲ့ရတယ်။ တွေးရင်းတွေးရင်း ဝမ်းနည်းလာတယ်။ မျက်ရည်တွေလည်း လည်လာမိတယ်။

အိပ်ရာကနေ လန့်နိုးသွားသလိုဘဲ မေ့နေတဲ့အရာတစ်ခုကို ပြန်ပြီးသတိရဖို့ အဖြစ်အပျက်လေးတစ်ခုက ဖန်တီးပေးလိုက်တယ်။

"အနောရေ. . အနော"

ခေါ်သံကြောင့် အထိတ်တလန့်ဖြစ်သွားတယ်။

"ဪ ဆုမွန်ပါလား . . အလန့်တကြားနဲ့ ဘာကိစ္စ အရေးကြီးလို့လဲ"

"စေးကြည့်လှိုင်ဆုံးသွားပြီ၊ ကျောင်းပိတ်တုန်းခဏ နာဂရွာမှာရှိတဲ့ သူ့ရဲ့မိဘတွေဆီကို ပြန်လည်တာ၊ အိမ်တောင်မရောက်ဘူး။ လမ်းမှာဘဲ မုန်ယိုတဲ့ဆင်နဲ့တွေ့လို့ ပွဲချင်းပြီးဘဲတဲ့"



ရေး နော်မြတ်ဆုမွန် B.Th I

# You alone are my strength, my shield.

ပန်းချီ

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မနာမည်က နော်မြတ်ဆုမွန်ပါ။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ပထမနှစ်မှာ ပညာသင်ကြားနေပါတယ်။ ကျွန်မဘဝမှာ ဘုရားသခင်သာလျှင် အားကိုးရာခွန်အားဖြစ်တယ်ဆိုတာကို အနည်းငယ်သက်သေခံချင်ပါတယ်။

ကျွန်မ ဆယ်တန်းအောင်ပြီး ကျေးဇူးတော်ကြောင့် နိုင်ငံရပ်ခြားမှာ ကျောင်းသွားတက်ခဲ့ရပါတယ်။ ကျွန်မအနေနဲ့ လုံးဝမသွားချင်ခဲ့ပါဘူး။ အိမ်နဲ့လည်း တခါမှမခွဲဘူးတော့ ပိုပြီးမသွားချင်ခဲ့ဘူး။ ယဉ်ကျေးမှုမတူ၊ လူမျိုးမတူ၊ ဓလေ့စရိုက် မတူတဲ့လူတွေကြားထဲမှာနေရတာ အရမ်းကိုစိတ်ညစ်စရာ၊ စိတ်ရှုပ်စရာတွေနဲ့တွေ့ခဲ့ရတယ်။ ကျွန်မရဲ့အဖေကတော့ သူတစ်ပါးကိုအမြဲသည်းခံပြီး ဆုတောင်း၊ ကျမ်းစာဖတ်ဖို့မှာလိုက်သလိုအမေကလည်း ဆာလံ ၂၃ ကို အမြဲရွတ်ဆိုဖို့မှာလိုက်ပါတယ်။ ဒါပေမဲ့ စိတ်ပင်ပန်းဆင်းရဲမှုကြားမှာ အချိန်ပြည့်ဆုမတောင်း၊ ကျမ်းစာမဖတ်နိုင်ခဲ့ပါဘူး။

ကျွန်မ မနက်ဖက်မှာကျောင်းတက်ပြီး နေ့လည်ပိုင်းမှာ အလုပ်လုပ်ပါတယ်။ ကျောင်းစာကလည်းခက်သလို အလုပ်မှာကလည်း တခါမှမလုပ်ဘူးသေးတော့ အခက်အခဲတွေ တွေ့ကြုံခဲ့ရပါတယ်။ ကျမ်းစာဖတ်၊ ဆုတောင်းတယ်ဆိုပေမဲ့ စိတ်ဖိစီးမှုတွေများနေတဲ့အချိန်ဆိုတော့ စိတ်မပါခဲ့ဘူး။ ကျောင်းနဲ့ အလုပ်နဲ့ပြေးလွှားနေရတာကြောင့်လည်း ဆုတောင်း၊ ကျမ်းစာဖတ်ဖို့အချိန်သိပ်မပေးခဲ့မိပါဘူး။ မိဘတွေနဲ့လည်းတစ်ခါမှမခွဲဘူးတော့ တစ်ယောက်ထဲအထီးကျန်ခံစားခဲ့ရတယ်။ မိတ်ဆွေတွေရှိပေမဲ့လည်း သူတို့လည်းသူတို့အလုပ်နဲ့သူတို့ ရှုပ်နေတော့ အားနာတယ်။ ကိုယ့်ဘာသာပဲ ကျိတ်ခံစားခဲ့ရပါတယ်။ အိမ်ကိုလည်းလှမ်းစာရေးပြီး မိဘတွေက ကျွန်မဘဝမြင့်မားအောင်လုပ်ပေးတာတွေကိုနားမလည်ပဲနဲ့ မိဘတွေက ကျွန်မကိုမချစ်လို့ မသွားချင်တဲ့နေရာကိုသွားခိုင်းတယ်၊ ကျွန်မကိုငရဲပြည်ပို့တယ်ဆိုပြီး အပြစ်တင်ခဲ့မိပါတယ်။ ကျွန်မရဲ့မိဘတွေကတော့ ကျွန်မဆီကိုစာရေးပြီး ဘုရားကိုအားကိုးဖို့၊ ဆုတောင်းကျမ်းစာဖတ်ဖို့ အားပေးခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ဓာတ်အရမ်းကျနေတဲ့အချိန်ဆိုတော့ ကျွန်မ ငြိမ်သက်ခြင်းမရခဲ့ပါဘူး။

ဒီလိုနဲ့တစ်နေ့မှာတော့ အလုပ်မှာအဆင်မပြေလို့ စိတ်ညစ်လာပြီး အိမ်ပြန်ရောက်တော့ အခန်းတံခါးကိုပိတ်ပြီး ငိုရင်းနဲ့ ကျမ်းစာဖတ်ဆုတောင်းခဲ့ပါတယ်။ ပြီးတော့ ဘာရယ်မဟုတ်သီချင်းစာအုပ်ကိုဖွင့်လိုက်တော့ "As the deer" ဆိုတဲ့သီချင်းလေးကို တွေ့လိုက်ရတယ်။ အဲဒီသီချင်းကို အရင်ကကြားဖူးပေမဲ့လည်း စာသားကို သိပ်နားမလည်တာရယ်၊ မခံစားတတ်သေးတာရယ်ကြောင့် အဓိပ္ပာယ်ကိုသေချာမကြည့်ခဲ့ပါဘူး။ စိတ်ဒုက္ခအရမ်းရောက်နေတဲ့အချိန်ကျမှ စာသားကိုအသေအချာဖတ်လိုက်တော့ ကျွန်မအတွက်ခွန်အားအများကြီးရခဲ့ပါတယ်။ အဲဒီသီချင်းလေးက ဆာလံ ၄၂း၁ ကိုရေးဖွဲ့ထားတဲ့သီချင်းပါ။ ဘုရားသခင်သာ ကျွန်ုပ်ရဲ့ခွန်အား၊ ကျွန်ုပ်ရဲ့ဒိုင်းလွှား၊ အကာအကွယ်ဖြစ်တယ်ဆိုတဲ့အကြောင်းကို ရေးဖွဲ့ထားတာပါ။ ကျွန်မက အဲဒီသီချင်းစာသားကို ဖတ်ကြည့်ပြီးဆိုကြည့်လိုက်တဲ့အချိန်မှာပဲ ကျွန်မစိတ်ဟာငြိမ်သက်လာတယ်။ ဘုရားသခင်ရဲ့ကျေးဇူးတော်ကိုလည်း ချီးမွမ်းမိပါတယ်။ ကျွန်မဘေးနားမှာ ဘုရားသခင်ရှိပြီး ကျွန်မကိုအကာအကွယ်ပေးနေတယ်ဆိုတာ မေ့ခဲ့မိပါလားဆိုပြီး နောင်တရမိခဲ့တယ်။ ဘုရားသခင်ကိုလည်း ချက်ချင်းပဲတောင်း ပန်လိုက်ပါတယ်။ အရင်ကတော့ ဘုရားသခင်ဟာ ကျွန်မရဲ့ဘေးမှာရှိတယ်ဆိုတာ မသိကျိုးကျွံ (သိခဲ့ပေမဲ့ပေါ့လျော့) နေခဲ့မိတယ်။ ကိုယ်တစ်ကယ် စိတ်ဒုက္ခခံစားနေတဲ့အချိန်မှာ ဘုရားသခင်ဟာ ကျွန်မရဲ့ခွန်အား အကာအကွယ်ဖြစ်တယ်ဆိုတာ လေးလေးနက်နက် ခံစားလာခဲ့ရပါတယ်။

အဲဒီလိုခံစားရပြီး နောက်ပိုင်း ကျွန်မမှာ စိတ်ညစ်စရာကြုံလာရင် အဲဒီသီချင်းကို ဆိုလိုက်တာနဲ့ ခွန်အားရရှိခဲ့ပါတယ်။ အဲဒီလိုနဲ့ ကျွန်မမြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ ပြန်လာပြီးနောက်ပိုင်း ကျွန်မရဲ့စိတ်ဟာ ရင့်ကျက်ပြောင်းလဲလာခဲ့ပါတယ်။ ကျွန်မပြန်ရောက်ပြီး အချိန်နဲ့ ကျမ်းစာကျောင်းတက်တဲ့အချိန်ကြားထဲမှာ ကျွန်မ အပြင်အလုပ် (၂) ခုကို လုပ်ခဲ့ပါတယ်။ လခကောင်းပေမဲ့ စိတ်ညစ်ရပါတယ်။ အရမ်းလည်းသည်းခံရပါတယ်။ ဒါပေမဲ့ ဘုရားသခင်ဟာ ကျွန်မရဲ့ခွန်အားဖြစ်တယ်ဆိုတာ သိထားတော့ အရာရာကို ခံနိုင်ရည်ရှိလာပါတယ်။ ကျွန်မ ကျမ်းစာကျောင်း တက်ဖို့ဆုံးဖြတ်တော့လည်း လူကြီးတွေကပြောတယ်၊ ဘုရားအမှုတော်ဆောင်လုပ်မယ်ဆိုရင် စုံစမ်းနှောင့်ယှက်ခြင်းတွေကို ခံနိုင်ရည်ရှိပါ့မလားတဲ့၊ ဒါပေမဲ့ ဘုရားသခင်ဟာ ကျွန်မကို သူ့ရဲ့အမှုတော်မှာ အသုံးချဖို့အတွက် ကျမ်းစာကျောင်းမတက်ခင်အတွေ့အကြုံ၊ သင်ခန်းစာတွေအများကြီးပေးခဲ့လို့ ခံနိုင်ရည်ရှိအောင်ကြိုးစားမယ်ဆိုပြီး ကျမ်းစာကျောင်းတက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျောင်းမတက်ခင်မှာဘဲ စုံစမ်းခြင်းအမျိုးမျိုးကို ခံခဲ့ရပါသေးတယ်။ ဒါပေမဲ့ ကျွန်မမှာ ခံနိုင်ရည်ရှိခဲ့ပါတယ်။ ဒါဟာလဲ ဘုရားသခင်ပေးတဲ့ ခံနိုင်ရည်သက်သက်ပါပဲ။ နောက်ပိုင်းမှာလည်း စုံစမ်းခြင်းတွေအများကြီးခံရမှာပဲ။ ဒါပေမဲ့ ဘုရားသခင်ဟာ ကျွန်မအနားမှာရှိပြီး ကျွန်မကိုအကာအကွယ် ခွန်အားပေးနေတဲ့အတွက် နှောင့်ယှက်ခြင်းတွေကို ခံနိုင်ရည်ရှိလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ထို့အတူပဲ အသက်တာမှာ စုံစမ်းနှောင့်ယှက်ခြင်းတွေ မခံမရပ်နိုင်တဲ့အခြေအနေတွေကြုံတွေ့ရတိုင်း ဘုရားသခင်တစ်ပါးတည်းသာ အားကိုးရာခွန်အား၊ ဒိုင်းလွှားအကာအကွယ်ဖြစ်တယ်ဆိုတာကို ခံယူထားပြီး အတူတကွကြိုးစားလျှောက်လှမ်းကြပါစို့ . . ။

နော်မြတ်ဆုမွန် (B.Th I)

# "ငါသည် သင်တို့ကိုရွေးကောက်သဖြင့် . . ."

နော်မေဖော

ရှေးဦးစွာဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ဘယ်လိုကျမ်းစာကျောင်းရောက်လာတယ်ဆိုတဲ့ အကြောင်း အနည်းငယ်သက်သေခံချင်ပါတယ်။

ကျွန်မဒီကျမ်းစာကျောင်းတက်ဖို့ တစ်ခါမှ စိတ်မကူးမိဘူး။ ဆရာတွေ၊ အမေတို့က ကျမ်းစာကျောင်းတက်ဖို့ ပြောပေမဲ့ ကျွန်မအမြဲတမ်းမတက်ချင်ဘူးဆိုပြီး ငြင်းခဲ့တယ်။ တစ်နေ့တော့ ကျွန်မတို့ဘုရားကျောင်းမှာ Sunday School သင်မယ့်သူက လိုအပ်နေလို့ ကလေးတွေကို Sunday School သင်ဖို့ ကျွန်မကို လာပြောတယ်။ ကျွန်မတစ်ခါမှ မသင်ဘူးတော့ တအားလန့်ပြီး မသွားချင်ဘူး။ အမေကလည်း "သွား" က ကျွန်မကျကျ အောင်အောင် မတက်တော့ဘူးလို့ပြောလိုက်တယ်။ ဘီးရှော့ကတော့ စိတ်ဓာတ်မကျဘို့ အမြဲတမ်းပြောတယ်။ ကျွန်မ လုံးဝမတက်တော့ဘူးလို့ဆုံးဖြတ်ထားတဲ့နောက် ရန်ကုန်ကဖုန်းလာတယ်။ မင်းစာမေးပွဲအောင်တယ်ဆိုပြီး ပြောလိုက်တယ်။ ကျွန်မတအား စိတ်ညစ်သွားတယ်။ အဲဒါနဲ့ မိုးညင်းပြန်သွားတယ်။ အိမ်ရောက်တော့ ကျွန်မစာမေးပွဲအောင်တဲ့အကြောင်း ကြိုသိပြီးနေပြီ။ အမေတွေအမတွေက ကျောင်းတက်ရင်လိုမယ့်ပစ္စည်းတွေ အကုန်အဆင်သင့်လုပ်ထားပေးတယ်။ အမေ့ကိုကြည့်ပြီး ကျောင်းမတက်ချင်တဲ့အကြောင်းမပြောရတော့ဘူး။ စိတ်ထဲကလုံးဝ သွားမတက်ချင်တော့ဘူး။ တခြားအလုပ်ပဲလုပ်တော့မယ်ဆိုပြီးဖြစ်နေချိန်ဆိုပြီး ကျွန်မကိုပြောလာတယ်။ အဲဒါနဲ့ ကျွန်မဘုရားဆုတောင်းပြီးသွားသင်ခဲ့တယ်။ ကျွန်မစဉ်း စားမိတယ်။ ငါဒီကျမ်းစာနည်းနည်းလေးသိတာနဲ့ သင်ပေးနေရင် ကလေးတွေဘာမှနားလည်မှာလည်းမဟုတ်ဘူး။ ငါလည်းကျမ်းစာတွေပိုသိရင် ကလေးတွေကို သင်တဲ့အခါ သည့်ထက်မကနားလည်အောင် ကျမ်းစာကျောင်းသွားတက်မယ်ဆိုပြီး အမေကို ကျွန်မကျမ်းစာကျောင်းတက်မယ်ဆိုပြီး ပြောတယ်။ အဲဒါနဲ့ ဝင်ခွင့်ဖြေဖို့ လျှောက်လွှာတွေတင်တယ်။ ပြီးတော့ ဝင်ခွင့်လာဖြေတယ်။ ရေးဖြေတုန်းကတော့ ဘာမှမဖြစ်ဘူး။ အင်တာဗျူးဖြေတဲ့နေ့မှာ ဆရာမေးတဲ့မေးခွန်းတွေကို ဘယ်လိုဖြေရမှန်းမသိတော့ဘူး၊ ဖြေလည်းမဖြေတတ်တော့ဘူး။ ဒါနဲ့ ကျွန်မတအားစိတ်ဓာတ်ကျပြီး ငါကျပြီဆိုပြီး ငါဒီကျမ်းစာကျောင်းဘယ်တော့မှ မတက်တော့ဘူးဆိုပြီး ဆုံးဖြတ်လိုက်တယ်။ ဝင်ခွင့်အောင်ဖို့လည်း တစ်ခါမှဆုမတောင်းတော့ဘူး။ ဒီကျမ်းစာကျောင်းတက်ချင်တဲ့စိတ်တွေလဲ ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ ကျွန်မ မန္တလေးပြန်သွားတယ်။ ရောက်တော့ ဘီးရှော့က ဖြေနိုင်လားလို့မေးတယ်။ မဖြေနိုင်ဘူး ကျွန်မကျတယ်လို့ ကျွန်မက ပြန်ပြောလိုက်တော့ ဘာမှစိတ်မပူနဲ့ မင်းအောင်မှာပါလို့ပြောတယ်။ ကျွန်မ ရန်ကုန်ကိုလာရဖို့ရက်က တရက်ထက်တရက်နီးကပ်လာပြီ။ နက်ဖြန်လို ရန်ကုန်လာမယ်ဆို ဒီနေ့မနက် အစောကြီး သင်းအုပ်ဆရာလာပြီး ကျွန်မကို ကျမ်းစာကျောင်းသွားတော့မှာဆိုတော့ အဲဒီအတွက်လာဆုတောင်းပေးပါတယ်။ ဆုမတောင်းခင် ဆရာက ကျမ်းချက်တစ်ချက် ဆရာပေးလိုက်မယ် အဲဒီကျမ်းချက်ကို မင်းတစ်သက်လုံးမှတ်ထားလို့ပြောပြီး ကျွန်မကို ရှင်ယောဟန် ၁၅း၁၆ ကိုဖတ်ခိုင်းတယ်။

ရှင်ယောဟန် ၁၅း၁၆

"သင်တို့သည် ငါ့ကိုရွေးကောက်ကြသည်မဟုတ်။ ငါသည် သင်တို့ကို ရွေးကောက်သဖြင့် သင်တို့သည်သွား၍ တည်ကြည်သောအသီးကိုသီးမည့်အကြောင်းနှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့ကို ရမည့်အကြောင်း သင်တို့ကို ငါခန့်ထား၏။"

ကျွန်မတကယ်ဘဲ ခွန်အားရရှိပါတယ်။ ဘုရားသခင်ကျွန်မကို တကယ်ရွေးကောက်တယ်ဆိုတာသိပြီး ဘုရားအမှုတော်မှာ ပါဝင်ဆက်ကပ်မယ်ဆိုပြီး ကျွန်မဟာ ဒီကျမ်းစာကျောင်းကိုရောက်ရှိလာခြင်းဖြစ်ပါတယ်။






**"ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့ အချိန်ရှိ၏။ မိုးကောင်းကင်အောက်၌ ကြံစည်သမျှ အသီးသီးတို့ကို ပြုရသော အချိန်ရှိ၏"**

(ဒေသနာ ၃း၁-၈) တွင် ခပ်သိမ်းသော အရာအတွက် သူ့အချိန်နှင့်သူ ရှိကြောင်း ဖော်ပြထားသည်။ ထိုအချိန်တို့သည် ဘုရားရှင်ကိုယ်တိုင် ခွဲခန့်မှတ်သားပေးထားသောအရာဖြစ်သည်။ ဘုရားပေးသော ထိုအချိန်ကို လွန်ဆန်လို့ မရ။ ထိုအချိန်အတွင်း လုပ်ဆောင်စရာရှိသည်ကို ထိထိမိမိ လုပ်ဆောင်ရမည်။ မပျက်ကွက်စေရ။ အကြောင်းမှာ ဘုရားသခင်သည် လူတိုင်းအား ခပ်သိမ်းသော အရာအတွက် လိုအပ်သောအချိန်ကို ပေးထားသည်။ သတ်မှတ်ထားသောအချိန်မှ ကျော်လွန်သွားလျှင် ကုန်ဆုံးသွားသောအချိန်အတွက် ဘယ်လိုမှ ရင်းစားမရနိုင်တော့ပေ။

# ရင်းစားမရနိုင်သော လက်ရှိအချိန်

ဘုန်းတော်ကြီးမာကုစောမောင်ဒို



ဘုရားသခင်က လူတိုင်းအား တူညီစွာ အချိန်ပေးထားသည်ဟုဆိုသော်လည်း သာတူညီမျှ ရှိချင်မှရှိမည်။ အမှန်တွင် ဘုရားသခင်သည် လူတိုင်းအပေါ် သာတူညီမျှ ချစ်ခြင်းမေတ္တာပြသည်ဆိုခြင်းမှာလည်း မဖြစ်နိုင်။ ဘုရားသခင်သည် လူတိုင်းကို ချစ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး သာတူညီမျှခြင်းမရှိစွာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ရရှိကြသည်။ ဥပမာအားဖြင့် ကျွန်တော်တို့ အားလုံးကို ချစ်ခြင်းမေတ္တာဖြင့် လူတစ်ယောက်က ချောကလက် တစ်တောင့်စီပေးသည် ဆိုပါစို့။ ထိုချစ်ခြင်းမေတ္တာသည် ကျွန်တော့်အတွက် ဝေဒနာသာဖြစ်သည်။ အကြောင်းမှာ ဆီးချိုသမားဖြစ်သော ကျွန်တော့်အတွက် ချောကလက်သည် မတည့်သောအစာဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်ကို အမှန်တကယ် ချစ်ခြင်းမေတ္တာရှိလျှင် ချောကလက်ပေးလို့မရ။ အခြားတစ်ခုခု ပေးရမည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦးကို သာတူညီမျှ မရှိသော ချစ်ခြင်းမေတ္တာ ပြနေခြင်းအမှုသည်ပင် သာတူညီမျှရှိသော ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော်ဖြစ်သည်။

ဘုရားသခင်ပေးသော ဆုကျေးဇူးများသည် အသုံးပြုတတ်လျှင် ကျွန်တော်တို့အတွက် ကောင်းချီးမင်္ဂလာဖြစ်၍ အသုံးမပြုတတ်လျှင် အဆိပ်အတောက်ဖြစ်လာတတ်သည်။ ထို့ကြောင့် ထိုဆုကျေးဇူးများကို ရရှိထားသောအခါ တန်ဖိုးရှိရှိ တာဝန်သိသိ အသုံးပြုရန် လိုအပ်ပါသည်။

အသင်းတော်၌ ဝတ်ပြုချိန် ဘုရားကျောင်း ခေါင်းလောင်းမထိုးမီ ငါးမိနစ် ကြိုတင်ရောက်နေသူများကို လက်ဆောင်ပေးမည်ဆိုလျှင် မရမည့်သူ အတော်များပေလိမ့်မည်။ ကျွန်တော်တို့အနေဖြင့် ဘုရားကျောင်းတက်ရခြင်းကို ကောင်းချီးမင်္ဂလာတစ်ခု အနေဖြင့် မှတ်ယူရပါမည်။ ဘုရားကျောင်းသို့ မရောက်နိုင်ခြင်းသည် ကျွန်တော်တို့၌ ဘုရားသခင် ပြင်ဆင်ပေးထားခဲ့သော ကောင်းချီးမင်္ဂလာ လက်လွှတ်ဆုံးရှုံးရသကဲ့သို့ပင်ဖြစ်သည်။ အမှန်တွင် တစ်နေရာ၌ နောက်ကျတတ်သူသည် နေရာတကာတွင် နောက်ကျတတ်ပါသည်။

တစ်ခါက ဆရာကြီးတစ်ပါးသည် ဟေဗြဲဘာသာစကားကို အချိန်သီးသန့်ထားပြီး သင်ယူရန်အချိန် မရသောကြောင့် မိမိ၏ စာသင်ချိန်တစ်ချိန်နှင့် တစ်ချိန်အကြား အားလပ်ချိန် (၁၀) မိနစ်ကို အသုံးပြု၍ ဟေဗြဲစာကို လေ့လာခဲ့ရာ နောင် (၁၀) နှစ်ကြာသောအခါ ဟေဗြဲဘာသာစကားကို မိမိကိုယ်ပိုင်ဘာသာစကားအဖြစ် ဖတ်ရှုလာနိုင်ခဲ့ဖူးသည်။ ထို့ကြောင့် အချိန်အနည်းငယ်ပဲဟုဆိုလျက် လက်လွှတ်စပယ် မဖြုန်းတီးသင့်ကြပေ။ ဘုရားသခင်သည် လူတိုင်းအား ကြိုးစားအားထုတ်မှု ရလဒ်အဖြစ် အချိန်ကို အသုံးပြုနိုင်ခွင့်ပေးထားပါသည်။

(၁ဓမ္မ ၁၅) တွင် ရှောလုဘုရင်၏ နားမထောင်ခြင်းအကြောင်းကို တွေ့ရသည်။ သူသည် ဘုရားသခင်၏ စကားကို အပြည့်အဝ နားမထောင်ခဲ့။ တစ်ဝက်တစ်ပျက်သာ နားထောင်သည်။ ထို့ကြောင့် ဘုရားသခင်၏ ငြင်းပယ်ခြင်းကို ရှောလုဘုရင်ခံရသည်။ ထိုအချိန်တွင် သူသည် နောင်တရလျက် ပြန်၍နားထောင်ရန် အချိန်ကို ပြန်ရလိုပေလိမ့်မည်။ သို့သော် လွန်သွားပြီးသော အချိန်ကို သူ ပြန်မရနိုင်တော့ပေ။

အမှန်တွင် ရှောလုသည် ဘုရားသခင်ကို လျှော်ဒါန်းမှု ဇော်နိုင်ရန် ဘုရားသခင်စကား နားမထောင်ခဲ့ခြင်းသာဖြစ်သည်။ သို့သော် ဘုရားသခင် လက်မခံပေ။ "ယဇ်ပူဇော်ခြင်းအမှုထက် နားထောင်ခြင်းကိုသာ အလိုရှိ၏" ဟု မိန့်တော်မူသည်။ သင်သည် ငါ့စကားကို အပြည့်အဝ နားမထောင်သောကြောင့် သင့်ကို ငါငြင်းပယ်ပြီ ဟု မိန့်တော်မူသည်။ တခဏ နားမထောင်ခဲ့သောအချိန်အတွက် အဖိုးအခကို ကြီးမားစွာ ပေးဆပ်ခဲ့ရသည်။

ထို့ကြောင့် ကျွန်တော်တို့၏ အသက်တာ၌ တစ်ဝက်တစ်ပျက်ပဲ ကျက်တဲ့ (Half-baked) မျိုး မဖြစ်ဖို့ လိုပါသည်။ မိမိတစ်ယောက်တည်းသာ လုပ်နိုင်သည်။ ထိုက်တန်သည်ဟူ၍လည်း သွေးနထင် မရောက်သင့်။ ဘုရားသခင်သည် ငါကြွားတတ်သော သင့်ကို ပယ်၍ အခြားတစ်ဦးကို အချိန်မရွေး သင့်အစား ရွေးချယ်နိုင်သည်။ ထိုသို့ဖြစ်လျှင် အဘယ်မျှလောက် ခါးသီးဖွယ်ဖြစ်မည်နည်း။

ထို့ကြောင့် "ယခုပင်လျှင် ကယ်တင်တော်မူသော နေ့ရက်ဖြစ်၏" ဟု ကျမ်းစာတော်က ဖော်ပြသည့်အတိုင်း အရာရာ၌ အချိန်နှင့် တစ်ပြေးညီ ကြိုးစားအားထုတ်ဖို့လိုသည်။ နောက်မှပဲ ကြိုးစားမည် (သို့မဟုတ်) နောက်မှပဲ နာခံမည်။ ယခုတော့ ကိုယ့်စိတ်ကြိုက် နေလိုက်ဦးမည်ဟူ၍ ခံယူလုပ်ဆောင်လျှင် ခါးသီးသော ရလဒ်ကို ကြုံတွေ့ရတတ်သည်။

သို့ဖြစ်၍ ကျေးဇူးတော်နှင့် ကရုဏာတော်အားဖြင့် ယခုရရှိသော အချိန်ကာလအတွင်း ၌ လှုံ့လ ဝီရိယဖြင့် ဘုရားသခင်၏ အလိုတော်အတိုင်း နာခံလိုက်လျှောက် ကြိုးစားအားထုတ်ကြပါစို့ဟု တိုက်တွန်းပါသည်။

ဘုန်းတော်ကြီး မာကုစောမောင်ဒို



# ငါးမိနစ်ဆုတောင်းချိန်အတွက် အကြံပြုချက်

သက်တောင့်သက်သာငြိမ်သက်စွာထိုင်ပြီး မျက်စိကို မှိတ်ထားလိုက်ပါ။ ထို့နောက် -

သင်သည် ထာဝရဘုရားသခင်အားမေ့နေသောအချိန်များတွင်လည်း အဖဘုရားသည် သင့်အားဘယ်တော့မှမမေ့၊ သင့်နှင့်အတူ အမြဲရှိသည်။ ယခုလည်း သင့်နားမှာရှိနေသည်ကို သတိပြုလိုက်ပါ။

ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သင်ဘယ်အခြေအနေမျိုးဘဲရောက်ရောက် မည်ကဲ့သို့ပင်ဖြစ်နေဖြစ်နေ ဘယ်သောအခါမှ ပျက်ပြယ်ခြင်းမရှိ၊ ယခုလည်း သူ၏မေတ္တာဖြင့် သင့်အားလွှမ်းခြုံရစ်ပတ်ထားသည်ကို ခံစားကြည့်လိုက်ပါ။

၁။ သင်၏အမှားများနှင့် အားနည်းချက်များကို သိမြင်သုံးသပ်နားလည်အောင်ရှုပြီးနောက်-

"အိုအဖဘုရား ကျွန်ုပ်၏အပြစ်များနှင့် အားနည်းချက်များကို ခွင့်လွှတ်တော်မူပါ" ဟုဆိုပါ။

၂။ သင့်မိသားစုနှင့် သင်မြတ်နိုးသောသူများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် သင်ချစ်၍မွေးထားသော တိရစ္ဆာန်များအကြောင်း စဉ်းစားပြီးနောက်

"အရှင်ဘုရား သူတို့အားကောင်းကြီးမင်္ဂလာကြွယ်ဝစွာ ချပေးသနား၍ ဘေးရန်ဒုက္ခအမျိုးမျိုးတို့မှ ကွယ်ကာစောင့်မတော်မူပါ" ဟုဆိုပါ။

၃။ ကွယ်လွန်သေဆုံးပြီးသော မိဘ၊ ဆွေမျိုး၊ ဆရာသမားများကို သတိရလိုက်ပါ။ သူတို့ နှင့်တွေ့ဆုံ၊ သိကျွမ်း၊ ချစ်ခင်ခဲ့ရသော အခွင့်အရေးအတွက်လည်းကောင်း၊ သူတို့၏အသက်တာအတွက်လည်းကောင်း၊ ဘုရားရှင်အားကျေးဇူးတင်ပြီးသည့်နောက် -

"အို ထာဝရဘုရား သူတို့၏ဝိညာဉ်အား ငြိမ်သက်ခြင်းရစေရန် ကိုယ်တော့်ထံအပ်နှံပါ၏" ဟုဆိုပါ။

၄။ အသက်သခင်ကျေးဇူးရှင်အား သင့်နှလုံးသားကိုဖွင့်ဟ၍ ပွင့်ပွင့်လင်းလင်း စကားပြောလိုက်ပါ။ သင်၏အခက်အခဲများ၊ ပူပင်စိုးရိမ်နေရသောအကြောင်းအရာများသာမက သင်ပျော်ရွှင်မှုရခဲ့သော အချိန်နှင့် အကြောင်းအရာအဖြစ်အပျက်အားလုံးကို ပြောပြပြီးနောက် -

"အိုအဖ ဤတစ်နေ့တာအတွက် ကျေးဇူးကြီးလှပါပေ၏။ ယခုနှင့် နောင်ကာလများတွင်လည်း ကျွန်ုပ်နှင့်အတူ အစဉ်အမြဲရှိတော်မူပါဘုရား၊ အာမင်" ဟုဆိုပါ။

မျက်လုံးကိုဖွင့်၍ ဖြေးညှင်းစွာထလိုက်ပါ။

သင်သည် တစ်နေ့တာလုပ်ငန်းဆောင်တာအဝဝကို စိတ်ပေါ့ပါးပျော်ရွှင်စွာထမ်းဆောင်နိုင်မည့်အပြင် ထာဝရဘုရားသခင်နှင့်ပို၍ နီးကပ်စွာနေနိုင်သည်ကိုလည်း ခံစားရပါလိမ့်မည်။

ဤငါးမိနစ်ဆုတောင်းခြင်းကို ယုံကြည်ခြင်းအပြည့်နှင့် စမ်းသပ်ကြည့်ပါ။ အဖဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့် ကျေးဇူးတော်ကို ခံစားရမည်မှာသေချာပါသည်။

ဖတ်ရှုကျင့်သုံးသူတိုင်း ဝိညာဉ်ခွန်အားရကြပါစေ။

မေတ္တာစေတနာဖြင့်
စီစီလီယာဒီရမ်း

မှတ်ချက်။ ။ အင်္ဂလန်နိုင်ငံ ဆောလ်(စ်)ဘရီမြို့ရှိ စိန့်သောမတ်(စ်) ဘုရားကျောင်းမှ ဆုတောင်းချက်များကို မှီငြမ်းထားပါသည်။

# သာသနာပိုင်ချုပ်ကြီးရှမွေလစံစီဌေး

## နှင့်

# တွေ့ဆုံစကားပြောခြင်း

---

၂၀ ရာစုအဝင်မှာ
မြန်မာပြည်အင်္ဂလိကန်အသင်းတော်ကြီးကို
အစေခံဦးဆောင်ဖို့ တာဝန်အပ်နှင်းခံရတဲ့
သာသနာပိုင်ချုပ်နဲ့ အခုလိုတွေ့ဆုံစကားပြောခွင့် ရရှိခဲ့ပါတယ်။

---



■ သာသနာပိုင်ချုပ်ကြီးခင်ဗျား၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ကြီးရဲ့လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ဘယ်လိုရှုမြင်သုံးသပ်မိပါသလဲ။

ပစ္စည်း၊ ဘဏ္ဍာ၊ အင်အားကတော့ အားရစရာပါဘဲ။ သာသနာပိုင်နယ် (၆) နယ်ဖြစ်လာလို့ ဝေးနေသယောင်ထင်ရပေမဲ့ အံ့စဉ်အလာ အမွေအနှစ်ဝတ်ပြုကိုးကွယ်ခြင်းများနှင့် ဘုရားကိုဦးထိပ်ထားပြီး ချစ်နေသမျှတော့ "သိုးအုပ်တစ်အုပ် သိုးထိန်းတပါး" ဆိုတဲ့ ပြယုဂ်ဟာ ပေါ်လွင်နေဆဲပဲလို့သုံးသပ်မိပါတယ်။

■ သာသနာပိုင်ချုပ်ကြီးခင်ဗျား၊ ၂၁ရာစု ထဲသို့ဝင်ရောက်လာတဲ့အချိန်မှာ အဘက်ဘက်ကဖြစ်ပေါ်တိုးတက်မှုတွေ အပြောင်းအလဲတွေနဲ့ များစွာရင်ဆိုင်ကြုံတွေ့စရာရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သာသနာပိုင်ချုပ်ကြီးအနေနဲ့ အသင်းတော်ကြီးကိုဘယ်လိုရှုပါရဲ၊ လမ်းကြောင်းမျိုးနဲ့ ပဲ့ကိုင်ခေါ်ဆောင်သွားဖို့ မျှော်မှန်းထားပါသလဲ။

အဓိကဖြစ်တာက လူပါပဲ။ အသင်းတော်ကိုဖွဲ့စည်းထားတဲ့ ခရစ်ယာန်တွေပါပဲ။ ထူးထူးခြားခြားဖန်ဆင်းထားပြီး အံ့သြဖွယ်ရာကောင်းလောက်အောင်ရွေးချယ်ခြင်းခံရတဲ့ လူစုလူဝေးကို ဘုရားက ဘယ်တော့မှအကျိုးနည်းအောင် ကြံစည်တာမရှိပါ၊ အနာဂတ်အကျိုးနဲ့ ငြိမ်သက်ချမ်းသာမှုရှိဖို့ပဲလိုလားတာကြောင့် (ယေရမိ ၂၉း၁၁-၁၃)။ သူပဲ့ကိုင်ရာကို နှိမ့်ချစွာ၊ သစ္စာရှိစွာ၊ ဇွဲနပဲကြီးစွာနဲ့ လိုက်လျှောက်ရမှာပါပဲ။

■ လက်ရှိအသင်းတော်ရဲ့လုပ်ငန်းတွေမှာ အခြားသော သာသနာပိုင်ချုပ်နယ်များရဲ့ လက်တွဲပံ့ပိုးမှုအတော်လေးဖွံ့ဖြိုးလာတာကို တွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သာသနာပိုင်ချုပ်ကြီးအနေနဲ့ အင်္ဂလိကန်သဟာယအတွင်းရှိ အခြားသော သာသနာပိုင်ချုပ်နယ်များနှင့် လက်တွဲဆောင်ရွက်မှု အခန်းကဏ္ဍသစ်များ တိုးချဲ့ဖို့ရှိပါသလား။ သိပါရစေခင်ဗျား။

အခန်းကဏ္ဍသစ်တိုးချဲ့ဖို့ထက် ရှိနေတဲ့၊ ပေါ်နေတဲ့ အခွင့်အလမ်းတွေကို ပြည့်မှီအောင်လိုက်ပါဖို့အားလုံးက ဝိုင်းဝန်းရမှာဖြစ်ပါတယ်။ ဓမ္မပညာအခန်းကဏ္ဍသာမက လောကဆိုင်ရာအမြင်တွေလည်း ဖွံ့ဖြိုးလာဖို့အားစိုက်သင့်တယ်လို့ မြင်ပါတယ်။ နောက်ပြီး အင်အားရှိသလောက် တာဝန်ခံ၊ တာဝန်ယူနိုင်တဲ့ အခန်းကဏ္ဍကို ယူသင့်ပြီလို့ထင်ပါတယ်။

■ အမျိုးသမီးများကို သိက္ခာမင်္ဂလာပေးခြင်းနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အနေနဲ့ ၁၉၇၃ ကတည်းက မူအားဖြင့် သဘောတူထားပြီးဖြစ်ပါတယ်။ ဒီကိစ္စကို သာသနာပိုင်ချုပ်ကြီးအနေနဲ့ ဘယ်လိုရှုမြင်ပါသလဲ။ အမျိုးသမီးများရဲ့ အမှုတော်ဆောင်ခြင်းအခန်းကဏ္ဍတိုးတက်ဖွံ့ဖြိုးလာအောင် ဘယ်လိုရှုပါရုံများရှိပါသလဲခင်ဗျာ။

၂၈ နှစ်အတွင်းမှာ အသင်းတော်အနေနဲ့ ပြင်ဆင်မှုတွေအတော်အတန်ပြုလုပ်နိုင်ပါတယ်။ အမျိုးသမီးတွေ ပိုမိုဆက်ကပ်လာတာတွေ့ရတော့ အလားအလာကောင်းတယ်လို့ ခံယူပါတယ်။ အမှုတော်ဆောင်ခြင်းကဏ္ဍအမျိုးမျိုးတွေမှာ အမျိုးသမီးများ ပြည့်ပြည့်ဝဝပါဝင်လာနိုင်အောင်ပြင်ဆင်ပေးရပါ့မယ်။ ဖြစ်နိုင်ချေရှိ မရှိဆိုတာ အမျိုးသမီးများပဲဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အရှင်ခရစ်တော်ရဲ့ ကိုယ်ခန္ဓာဖြစ်တဲ့ အသင်းတော်ရှင်သန်ကြီးထွားဖို့ ဝိုင်းဝန်းပံ့ပိုးလာသူကို မဆီးတားမိဖို့ သတိပြုရမှာဖြစ်ပါတယ်။

■ အသင်းတော်မှာ သာမန်အသင်းသား (lay man) များရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး သာသနာပိုင်ချုပ်ကြီးရဲ့အမြင်ကို သိပါရစေခင်ဗျား။

ကွယ်လွန်သွားပြီးတဲ့ သာသနာပိုင်ချုပ် ဖရန်စစ်အာမြလက်ထက်ကစပြီး ဓမ္မပညာ၊ လူငယ်၊ မိခင်၊ ယောကျ်ားကဏ္ဍများကို ပီပီပြင်ပြင်ခြေချခဲ့ပြီးဖြစ်ပါတယ်။ အဖွဲ့အစည်းထက်၊ သာမန်အသင်းသားများ အမှုဆောင်ခြင်းမှာ တိုးတက်အားကြီးပြီး၊ အသင်းတော်တည်ဆောက်မှုကို အထောက်အကူပြုဖို့ပဲဖြစ်ပါတယ်။ တပည့်တော်များရဲ့ လောကဆိုင်ရာတတ်သိမှုက ဘုန်းတော်ကြီးများထက် များစွာသာလွန်နေပါပြီ။ အဖွဲ့အစည်းအနေနှင့် သော်လည်းကောင်း၊ အသင်းတော်လုပ်ငန်းများမှာ သော်လည်းကောင်း တင်းပြည့်ကျပ်ပြည့်ပါဝင်လာနိုင်အောင် အားပေးရမှာပါ။ အသင်းတော်ဆိုတာ အမှုတော်ဆောင်နဲ့ အသင်းသားများပါဝင်တဲ့အဖွဲ့အစည်းဖြစ်တယ်ဆိုတာ သတိမူနေသရွေ့ ယုံကြည်သူတိုင်းအခန်းကဏ္ဍရှိပါလိမ့်မယ်။

■ သာသနာပိုင်ချုပ်ကြီးခင်ဗျား၊ အခုဆိုရင် ဧဝံဂေလိဆယ်စုနှစ်ဆိုတဲ့ အချိန်ကာလတစ်ခုလွန်မြောက်ခဲ့ပါပြီ။ ဒီဆယ်စုနှစ် လှုပ်ရှားမှုကို သာသနာပိုင်ချုပ်ကြီးအနေနဲ့ ဘယ်လိုသုံးသပ်လိုပါသလဲ။ ရှေ့ဆက်ပြီးအသင်းတော်ရဲ့ သာသနာပြုခြင်းနှင့် ဧဝံဂေလိလုပ်ငန်းအတွက် ဘယ်လိုရှုပါရုံတွေထားရှိပါသလဲ။

သွားပါ၊ သင်ပါ၊ သိမ်းပါဆိုတဲ့ ရည်မှန်းချက်က အရှင်ဘုရားရဲ့အလိုတော်နဲ့ အလွန်ကိုက်ညီပါတယ်။ ဆယ်စုနှစ်မှာ အင်အားရှိသရွေ့ ဘုရားသခင်လမ်းဖွင့်သရွေ့တော့ အားထုတ်ခဲ့ကြပါတယ်။ ဝေမျှတဲ့နေရာမှာ အပေါ်စီးသဘောမျိုးနဲ့ ဟောပြောတာလွန်ကဲသွားသလားလို့ပါ။ ကောင်းသောသတင်းဆိုတာ ကြားရသူတိုင်းရဲ့စိတ်နှလုံးကို နှစ်သိမ့်အားရ ရွှင်လန်းစေဖို့ပဲဖြစ်ရမှာပါ။ ဓမ္မသဘောအရ စုံလင်ခြင်းဆိုတာ ရှေ့တော်ကျမှသာရှိနိုင်မှာမို့ ဆန္ဒလွန်ကဲမှုမဖြစ်သင့်ပါဘူး။ ရှေ့အတွက်တော့ အမြင်သစ်ရှိစေချင်တယ်။ ကမ္ဘာလောကကြီးတစ်ခုလုံးကို ဘုရားသခင်ပိုင်ပါတယ်။ ဘုရားသခင်ရဲ့အလိုနဲ့ညီအောင် သားတော်ဘုရားက အသက်စွန့်ပြီးပြုပြင်ထားပြီးသားပါပဲ၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားအမအစကို သည်းခံစိတ်ရှည်ပြီး စောင့်စားဖို့လိုပါတယ်။

■ အင်္ဂလိကန်ဝါဒ (Anglicanism) နဲ့ပတ်သက်ပြီး သာသနာပိုင်ချုပ်ကြီးရဲ့အမြင်၊ ခံယူချက်ကိုသိပါရစေခင်ဗျား။

အင်္ဂလိကန်ဝါဒဆိုတာ ရှေ့အသင်းတော်ကြီးမှ ထိန်းသိမ်းလာတဲ့အစဉ်အလာ အမွေအနှစ်တွေပါပဲ။ ကောင်းတာလည်းရှိ၊ သမိုင်းခေတ်နှင့်မညီတော့တာလည်း ရှိနိုင်ပါတယ်။ ဆောက်တည်စေတာဆိုရင် ဆက်ပြီးခံယူရမှာပါပဲ။ အင်္ဂလိကန်အသင်းတော်ဆိုတာ တစ်ပါးတည်း၊ သန့်ရှင်း၍ တမန်တော်တို့မှ ဆက်နွယ်ပြီး၊ ကာသိုလစ်အသင်းတော်ရဲ့ တစ်စိပ်တစ်ဒေသသာဖြစ်တဲ့အတွက် ပြီးပြည့်စုံနေတယ်လို့ မခံယူသင့်ဘူးထင်ပါတယ်။ အင်္ဂလိကန်သမိုင်းစဉ်အရ အကောင်းအဆိုးဆိုတာ ဒွန်တွဲနေတာပဲ။ ဘုရားသခင်ရဲ့ကျေးဇူးတော်က ပတ်စည်းထားလို့သာ တည်မြဲနေတာဖြစ်ပါတယ်။

■ သာသနာပိုင်ချုပ်ကြီးခင်ဗျား အမှုတော်ဆောင်ဖို့ ပြင်ဆင်ရည်ရွယ်နေတဲ့ လူငယ်မောင်မယ်များကို ဘယ်လိုတိုက်တွန်းနှိုးဆော်လိုပါသလဲခင်ဗျား။

(၁) ဘုရားသခင်ခေါ်လို့ ကျမ်းစာကျောင်းရောက်လာတဲ့အတွက် ဝမ်းသာကျေးဇူးတော်ချီးမွမ်းရပါမယ်။

(၂) ဘုရားသခင် ရွေးကောက်လျှင် အဆုံးတိုင်မစနိုင်တယ်ဆိုတာ ယုံကြည်ဖို့။

(၃) ဘုရားသခင်ရဲ့ အသုံးကိုခံယူမယ်ဆိုရင် မဖြစ်နိုင်တာမရှိပါဘူး။

(၄) တမန်တော်များမှာ အားနည်းမှုအမျိုးမျိုးရှိပေမဲ့၊ အရှင်ခရစ်တော်က ယုံကြည်စိတ်ချစွာနဲ့ အသင်းတော်ကိုအပ်နှံတဲ့အခါမှာ သာသနာတော်ပြန့်ပွားသလိုပဲ၊ လူငယ်မောင်မယ်များကို ဘုရားရှင်က အားကိုးနေပါတယ်။

(၅) အဆုံးတိုင်တည်ကြည်တဲ့အသီးသီးနိုင်လျှင် အတိုင်းထက်အလွန်ပါပဲ။

■ ယခုလိုမျိုး အင်မတန်မှမအားလပ်တဲ့ကြားက အချိန်ယူဖြေကြားပေးတဲ့အတွက် ကျွန်တော်တို့ ရှာလုမ်မဂ္ဂဇင်းအနေနဲ့ အထူးကျေးဇူးတင်ဂုဏ်ယူမိပါတယ်။ နောက်ဆုံးအနေနဲ့ ဒီရှာလုမ်စာမျက်နှာပေါ် ကတစ်ဆင့် သာသနာပိုင်ချုပ်ကြီး မိန့်ကြားလိုတာသိပါရစေ။

"အချင်းချင်း ချစ်ခြင်းမေတ္တာမှတစ်ပါး၊ အဘယ်ကြွေးမျှ မတင်စေနှင့်" (ရောမ ၁၃း၈) လို့ မှာချင်ပါတယ်။

ဘုရားရှင်၌အစဉ်ရွှင်လန်းနိုင်ကြပါစေ . . .။

၂၃. ၇. ၀၁ (၃း၅၄) နာရီ

သာသနာပိုင်ချုပ်ရုံး


သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ စီမံကွပ်ကဲရေး ဘုတ်အဖွဲ့
နှင့်
စီမံအုပ်ချုပ်ရေးကော်မတီ အပါအဝင်

အဘက်ဘက်မှ လှူဒါန်း ကူညီကြသူများ၊
ဝိုင်းဝန်းပံ့ပိုးဆုတောင်းပေးကြသူများ၊
အသီးသီးအား၊

အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း




# မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာဦးစမစ်ငုလ်ဇထောင်း နှင့် တွေ့ဆုံစကားပြောခြင်း



အမ်စီစီအထွေထွေအတွင်းရေးမှူးသစ်ဖြစ်လာတဲ့ သိက္ခာတော်ရ ဆရာဦးစမစ်ငုလ်ဇထောင်းနဲ့ (၈၊ ၈၊ ၂၀၀၁) နေ့က ပြည်လမ်းရှိ MESC အဆောက်အဦက သူ့ရုံးခန်းမှာ အခုလို တွေ့ဆုံစကားပြောခွင့် ရရှိခဲ့ပါတယ်။

● မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ အထွေထွေအတွင်းရေးမှူးအဖြစ်ရွေးချယ်ခြင်းအတွက် ဆရာ့အနေဖြင့် မည်သို့ခံစားမိသလဲ။
သိပါရစေခင်ဗျား။

☐ MCC- GS လိုကြီးမားတဲ့ သာသနာ့တာဝန်အတွက်တော့ ဘယ်တုန်းကမှ အိပ်မက်မမက်ခဲ့ဖူးဘူး။ ကိုယ့်ရဲ့ကျောထောက်နောက်ခံ ဘာမှမရှိဘူး။ လူသာမာန်ရဲ့ခံစားမှုပါပဲ။ အမှန်အတိုင်းပြောရရင် ထိုက်တန်တယ်လို့တော့မယူဆဘူး။ တစ်ဖက်က MCC ဝန်ထမ်းတစ်ဦးအနေနဲ့ အောက်သက်ကျေလာခဲ့တဲ့အတွက် လုပ်ငန်းအနေနဲ့ မစိမ်းပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် Ecumenical လုပ်ငန်းဖြစ်တဲ့အတွက် ကိုယ့်ရဲ့ခံယူချက်နဲ့ လုပ်ကိုင်ချင်တဲ့ဆန္ဒကတော့ အပြည့်အဝရှိပါတယ်။ သို့သော် ဒီတာဝန်ရှိလူကြီးများရဲ့ အဘက်ဘက်ကစဉ်းစားပြောဆိုလာတဲ့အခါ ကိုယ့်ရဲ့ထိုက်တန်မှုကြောင့်မဟုတ်၊ ဘုရားသခင်စေခိုင်းတယ်၊ တာဝန်ပေးတယ်လို့ခံယူပြီးတော့ ဘုရားသခင်နဲ့ အသင်းတော်ခေါင်းဆောင်များတို့ရဲ့ဝိုင်းဝန်းကူညီဖေးမမှုကို အားကိုးပြီးတော့မှလက်ခံလိုက်ခြင်းဖြစ်ပါတယ်။

● လက်ရှိခေတ်အခြေအနေအချိန်အခါအနေအထားတွင် အသင်းတော်များရင်ဆိုင်နေရသော ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် MCC ၏အခန်းကဏ္ဍနဲ့ပါတ်သက်၍ မည်သို့ရှုမြင်သုံးသပ်ပါသလဲခင်ဗျား။

☐ MCC အနေနဲ့ စုပေါင်းမိတ်သဟာယအဖွဲ့အစည်းဖြစ်တဲ့အတွက် စုပေါင်းညှိနှိုင်းဆောင်ရွက်တဲ့အဖွဲ့အစည်းဖြစ်တယ်။ တစ်ဦးတစ်ယောက်ကောင်းနဲ့လုပ်လို့မရဘူး။ မူအရရော လက်တွေ့အရရော MCC အနေနဲ့ တာဝန်ရှိတဲ့အသင်းတော်ကိုယ်စားလှယ်ခေါင်းဆောင်များ၏ စုပေါင်းညှိနှိုင်းဆုံးဖြတ်တဲ့အတိုင်း ရပ်တည်ဆောင်ရွက်ရတယ်။ ရုံးတာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ အသင်းတော်ခေါင်းဆောင်များစုပေါင်းညှိနှိုင်းတာကို အကောင်အထည်ဖော်ရတာဖြစ်တယ်။ တစ်ဖက်က လူပုဂ္ဂိုလ်တစ်ဦးရဲ့ ကိုယ်ရဲ့ပင်ကိုယ်စိတ်ရင်းသဘောအရဆိုရင်တော့ လက်ရှိတိုင်းပြည်အခြေအနေနဲ့ အသင်းတော်အခြေအနေမှာ အဓိကလိုအပ်ချက်ဟာ ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပဲလို့ခံယူတယ်။ တခြားလိုအပ်ချက်တွေ ပြဿနာတွေဟာ ဒီကိစ္စနဲ့ဆက်နွယ်တဲ့အကြောင်းအရာတွေပဲလို့ခံယူတယ်။ ဒါကြောင့် ဒီ MCC အနေနဲ့ ဘုရားသခင်ပေးတဲ့ရူပါရုံနဲ့ ခွန်အား အားဖြင့် ဒီပြန်လည်သင့်မြတ်ခြင်းနဲ့ သင့်မြတ်ရေး၊ အသင်းတော် အတိုင်းအတာမှာဖြစ်စေ၊ နိုင်ငံအတိုင်းအတာမှာဖြစ်စေ ထိရောက်စွာဆောင်ရွက်နိုင်ဖို့တာဝန်ရှိတယ်လို့ပဲခံယူပါတယ်။ ●

လူငယ်ဆိုတာ အသင်းတော်ကြီးရဲ့ အသီးအပွင့်ပါ။ လူငယ်တွေရဲ့ တက်ကြွတဲ့ပါဝင်မှု မရှိခဲ့ရင် အသင်းတော်ရဲ့ မနက်ဖြန်ဆိုတာ မတောက်ပနိုင်ပါဘူး။အဲဒီတော့ လူငယ်တွေရဲ့ အသံကိုလည်း ပြန်နားထောင်ကြည့်ဖို့ ဆန္ဒရှိစေချင်ပါတယ်။ အဲဒီ ရည်ရွယ်ချက်နဲ့ပဲ လူငယ်ထဲက လူငယ်တစ်ယောက်ဖြစ်တဲ့ ဒေါက်တာခင်ဆက်လင်းနဲ့ တွေ့ဆုံစကားပြောဖြစ်ခဲ့ပါတယ်။

# ဒေါက်တာခင်ဆက်လင်း နှင့် တွေ့ဆုံစကားပြောခြင်း



မအားလပ်သည့်ကြားမှ အသင်းတော်လုပ်ငန်းတွေမှာ တတ် အားသရွေ့ပါဝင်ဆက်ကပ်လုပ်ဆောင်နေတာကိုတွေ့နေ ကြားနေရပါတယ်။ ဘယ်လိုခံယူချက်နှင့် ပါဝင်ဆက်ကပ်နေခြင်းပါလဲ?

ကျွန်မဟာ ခရစ်ယာန်တစ်ယောက်ဖြစ်လို့ပါ။ ခရစ်ယာန်တစ်ယောက်ရဲ့အသက်တာမှာ ဘုရားသခင်နဲ့ မိတ်သဟာရပြုခြင်းဟာ အရေးကြီးဆုံးပါဘဲ။ ဘုရားသခင်ထံက ဝိညာဉ်ခွန်အားတွေကိုရရှိပြီးမှ သူပေးသနားထားတဲ့လောကအသက်တာမှာ ဘယ်လိုလျှောက်လှမ်းရမလဲဆိုတာ နားလည်ခံယူနိုင်မှာပါ။

ဒီနေ့အသင်းတော်ရဲ့ လူငယ်လှုပ်ရှားမှုတွေကို လူငယ်တစ်ယောက်အနေနဲ့ ဘယ်လိုမြင်တွေ့ခံစားရပါသလဲ၊ အခုပုံစံအတိုင်းဆက်သွားလို့ရသေးတယ် ဒါမှမဟုတ် တစ်ခုခု ပြုပြင်ပြောင်းလဲသင့်တာတွေရှိလာတယ်လို့ ခံစားမိပါသလား?

လူငယ်တွေကြိုးစားနေကြပါတယ်။ လူငယ့်ခေါင်းဆောင်တွေကလဲ အစီအစဉ်အမျိုးမျိုးနဲ့ လူငယ်တွေရဲ့ဝိညာဉ်ရေး၊ လူမှုရေးတိုးတက်ဖို့ဆောင်ရွက်နေကြပါတယ်။ ဒီထက်ပိုပြီး လူငယ်တွေအနေနဲ့ ကိုယ်ရရှိထားတဲ့ကယ်တင်ခြင်းနဲ့ ဆုကျေးဇူးတွေကို တခြားသူတွေကိုမရှက်မကြောက်ဘဲ ဝေမျှနိုင်ဖို့ အချင်းချင်းအားပေးတိုက်တွန်းကြမယ်၊ လူငယ်ခေါင်းဆောင်တွေကလဲ ပိုမိုကောင်းမွန်တဲ့အစီအစဉ်တွေနဲ့ ကူညီကြမယ်ဆိုရင် သစ္စာရှိတဲ့ငယ်သားကောင်းတွေဖြစ်လာမှာပါ။

ငယ်ဘဝမှာ ဒိုက်ဗွဒီယိုဇာတ်လမ်းမှာ အဓိကဇာတ်ဆောင်အနေနဲ့ သရုပ်ဆောင်ခဲ့ရတုန်းက ခံစားချက်ကိုအခုဘယ်လိုပြန်ပြောင်းအောက်မေ့မိပါသလဲ?

အဲဒီအချိန်တုန်းက ဘာကိုမှအထူးထူးအထွေထွေခံစားချက်မရှိခဲ့ပါဘူး။ တက္ကသိုလ်မတက်ရသေးခင်အားနေတာကတစ်ကြောင်း၊ ဒေသန္တာရဗဟုသုတရချင်တာရယ်၊ အတွေ့အကြုံသစ်တစ်ခုရတယ်လို့သဘောထားပြီး ဆရာဦးအက်ဗွက်တို့လာခေါ်တာကိုလက်ခံဖြစ်ခဲ့တာပါ။ အခုအချိန်မှာတော့ ပျော်စရာကောင်းတဲ့အတွေ့အကြုံတစ်ခုလို့ ခံစားမိပါတယ်၊

ဆယ်တန်းတုန်းမှာ ဂုဏ်ထူး (၅) ဘာသာနှင့်အောင်မြင်ပြီး ယခုလိုဆရာဝန်ဘဝရောက်လာတဲ့အချိန်အထိ ဘယ်လိုကြိုးစားအားထုတ်ခဲ့ရတယ်ဆိုတာသိပါရစေ။

### ကိုယ်ရေးအချက်အလက်

| | |
|---|---|
| အမည် | - Annabelle ခင်ဆက်လင်း |
| မွေးသက္ကရာဇ် | - 30.7.74 |
| မိဘ | - ဦးစံလင်း + ဒေါ်ဂျိုင်းလှကျော် |
| အလုပ်အကိုင် | - အလုပ်သင်ဆရာဝန် |
| အသင်းတော် | - ရှင်မိက္ခေလအသင်းတော် (ကြည့်မြင်တိုင်) |
| အသင်းတော်အတွင်း လက်ရှိတာဝန်များ | - အိမ်ထောင်စုမိတ်သဟာရအဖွဲ့ HCGခေါင်းဆောင်တစ်ဦး (လူငယ်အသင်း)<br>- လူငယ်ဗဟိုချုပ်တွင် လေ့လာရေးကော်မတီသဘာပတိ<br>- ရန်ကုန်ဗဟိုလူငယ်ဌာနတွင် ဧဝံဂေလိကော်မတီသဘာပတိ |

ကျွန်မ (၁၀) တန်းဖြေခဲ့တုန်းကတော့ တော်တော်လေးကို အေးဆေးခဲ့ပါတယ်။ စာကိုမှန်မှန်ကျက်မှတ်ပြီးတော့ ဖြေခဲ့တာပါဘဲ။ ဆေးတက္ကသိုလ်တက်တဲ့အခါမှာတော့ စာတွေများလာတာကြောင့် စာမေးပွဲနီးလာပြီဆိုရင် ပူပန်စိုးရိမ်မှုတွေဖိစီးလာတတ်ပါတယ်။ နောက်ဆုံးတော့ ကိုယ့်ဖက်ကတတ်နိုင်သမျှကျက်မှတ်ပြီးတော့ ကျန်တဲ့အပိုင်းကို ဘုရားသခင်လက်ထဲအပ်ခဲ့ရတာပါဘဲ။ အခုအချိန်မှာ ဆရာဝန်ဖြစ်လာခဲ့ရတာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်ပါဘဲ။ ကျွန်မရဲ့မိသားစုဟာလည်း ဆေးတက္ကသိုလ်တက်တဲ့တစ်လျှောက်မှာ အားပေးကူညီခဲ့ကြပါတယ်။ အထူးသဖြင့် မိခင်ရဲ့ကရုဏာကျေးဇူးတွေကြောင့် စိတ် ပူပန်ခဲ့ရတဲ့နေ့ရက်တွေကို အောင်မြင်ကျော်လွှားနိုင်ခဲ့တာ အခု လိုဆရာဝန်တစ်ယောက်ဖြစ်လာတဲ့အထိပါပဲ။

လူငယ်တွေရဲ့ဘဝလမ်းကြောင်းမှာ အောင်မြင်မှုတွေကို ဖျက်ဆီးနှောင့်ယှက်တတ်တဲ့အရာတွေက ဘာတွေလို့ခံယူထားပါသလဲ?

မာရ်နတ်ဟာ ဟောက်လျက်နေတဲ့ခြင်္သေ့လို ဘဲ ကိုက်စားမဲ့သူကို လှည့်လည်ရှာဖွေနေတယ်ဆိုတဲ့အတိုင်း နည်းမျိုးစုံနဲ့ ဖျက်ဆီးနှောင့်ယှက်နိုင်ပါတယ်။ ဥပမာ - အပျော်လွန်တာ၊ မာန်မာနကြီးလွန်းတာ၊ စိတ်ဓါတ်ကျလွယ်တာတွေပေါ့။ လူငယ်တွေဟာ ခံစားလွယ်တတ်တဲ့သူတွေဖြစ်လို့ စိတ်ဓာတ်တက်လွယ်ကျလွယ်ပါတယ်။ ကိုယ့်ရဲ့စိတ်ကို သတိနဲ့အမြဲတမ်း မထိန်းသိမ်းနိုင်တာလဲ အောင်မြင်မှုအတွက်အနှောင့်အယှက်တစ်ခုပါဘဲ။ အကောင်းဆုံးကတော့ ကိုယ့်ရဲ့စိတ်ကိုကွက်လပ်ချန်မထားဘဲ ကောင်းသောစိတ်ထား၊ နှုတ်ကပတ်တရားတော်တွေနဲ့ အမြဲဖြည့်ထားဖို့ပါဘဲ။

မိသားစုဘဝနှင့်ပတ်သက်ပြီး မိဘနှင့်သားသမီးတို့ရဲ့အပြန်အလှန်ဆက်ဆံရေး၊ ညီအစ်ကိုမောင်နှမတွေအချင်းချင်းဆက်ဆံရေးဘယ်လိုရှိသင့်ပါသလဲ?

မေတ္တာကအရေးကြီးဆုံးပါဘဲ။ ကိုယ့်ရဲ့အတ္တစိတ်နဲ့ ဖြစ်ချင်တာတွေကို ရှေ့တန်းမတင်ဘဲ၊ တစ်ဦးရဲ့ခံစားချက်ကို တစ်ဦးက အပြန်အလှန်နားလည်ကူညီပေးကြဖို့ပါဘဲ။ မိဘတွေကို သားသမီးတွေက ရိုသေလေးစားသလို၊ မိဘတွေကလည်း သားသမီးတွေအပေါ်မှာ ချစ်ခင်ကြင်နာမှုပေးရမှာပါ။ ညီအစ်ကိုမောင်နှမတွေအချင်းချင်းလဲ အပြန်အလှန်ချင်ခင်လေးစားမှုရှိသင့်ပါတယ်။

အိမ်ထောင်ပြုဖို့ရည်မှန်းထားတဲ့အခါ ကိုယ့်ရဲ့အိမ်ထောင်ဖက်အပေါ်မှာ ဘာတွေမျှော်လင့်ထားပါသလဲ? ဘယ်အရာတွေကို လိုအပ်ချက်အဖြစ်ထားပါသလဲ?

ယုံကြည်သူခရစ်ယာန်တစ်ဦးဖြစ်ရမှာပါ။ နှစ်ဦးနှစ်ဖက်မေတ္တာရှိတဲ့သူမျိုးဖြစ်ဖို့ကိုဘဲ မျှော်လင့်ပါတယ်။ အလိုတော်ကိုဝန်ခံတတ်တဲ့လူမျိုး ဖြစ်ဖို့လိုအပ်ပါတယ်။ အဲဒီလိုလူမျိုးကို ဘုရားသခင်က ထိုက်သင့်တဲ့ကောင်းချီးမင်္ဂလာတွေ ပေးမှာသေချာလို့ တခြားအရာတွေကို ပြောပြဖို့မလိုအပ်တော့ပါဘူး။

ဘဝမှာ မိဘထိန်းကျောင်းပေးတဲ့ရည်မှန်းချက်နှင့် ကိုယ်တိုင်ရွေးချယ်တဲ့ရည်မှန်းချက် - ဒီ ၂ခုမှာ ဘယ်အရာကို ဆုပ်ကိုင်သင့်ပါသလဲ? ဘာကြောင့်လဲ?

ကျွန်မရဲ့ဘဝမှာ မိဘထိန်းကျောင်းပေးတဲ့ ရည်မှန်းချက်နဲ့ ကျွန်မရဲ့ရည်မှန်းချက်ဟာ အတူတူပါဘဲ။ မတူညီတဲ့သူတွေအတွက်တော့ သေသေချာချာစဉ်းစားဖို့လိုအပ်ပါတယ်။ ဖြစ်သင့်ရဲ့လား? တစ်ယောက်ထဲအကျိုးအတွက်လား? အများအတွက်လား? အလိုတော်နဲ့ညီရဲ့လား? သေချာစဉ်းစားပြီး ဆုတောင်းလျက်ရွေးချယ်တဲ့ရည်မှန်းချက်ဘဲဖြစ်သင့်ပါတယ်။



ဆုတောင်းခြင်း၊ နှုတ်ကပတ်တော်ကို ဆင်ခြင်ခြင်း၊ ဘုရားကျောင်းသွားခြင်းတို့ဟာ လူငယ်တစ်ဦးအတွက် ဘယ်လို အရေးပါ ပါသလဲ?

လူငယ်တွေအတွက်သာမကပါဘူး။ လူသားအားလုံးအတွက် အရေးပါပါတယ်။ ကျွန်မတို့ဟာ စုံစမ်းနှောင့်ယှက်မှုများတဲ့လောကကြီးထဲမှာနေရတာပါ။ ဇာတိအားဖြင့် အားနည်းပါတယ်။ ဆုတောင်းခြင်း။ နှုတ်ကပတ်တော်ကို ဆင်ခြင်ခြင်း၊ ဘုရားကျောင်းသွားခြင်းတွေဟာ ကျွန်မတို့ရဲ့ဝိညာဉ်အသက်တာကိုအားပြည့်စေမှာဖြစ်လို့ နောက်ဆုံးသောနေ့တိုင်အောင် မရွေ့လျော့ဘဲတည်ကြည်နေနိုင်ဖို့အတွက် အလွန်အရေးပါပါတယ်။

မိမိရဲ့အသက်တာမှာ အတုယူရန်ပုံသက်သေအဖြစ်ထားတဲ့ စံပြပုဂ္ဂိုလ်တစ်ဦးဦးရှိပါသလား? ဘာကြောင့်လဲ?

လူပုဂ္ဂိုလ်တွေထဲမှာ ကျွန်မလေးစားရတဲ့သူတွေရှိပါတယ်။ ဥပမာ ဂျော့ရှ်ဝါရှင်တန်ကာဗာဆိုတဲ့ အာဖရိကန်-အမေရိကန်စိုက်ပျိုးရေးပညာရှင်လိုမျိုးပေါ့။ သိပ်ထူးချွန်တဲ့သူအနေနဲ့ ကိုယ့်ဘဝတိုးတက်ချမ်းသာရေးအတွက် လုပ်ဖို့အခွင့်အရေးတွေရှိလျက်နဲ့ သူ့ရဲ့လူမျိုးတွေအတွက် ကျောင်းငယ်လေးတစ်ခုမှာ တီထွင်စမ်းသပ်မှုတွေ အမျိုးမျိုးလုပ်ပြီး အကျိုးပြုခဲ့တဲ့ ရှားပါး ကရုဏာရှင်တစ်ယောက်ပေါ့။ ဒါပေမဲ့ ကျွန်မရဲ့အသက်တာမှာ အတုယူဖို့ပုံသက်သေအဖြစ်ထား တဲ့စံပြပုဂ္ဂိုလ်ဆိုရင်တော့ သခင်ယေရှုကိုဘဲပြောရပါမယ်။ သခင်ယေရှုတစ်ပါးတည်းသာ လောကကိုအောင်မြင်ခဲ့တဲ့အရှင်ဖြစ်ပါတယ်။ ကျွန်မတို့အသက်တာမှာ လျှောက်လှမ်းစေချင်တဲ့ပုံစံကို သူကိုယ်တိုင်ပုံသက်သေပြသွားခဲ့တာမို့လို့ သခင်ယေရှုဟာ ကျွန်မဘဝအတွက် စံပြပုဂ္ဂိုလ်ပါ။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။ နောက်ဆုံးအနေနဲ့ ရှာလုမ်စာမျက်နှာပေါ်ကနေပြီး ကျွန်တော်တို့ရဲ့ စာဖတ်ပရိသတ်ကို ပြောပြချင်တာလေး . . . ။

ကျွန်မကလည်း ရှာလုမ်ကိုကျေးဇူးတင်ပါတယ်။ ကျွန်မရရှိခဲ့တဲ့ဘုရားသခင်ဆီကကောင်းချီးမင်္ဂလာတွေကို ဝေမျှခွင့်ရလို့ပါ။ ကျွန်မလည်း လူငယ်ထဲကလူငယ်တစ်ယောက်ပါပဲ။ အသက်တာမှာ အမှားတွေနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်မကို ဘယ်တုန်းကမှပစ်မထားခဲ့ပါဘူး။ တစ်ခါမှားပြီးတိုင်း နောက်တစ်ခါထပ်ကြိုးစားဖို့အခွင့်ကိုပေးခဲ့ပါတယ်။ ကျွန်မကို အမြဲတမ်းသွန်သင်နေခဲ့ပါတယ်။ လူတွေရဲ့အသက်တာဟာ ဒီလိုပါဘဲ။ အကောင်းတွေပြုမိတဲ့အခါရှိသလို အဆိုးတွေပြုမိတဲ့အခါလည်းရှိပါတယ်။ အဲဒီအခါမှာ ဘုရားသခင်က ခွင့်လွှတ်သလိုဘဲ ကိုယ့်ကိုယ်ကို ခွင့်လွှတ်ကြရအောင်။ အမှားတွေကိုနောက်မှာချန်ထားပြီး နောက်တစ်ကြိမ်ထပ်ကြိုးစားကြရအောင်။ ကိုယ့်ရဲ့ဘဝကို ရေစုန်မမျှောလိုက်ကြ. ဖို့နဲ့လို့ပြောချင်ပါတယ်။ ကိုယ့်ကိုယ်ကို ဒီလိုသဘောထားနိုင်ပြီဆိုရင် ကိုယ့်ဘေးနားကလူတစ်ယောက်၊ နောက်တစ်ယောက်ပြီး တစ်ယောက်အပေါ်မှာ အဲဒီလိုသဘောထားလေးတွေထားပြီး အချင်းချင်းဖေးမကြရင် ဘုရားသခင်ရဲ့အလိုတော်ဟာ ကောင်းကင်ပေါ်မှာပြည့်စုံသလို မြေကြီးပေါ်မှာလည်းစုံလင်လာမှာပါ။ ယုံကြည်သူအယောက်စီတိုင်းဟာ သက်ဆုံးတိုင်ခိုင်မြဲတည်ကြည်ဖို့ ရှာလုမ်မှတဆင့် ဆုတောင်းဆန္ဒပြုလိုက်ပါတယ်။ ☐







(Psa. 66:4 KJV) All the earth shall worship Thee, and shall sing unto Thee; they shall sing to Thy Name.

သားတို့၊ သမီးတို့ရေ။

အဖေကျမ်းစာသင်ကျောင်းတက်တုန်းက ဘယ်လောက်ခက်ခဲကြမ်းတမ်းတယ်ဆိုတာ ပြောပြချင်တယ်။

အဖေက ခရစ်ယာန်ဘာသာယုံကြည်သက်ဝင်တဲ့နေ့ကစပြီး ကျေးရွာစေတနာ့ဝန်ထမ်းဓမ္မဆရာတာဝန်ပါ တစ်ပါတည်းရလာခဲ့တယ်။ အဖေ့လက်မှာ ခရစ်ယာန်ဆယ်အိမ်ထောင်လောက်သက်ဝင်ကြတယ်။ ဘုရားရှိခိုးကျောင်းကို တစ်ဦးတစ်ယောက်မလာရင် အဖေငိုရတယ်။ အဖေ့ကို ခရစ်ယာန်မဟုတ်သူလူကြီးက ရွာထဲမှာခရစ်ယာန်များတော့မယ်ဆိုပြီး နှင်ထုတ်ဖို့စည်းရုံးကြတယ်။ နောက်တော့ အဲဒီလူကြီးမိသားစုက အဖေ့ဆီ ခရစ်ယာန်ဝင်လိုက်တော့ ဒီကိစ္စရှင်းသွားတော့တယ်။

# ကျမ်းစာကျောင်းရောက်သားနှင့်သမီးသို့

ဘုန်းတော်ကြီးတိမောသေနန်းချင်း

> အဖေတို့ကို
> ကိုယ်တော်ရှင်ရဲ့အမှုတော်မြတ်ဆောင်ရွက်နိုင်ဖို့ရန်
> သာသနာတော်က
> ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်တယ်။
> သာသနာက အကုန်အကျခံပြီး
> ရင်းနှီးမြှုပ်နှံပြုစုပျိုး ထောင်ပေးတဲ့အတွက်
> အဖေတို့လည်းသာသနာတော်ကြီးရဲ့
> ကျေးဇူးသစ္စာကို စောင့်ထိန်းဖို့နားလည်ထားရမယ်။
> ဘာမျှ နောက်ဆံမတင်းဘဲ
> ခိုင်းရာလုပ်၊ စေရာသွားရပါမယ်။

တစ်ချိန်က အဖေတို့နေတဲ့ ပလက်ဝမြို့နယ် ဒလက်မချောင်းမှာ ကျေးရွာအုပ်စုနှစ်ခုရှိတယ်။ ဦးရှိန်ဝကျေးရွာအုပ်စုနဲ့ ယီးလာဝကျေး ရွာအုပ်စုရယ်ရှိတယ်။ အဖေတို့က ယီးလာဝကျေးရွာမှာနေတယ်။ ဒီချိန်က ဦးရှိန်ဝကျေးရွာအုပ်စုမှာ အိမ်ခြေခုနှစ်ဆယ်ခန့်နှင့် ယီးလာဝအုပ်စုတွင် အိမ်ခြေခြောက်ဆယ်ခန့်ရှိပေမယ့် ခရစ်ယာန်ဘာသာဝင်အိမ်ခြေမှာ နှစ်အုပ်စုပေါင်းနှစ်ဆယ်ခန့် သာရှိပါလိမ့်မယ်။

အဖေတို့ ဘုန်းတော်ကြီးက ဝက္ကူးသောင်ရွာရှိ ကင်နင်ပေါလုဦးတုတ်ယိုးဖြစ်တယ်။ အဖေက ဘုန်းတော်ကြီးတစ်ပိုင်နယ်ရဲ့အတွင်းရေးမှူးလည်းလုပ်ရတယ်။ ဒီပြင် အဖေက တစ်ဘက်ကကျေးရွာ ရ-လ-က (ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ) မှာလဲ အတွင်းရေးမှူးလုပ်ရသေးတယ်။ တစ်ခါတစ်ရံ ကျေးရွာအုပ်စု ရွာသူကြီးရဲ့တာဝန်ပေးချက်အရ တိုက်နယ်ကောင်စီအစည်းအဝေးကိုလည်း တက်ရသေးတယ်။ ဦးရှိန်ဝကျေးရွာအုပ်စုက ကောင်စီလာလူကြီးလဲ ကျေးရွာစေတနာ့ဝန်ထမ်းဓမ္မဆရာဖြစ်တဲ့ ဦးအထိုက်ဖြစ်တယ်။ ဦးအထိုက်က အဖေထက်အသက် (၅၀) ကျော်ကြီးလို့ အဖေကသူ့ကိုအဘိုး

လို့ခေါ်တယ်။ အဖေနှင့် အဘိုးဦးအထိုက်တို့ဟာ ဘုန်းတော်ကြီးတစ်ပိုင်နယ်စည်းဝေး၊ ဝက္ကူးသောင်ရွာရှိ တိုက်နယ်ကောင်စီဥက္ကဋ္ဌ ဦးပါတ်တောက်ကခေါ်တဲ့ တိုက်နယ်ကောင်စီစည်းဝေးတို့မှာအတူတကွတက်ရောက်ကြတယ်။ အသက်အပိုင်းအခြားကွာပေမဲ့ အဖေနဲ့အဘိုးဦးအထိုက်တို့ သွားအတူ၊ လာအတူ၊ ဝတ်ပြုအတူ အရမ်းစိတ်သဘောချင်းတူညီကြတယ်။ အဖေ၊ အဘိုးဦးအထိုက် ကိုအခုထိသတိရနေဆဲပဲ။

ဒါနဲ့အဖေ့ကို ဘုန်းတော်ကြီးဦးတုတ်ယိုးက ကျမ်းစာသင်ကျောင်းတက်ဖို့ပြောတော့ သဘောတူပြီးလျှောက်လွှာတင်လို့ ကျမ်းစာသင်ကျောင်းတက်ခွင့်ရပြီး အဖေနှင့်အတူ ကိုအောင်သာထွန်း (ယခုစစ်တွေလက်ထောက်သာသနာပိုင်) တို့ မိုးညှင်းမြို့ရှိ မောနွေလကျမ်းစာသင်ကျောင်းသို့သွားကြတယ်။ ၁၉၆၅ မှာပေါ့။

ဆရာကြီးဦးတုတ်ယိုးက မိုးညှင်းရောက်တဲ့အထိ ငွေ ၃၀၀ ကျပ်စီပေးတယ်။ လမ်းမှာ ထမင်းဘဲစား၊ ဟင်းမစားနဲ့၊ မိုးညှင်းရောက်ရင် ကျန်ငွေပြန်ပို့လို့မှာခဲ့တယ်။ ဒါနဲ့ ကိုအောင်သာထွန်းနဲ့ အဖေတို့ပလက်ဝမြို့ကနေ သင်္ဘောနှင့် စစ်တွေကို ထွက်ကြတယ်။ အဲဒီအချိန်က သင်္ဘောစီးသူခရီးသည် (၁၂) ယောက်လောက်ပဲရှိတယ်။ သင်္ဘောလဲ ပလက်ဝ - စစ်တွေ ၃ကျပ်လောက်ဘဲရှိသေးတယ်။

အဖေတို့သွားတဲ့အချိန်က ဇွန်လဆန်းဆိုတော့ မိုးစရွာလာပြီ။ စစ်တွေဆိပ်ကမ်းရောက်ခါနီး မိုးလည်းချုပ်နေပြီ။ စစ်တွေရောက်ရင် ဘယ်မှာတည်းမလဲ၊ စဉ်းစားရင်း ကုလားတန်မြစ်ရဲ့အညာဘက်ကိုမျက်နှာမူပြီး အမေကိုသတိရလာတယ်။ ခရီးဝေးလဲမသွားဘူးဘူး။ အမေနဲ့လည်း မခွဲဘူးဘူးဆိုတော့ အဖေ ငိုချလိုက်တယ်။ အမေကို သိပ်သတိရတာပဲ။ အဲဒီအချိန် အဖေအသက် (၂၃) နှစ်တော့ရှိပြီ။

စစ်တွေမြို့မှာရောက်တော့ ရှင်မာကုကျောင်းဝင်း (ယခုရှင်မာကုကသီဒြယ်ပေါ့) ဒါအင်္ဂလီကန်အသင်းတော်ပါဘဲ။ ဒါပေမဲ့ အင်္ဂလီကန်ဆရာမရှိလို့ အခြားဂိုဏ်းက ဆရာကိုငှားနေခိုင်းတယ်။ အဖေတို့အိမ်ထဲဝင်ခွင့်မရဘူး။ ဝရန်တာမှာ အိပ်ခဲ့ရတယ်။ အဲဒီဆရာက အဖေတို့ကို စကားမပြောဘူး။ အိမ်ပြင်တံခါးသော့ခတ်ထားတယ်။ အိမ်ထဲဝင်လည်း တံခါးပိတ်ထားလိုက်တယ်။ စစ်တွေမြို့မှာ ခြင်အရမ်းပေါတယ်။ ခြင်ထောင်မရှိလို့ စောင်ကိုခေါင်းမြီးခြုံပြီးအိပ်ခဲ့ရတယ်။ (နောင်ခါတော့ အဖေတို့စစ်တွေမှာ တာဝန်နဲ့ပြောင်းရွှေ့တဲ့အခါ အဲဒီသာသနာ့အိမ်ကြီးမှာ အဖေတို့နေခဲ့ရတယ်လေ။ ဒီဝရမ်တာမှာ အဖေတို့အိပ်ခဲ့ရတယ်လို့အဖေ့ရဲ့သားကို ပြောပြဖြစ်သေးတယ်။)

အဖေတို့ စစ်တွေမြို့ထမင်းဆိုင်မှာ ထမင်းစားဘို့ဝင်ကြတယ်။ ဘာဟင်းနဲ့စားမလဲမေးတော့ ထမင်းဘဲစားမယ်လို့ ပြောပြတယ်။ ထမင်းဆိုင်ရှင်က သဘောကောင်းတော့ ကျောက်ဖရုံသီးကြာဆံချက်ဟင်းရည်တစ်ပွဲလာချပေးတယ်၊ စားလို့ကောင်းလိုက်တာ။ ကြာဆံချက်နဲ့ချက်ပြုတ်တဲ့ဟင်းရည် စားမှမစားဘူးတာ။ ဒါနဲ့ စစ်တွေမှာ (၂) ရက်နေပြီး လေယာဉ်နဲ့ ရန်ကုန်သို့ဆက်သွားကြတယ်။ ဟိုတုန်းက လေယာဉ်ပျံလက်မှတ်လွယ်တယ်။ စစ်တွေ-ရန်ကုန် လေယာဉ်ခ ၇၀ ကျပ်ဘဲကျတယ်။

ရန်ကုန်ရောက်တော့ ဆွံ့အ နားမကြားကျောင်း (ယခုနားမကြားသောကလေးများကျောင်း) မှာ တည်းခိုတယ်။ မန္တလေးကို မီးရထားနဲ့သွားတယ်။ ဒီချိန်က ရန်ကုန်-မန္တလေး မီးရထားခ ၃၃ ကျပ်ဘဲကျတယ်။ မိုးညှင်းဘူတာရောက်တော့ ကျမ်းစာကျောင်းမှာရောက်နှင့်တဲ့ဆရာဦးအောင်လုံး (ဝက္ကူးသောင်) ဆရာဦးလဖိုင်လ၊ ဆရာစောစတီဖင်ပါးအီ (ဘုန်းတော်ကြီးကင်နင့်စတီဖင်ပါးအီ) နဲ့ တစ်ခြားကျောင်းသားများက လာကြိုကြတယ်။ လမ်းမှာ ရထားလက်မှတ်ပျောက်မှာစိုးလို့ အသိမ်းလွန်သွားတော့ လက်မှတ်စစ်လာတဲ့အခါ ရှာမတွေ့၊ လက်မှတ်စစ်နောက်ထပ်လာစစ်တဲ့အခါ လက်မှတ်ဟာ ထိုင်ခုံအောက်မှာကျနေတာကိုတွေ့ရတယ်။ တော်တော်ကြောက်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်မှတ်မရှိဘဲစီးတာဖြစ်ရင် ဒဏ်ငွေသုံးဆလျှော်ရမှာကိုး။

အဖေဟာ မိုးညှင်းရောက်တော့ နယ်မြေအပြောင်းအလဲနဲ့ အစားအသောက်မတူလို့ ဖျားတယ်။ အပြင်ဟင်းဝယ်စားမယ်ဆိုရင်လဲ ကျန်ငွေတွေကို ဆရာကြီးဆီပြန်ပို့လိုက်ပြီ။ ကျပ် ၂၀ ကျော်ကျော်ကျန်အုံးမယ်ထင်တယ်။ မမှတ်မိတော့ပါ။ ဖျားတဲ့အခါ အမေချက်ပေးတဲ့ချင်းဟင်းကိုသိပ်သတိရနေတယ်။ ဒါပေမဲ့ နှစ်ပါတ် သုံးပါတ်ကြာလာတော့ ကျောင်းကချက်ပေးတဲ့ ကချင်ဟင်းကိုစားနိုင်ပြီ။

အဖေတို့ မိုးညှင်းကျမ်းစာကျောင်းတက်စဉ် နံနက်တိုင်း လ္ဘက်ရည်နဲ့ နံပြားတစ်ချပ်စီစားရတယ်။ ထမင်းဟင်းမချက်ရဘူး၊ တစ်ပါတ်မှာ အမဲသား လေးရက်စားရတယ်။ ပန်းကန်အိုးခွက်လည်းမဆေးရဘူး။ လစဉ်စတိုင်ပင်ငွေ ၁၀ကျပ်စီရတယ်။ ဒါပေမဲ့ ရေခပ်၊ ထင်းပေါက်နဲ့ ကျောင်းဝန်းကျင်သန့်ရှင်းရေး၊ မြက်ပေါက်အလုပ်ချိန်တစ်နာရီတော့ ညနေတိုင်းလုပ်ရတယ်။



စနေ နေ့ တစ်နေကုန်အားတယ်။ ငါးမျှား၊ ရွာလည်ခွင့်ရတယ်။

ဒါပေမဲ့ အဖေစနေနေ့ရွာမလည်အားဘူး။ အဖေက အင်္ဂလိပ်စာညံ့တယ်ဆိုတော့ တစ်နေ့ကုန်အင်္ဂလိပ်စာကျက်၊ အင်္ဂလိပ်စာလုံးပေါင်းရေးလေ့ကျင့်တာနဲ့ဘဲ အချိန်ကုန်တယ်။ ဗလာစာအုပ်၊ ဖောင်တိန်မဝယ်နိုင်တော့ ကျောက်သင်ပုန်းနှင့် ကျောက်တံကို အသုံးပြုပြီး လေ့ကျင့်ရေးသားရတယ်။ သူငယ်ချင်းတွေက ရွာလယ်ကြ၊ တောင်အုပ် ဦးလမိုင်ခွမ် ငါးကန်မှာ ငါးမျှားကြတယ်။

အဖေကျမ်းစာသင်ကျောင်းလေးနှစ်တက်ပြီး ကျောင်းအုပ်လေးပါးဖြစ်တယ်။ အစကျောင်းအုပ်ကြီးက ဘုန်းတော်ကြီးစောကူရှိန်လှ (အင်္ဂလန်-ပရီစတိုဆင်း) အဲဒီနောက် Rev. D. H. Dansey (B.D) နောက်သာသနာပြုဆရာကြီးတို့ ကိုယ့်တိုင်းပြည်ကိုပြန်သွားကြလို့ ဘုန်းတော်ကြီးဦးဒီ၊ ဒွမ်ဂန်ဆင်ဝါး နောက်ဂိုဏ်းထောက်ကြီး ဦးဂျေကွမ်ဆောင်ဘူး (နောင်သာသနာပိုင်) သင်တန်းဆရာတွေက Miss M. Mitchell, Rev. Raw Land, Dr. J. Hobson ဘုန်းတော်ကြီးဦးစီ၊ နော်မိုင်အပြင် တစ်ခါတရံ မန္တလေးဂိုဏ်းထောက်ဦးဂျေမောင်ဖေ၊ သာသနာပိုင် ဦးဂျေအောင်လှ၊ တောင်ငူဂိုဏ်းထောက်ကြီး ဦးဂျွန်၊လှကျော်၊ သိက္ခာတော်ရဆရာဦးပီတာလှ (ခရစ်ယာန်အိမ်ထောင်)၊ သာသနာပိုင် စောတာပရဲပေါ၊ ဆရာမကြီးဒေါ်လုံးတင် (အင်္ဂလိပ်စာ) တို့လည်း လာရောက်ပို့ချပေးခဲ့ကြတယ်။

အဖေတို့ကို ကိုယ်တော်ရှင်ရဲ့အမှုတော်မြတ်ဆောင်ရွက်နိုင်ဘို့ရန် သာသနာတော်က ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်တယ်။ သာသနာက အကုန်အကျခံပြီး ရင်းနှီးမြှုပ်နှံပြုစုပျိုးထောင်ပေးတဲ့အတွက် အဖေတို့လည်းသာသနာတော်ကြီးရဲ့ ကျေးဇူးသစ္စာကို စောင့်ထိန်းဖို့နားလည်ထားရမယ်။ ဘာမျှနောက်ဆံမတင်းဘဲ ခိုင်းရာလုပ်၊ စေရာသွားရပါမယ်။ အဖေတို့ကျမ်းစာကျောင်းတက်တုံးက ကျောင်းစရိတ်ဆိုတာ အစအဆုံးတစ်ပြားမှ မပေးရဘူး။ စာရွက်စာတမ်းဘိုး၊ ခရီးသွားရရင် ခရီးစရိတ်ကအစ၊ အိမ်အပြန်စရိတ်ထိပါပေးတယ်။ အခုခေတ်နဲ့တော့ ဘယ်တူမလဲ သားတို့၊ သမီးတို့ရယ်။

အဖေတို့ကျမ်းစာသင်ကျောင်းတက်တုန်းက စာမေးပွဲကျတာသိပ်မရှိဘူး။ စာကျက်ချိန်များများပေးထားတယ်။ ကျောင်းစည်းကမ်းလဲကြီးတယ်။ ကျောင်းအထုတ်ခံရတာက စာမေးပွဲကျလို့သိပ်မရှိလှဘူး။ စာရိတ္တပျက်လို့ ကျောင်းအထုတ်ခံရတာရှိတယ်။ စာမေးပွဲ အဆင့် ဘယ်လောက် ဘဲ ရရ စာရိတ္တမကောင်းရင် အမှုတော်ဘယ်လိုထမ်းလို့ရမလဲ။ လူတော် လူကောင်းကိုရှာနေတယ်။ စာလဲတော်၊ စာရိတ္တလဲကောင်းရမယ်။

သားတို့သမီးတို့ရယ် စာမေးပွဲအောင်အောင်လည်း ကြိုးစားကြ၊ စည်းကမ်းကောင်းအောင်လည်း နေထိုင်ကြ၊ စာရိတ္တလည်း ထိန်းသိမ်းကြလို့ အဖေမှာချင်တယ်။

ဖေဖေ

(ဘုန်းတော်ကြီး တိမောသေဦးနန်းချင်း)

---

ဆရာသည် မိုးညှင်းမြို့ မောနွေလမ္မကောလိပ်၏ ကျောင်းအုပ် (၁၉၈၉-၉၁) အဖြစ် ဆောင်ရွက်ခဲ့ပြီး လက်ရှိမြစ်ကြီးနားမြို့ ရွှေစက်ရှင်မာကုအသင်းတော် တာဝန်ခံဘုန်းတော်ကြီးဖြစ်ပါသည်။

---

ဘုရားရှင်ဆီက ကြီးမားသော အရာများကို မျှော်လင့်ပါ။

ဘုရားရှင်အတွက် ကြီးမားသောအရာများကို ကြိုးစားအားထုတ်ပါ။

Expect great things from God.

Attempt great things for God.

William Carey

# ကျောက်ထက်အက္ခရာ မတင်သော်လည်း

ဆဲဗင်းမွန်း

ဆရာကြီးဦးစံဟူး၏ ဆောင်းပါးတစ်ပုဒ်၌ "ယနေ့အမှုတော်ဆောင်အချို့သည် အသင်းတော်ကရွေးသော်လည်း ဘုရားသခင်ကရွေးကောက်ခြင်းမရှိသဖြင့် အခက်အခဲ ပြဿနာများစွာကိုရင်ဆိုင်ရပါသည်" ဟူသော စာကြောင်း လေးကို ဖတ်ရပြန်သောအခါ တွေ့ကြုံဖြတ်သန်းလာရသော မိမိ၏သမိုင်း၊ အခြားသူတို့၏သမိုင်းကို စူးစမ်းရင်း ဆရာသခင်ကျေးဇူးရှင်တို့ကို ဦးညွတ်ရှိခိုးဂါရဝပြုမိပါသည်

ဆဲဗင်းမွန်းသည် သမိုင်းကိုစိတ်ဝင်စားသူဖြစ်ပါသည်။ ရှာလုမ်အယ်ဒီတာ၏တောင်းဆိုချက်ကြောင့် ဤစာကို ရေးဖြစ်ပါသည်။ စာပေအဆင့်အတန်းအားဖြင့် သာမန်မျှဖြစ်သော်လည်း စေတနာကားဝတ်ကုန်သဘောမရှိပါ။ ကျောင်းတော်ကြီးတွင် လေးနှစ်တာပညာဆည်းပူးခွင့်ရသဖြင့် သင်ကြားပြသခဲ့သော ဆရာသမားများနှင့် ကျောင်းနေဖက်များကို ကျေးဇူးတင်ခြင်း အမှတ်ရခြင်းများဖြစ်ရပါသည်။ လေးနှစ်တာကာလသည် နောက်ဆုံးတွင် အမြန်ကုန်လွန်သွားသကဲ့သို့ပင် ယခုအခါစိတ်တွင်ခံစားမိသည်။

ဆဲဗင်းမွန်း၏ကျောင်းနေစဉ်ကာလသည် အမိကျောင်းတော်၏သမိုင်း၌ လေးနှစ်အချိန်ပြည့်ကျောင်းသားအနည်းဆုံးကာလဖြစ်သည်။ ၁၉၇၀-၇၅ အတွင်းဝယ် အချိန်ပြည့်ကျောင်းသားတစ်နှစ်လျှင် တစ်ယောက်နှစ်ယောက်သာဝင်လာကြသည်။ ဒယ်နီယယ်ဒွေး၊ ဧလီယပိုးရယ်၊ မိုးဇက်လွန်း၊ လဗန်တူးဂျာနှင့် ဂျိမ်းဘဲစိန်ဆိုသော လူတော်များပေတည်း။ ပိုးကရင်၊ ကယား၊ အရှိုချင်း၊ ကချင်၊ စကောကရင်ဆိုသလို လူမျိုးစိတ်နေစိတ်ထား၊ အမူအကျင့်ခြားနားကြသူများဖြစ်သည်။ ၁၀တန်းအောင်အောင်ခြင်းကျောင်းရောက်လာသူရှိသလို အပြင်လောကတွင် ကျင်လည်ဘူးသူများလည်းပါဝင်ပါသည်။ ကျောင်းသားဘဝတွင် ပြဿနာများရှိစမြဲဖြစ်သည်။ သို့ရာတွင် ခေါ်တော်မူခြင်းအတွက် အနှောင့်အယှက်မဖြစ်သည့်အပြင် အထောက်အကူများပင်ဖြစ်နိုင်ပါသည်။


ကျေးဇူးရှင်ဆရာများတို့သည် မိမိတို့တတ်သလိုတပည့်များကို တတ်စေလိုသည်။ ကျောင်းသားတို့ကလည်း မိမိတို့သည် ဆရာသမားတို့၏နေရာကို တစ်နေ့အစားထိုးကြရန်ပြင်ဆင်လျက်ရှိကြောင်း ခံယူချက်ထားကာအချိန်များကို အတိအကျအကျိုးရှိအောင် အသုံးချရမည်။ အချိန်ကိုအသုံးမချတတ်ပါက ပိုးသာကုန်မောင်ပုံစောင်းမတတ်ဖြစ်မည်။ ဆရာ၏အမြင်နှင့် မိမိအမြင်မတူသောအခါ ဘာကြောင့် ဆရာဤသို့ယူဆသည်ကိုလေ့လာပြီး နာမလည်သည့်တိုင် ဆရာကိုချစ်ခင်သောစိတ်ထားဖြင့်နာခံသင့်ပါသည်။

အမှန်စင်စစ် ကျမ်းစာကျောင်းပြီးလျှင် အမှုတော်ဆောင်ဖို့ဖြစ်သော်လည်း ဆဲဗင်းမွန်းအဖို့ လေးနှစ်ပြီးဆုံးသွားသောအခါ သာသနာ့ဘောင်ထဲမဝင်လိုတော့ပါ။ သို့ရာတွင် ကျောင်းဆင်းပြီး မကြာခင် မေလတွင်ပင် သင်းထောက်သိက္ခာအတွက် ဝတ်စောင့်ခြင်းဝင်ရသည်။ ဘုန်းတော်ကြီးကျော်မြ၏ ပြည့်စုံလုံလောက်သော (၃) ရက်တာဟောပြောချက်များနှင့် ဆရာတော်၏ ကျွေးမွေးပြုစုမှုများကြောင့်ပင် ထို (၃) ရက်တာ၌ အမှုတော်ဆောင်ဖြစ်ဖို့ ကြိုးစားချင်စိတ်ဖြင့် ဆုံးဖြတ်ချက်ချနိုင် ခဲ့ပါသည်။ အမှန်မှာ နောက်ဆုံးနှစ်ကျောင်းသားတို့သည် ဂရုစိုက်အခံရဆုံး၊ အကြပ်အမတ်ခံရဆုံး၊ တန်ဖိုးအကြီးဆုံး၊ မျှော်လင့်ချက်အရှိဆုံး၊ တောက်ပသောအနာဂါတ်နှင့် အနီးဆုံးဟုပင်ဆိုရပေမည်။

ဆဲဗင်းမွန်းကျောင်းနေစဉ် အချိန်တို၊ အချိန်ပိုင်း၊ အထူးသင်တန်း၊ စေတနာ့ဝန်ထမ်းဘုန်းကြီး အစရှိသဖြင့် အမှုတော်ဆောင်ရန်ပြင်ဆင်ခြင်းခံရသော လုပ်ဖော်ဆောင်များလည်းရှိပါသည်။ ၎င်းတို့နှင့်အတူ စားသောက်သွားလာ ပညာသင်ကြားခဲ့သည်။ ကျောင်းနေစဉ်သူတို့ထဲမှာ အချို့တို့နှင့် အဆင်မပြေသလိုဖြစ်သော်လည်း ကျောင်းပြီးသွားသောအခါ ဘာပြဿနာမှမရှိတော့ပါ။ အားလုံး မိမိလမ်းမိမိလျှောက်ကြရပါသည်။ ကျောင်းနေဖက်တို့တွင် အချို့သာသနာပိုင်၊ ဂိုဏ်းထောက်၊ နိုင်ငံခြားပြန်ဖြစ်ကြသည်။ ကလေးကိုးယောက်ဆယ်ယောက်မွေးသူများရှိကြသည်။ ပြင်ပလောကသို့လွင့်စင်သွားသူများရှိကြသည်။ အနားယူသွားသူများရှိသည်။ အရက်၏ကျွေးကျွန်ဖြစ်၍ စောစောစီးစီး ဘဝနိဂုံးအဆုံးသတ်ရသူများရှိသည်။ ကောင်းတာတွေကြားရလျှင် ဝမ်းသာသည်။ မကောင်းတာတွေကြားရလျှင် ဝမ်းနည်းသည်။

ယနေ့ အမိကျောင်းတော်တွင် မျိုးဆက်သစ်များကို တွေ့ရသည်။ အားရရွှင်လန်းမိသည်။ လေးနှစ်တာပြီးသွားလျှင် သူတို့ကော ဘယ်လိုအခြေကိုရမလဲမသိပါဟု မိမိစိတ်ထဲစဉ်းစားနေမိသည်။ ဆဲဗင်းမွန်းအနေနှင့် သမိုင်းကိုစိတ်ဝင်စား၍ မိမိအမှုတော်ဆောင်နှစ်ပေါင်း (၃၀) အတွင်းကို ပြန်သုံးသပ်သောအခါ စဉ်းစားစရာများစွာဖြစ်ခဲ့ပါသည်။ သင်းအုပ်အဖြစ် (၂၅) နှစ်ပြည့်ပြီးဖြစ်သဖြင့် အခြေအနေမှန်ကို နီးစပ်စွာအကဲဖြတ်နိုင်ပါသည်။ လွန်ခဲ့သောအနှစ် (၃၀) က ကျမ်းစာကျောင်းတက်ခါနီး ဘုန်းတော်ကြီး ဂျေရွှေဒေါင်က မိသားစုအတွက် ဘုရားဝတ်ပြုပေးသောအခါ ကျမ်းစာတစ်ချက်ကိုဖတ်ရွတ်ပါသည်။ "သင်တို့သည် ငါ့ကိုရွေးကြသည်မဟုတ်။ ငါကသာ သင်တို့ကို ရွေးသည်ဖြစ်သောကြောင့် သွား၍တည်မြဲသောအသီးကိုသီးကြလော့" ဟုပင်ဖြစ်ပါသည်။ ထိုကျမ်းချက်သည် မိမိအတွက်သာမက အများအတွက်လည်းအဓိပ္ပာယ်အပြည့်ရှိပါသည်။ တစ်ဖန်ဆရာကြီးဦးစံဟူး၏ ဆောင်းပါးတစ်ပုဒ်၌ "ယနေ့အမှုတော်ဆောင်အချို့သည် အသင်းတော်ကရွေးသော်လည်း ဘုရားသခင်ကရွေးကောက်ခြင်းမရှိသဖြင့် အခက်အခဲ ပြဿနာများစွာကိုရင်ဆိုင်ရပါသည်" ဟူသောစာကြောင်းလေးကို ဖတ်ရပြန်သောအခါ တွေ့ကြုံဖြတ်သန်းလာရသော မိမိ၏သမိုင်း၊ အခြားသူတို့၏သမိုင်းကို စူးစမ်းရင်း ဆရာသခင်ကျေးဇူးရှင်တို့ကို ဦးညွတ်ရှိခိုးဂါရဝပြုမိပါသည်။ သားငယ်သမီးငယ်တို့လည်း တောနှင်းပန်းနှင့် စာဥက်ကိုပင် သူ့နေရာနှင့်သူ တန်ဖိုးထားသောသခင်အတွက် တစ်နေရာတော့ယူကြပါရန် ဆဲဗင်းမွန်းအနေနှင့် အားပေးချင်ပါသည်။


ဆဲဗင်းမွန်း



---

*ဆရာသည် ရန်ကုန်မြို့ သဃ်န်းကျွန်း၊ သန့်ရှင်းသူအပေါင်း အသင်းတော်၏ ကျောင်းထိုင်ဘုန်းတော်ကြီးဖြစ်ပြီး HCTC တွင် အချိန်ပိုင်းကထိကအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။*

---



# စွန်းဆင့်မျှဝေသောနှစ်တွေ

မမ

> သို့သော်လည်း
> ဘုရားသခင်စီမံတော်မူရာမှန်သမျှ
> တင့်တယ်သောကြောင့် ရှေ့မျက်နှာနောက်ထား၊
> အယာတတရားဘေးဖယ်ကာ
> မိမိအပေါ် နားမလည်နိုင်သော မိတ်ဆွေများကိုလည်း
> စိတ်ရှည်ရန်အလေ့အကျင့်ကောင်းများ
> သွန်သင်ခြင်းခံရပါသည်။
> "ခန္တီစ" မနိုင်၍ သည်းခံခြင်းမျိုးမဟုတ်ဘဲ
> အမှန်စင်စစ် နှလုံးသားပြုပြင်ပြောင်းလဲမှု
> လေ့ကျင့်ယူနိုင်ခဲ့ပါသည်။
> သမ္မာကျမ်းစာတော်မြတ်လာ
> နီတိလမ်းညွှန်များကြောင့်ဖြစ်ပါသည်

ခ ရစ်ယာန်ဟူသောနာမသည် လူ့ဝန်းကျင်၌ ဂုဏ်ယူဝင့်ကြွားဘွယ်ဟူ၍ မည်သည့်အခါမျှ မစဉ်းစားမိခဲ့ သို့သော်. .


ခရစ်ယာန်ဘာသာကိုးကွယ်ပြား အခြားသောဘာသာ အယူဝါဒစာပေကို တက္ကသိုလ်၌ မဟာဝိဇ္ဇာဘွဲ့ရသည်အထိ ဘုရားကျေးဇူး၊ မိဘကျေးဇူး၊ ဆရာသမားကျေးဇူးကြောင့် သင် ကြားခွင့်ရခဲ့ပါသည်။ မရည်ရွယ်သော တက္ကသိုလ်၏ဆရာမ ဝကိုလည်း နှစ်အတန်ကြာလုပ်ခွင့်ရခဲ့သည်။ လုပ်ငန်းခွင်မှ ... ထွက်ပြီးစီးပွားရေးလောကခြေချသောအခါ "ကိုယ်ပြုမိသော ... မှုတို့ကို ထာဝရဘုရား၌အပ်လော့။ သို့ပြုလျှင် သင်၏အကြံ ... စည်တို့သည် တည်ကြလိမ့်မည် (သုတ္တံ ၁၆း၃)" ဟူသော ကျမ်း ချက်ကိုလည်း သတိမထားမိခဲ့ပေ။

စီးပွားဟူသောလောဘဇောကြောင့် လိပ်ကိုကြမ်းပိုး ကြမ်းပိုးကိုလိပ်ဖြစ်အောင်ပြောဆိုကာ ဝယ်သူအကြိုက်ရော ... ဝယ်ခဲ့ရပါသည်။ မုသားမပါ လက်ာမချောဟူသောစကား ... ပင် မိမိကိုယ်ကိုမိမိ လိမ်လည်နှစ်သိမ့်နေမိပါသည်။ ဤ ... "ထာဝရဘုရားမုန်းတော်မူသောအရာ ခြောက်ပါးမက စက်ဆုပ် ... ရွံရှာတော်မူသောအရာ ၇ပါးဟူမူကား ထောင်လွှားသောမျက် ... နှာတစ်ပါး၊ မုသာ၌ကျင်လည်သော လျှာတစ်ပါး၊ အပြစ် ... သောသူ၏အသက်ကိုသတ်သော လက်တစ်ပါး၊ မကောင်း ... သောအကြံကို ကြံစည်သောနှလုံးတစ်ပါး၊ အပြစ်ပြုရာသို့ ... လျင်အမြန်ပြေးတတ်သော ခြေတစ်ပါး၊ မုသာစကားကိုပြော ... မမှန်သောသက်သေတစ်ပါး၊ အပေါင်းဖော်ခြင်း ရန်တွေ့ ... ခြင်းငှာ ပြုတတ်သောသူတစ်ပါး" (သုတ္တံ ၆း၁၆-၁၉) ဟူသော ... ကျမ်းချက်ကိုလည်း အတော်အချိန်နှောင်းမှဖတ်မိပြန်သည် ... လုပ်ကိုင်သမျှလုပ်ငန်းများ မှန်းချက်နှင့်နှမ်းထွက်မကိုက် ... ကဲ့သို့ ကျွန်မလုပ်ရပ်များသည် အောင်မြင်ခြင်းမရှိခဲ့ပေ။ ... "ဘုရားသခင်သည် တရားမနာလွဲ သွားသောသူ ... ဆုတောင်းသော်လည်း သူ၏ပဌနာစကားသည် ရွံ့ရှာဖွယ် ...

၏။ (သုတ္တံ ၂၈း၉)" ကျမ်းချက်ကဲ့သို့ ကျွန်မ၏ဆုတောင်းကို နားညောင်းခဲ့ဟန်မတူပါ။

ကိုယ်စိတ်နှစ်ပါးဆင်းရဲမှုကို ဘုရားသခင်ထံဝန်ချ တောင်းပန်ရင်း ဆရာတော်များ၏ဟောကြားချက်များကို သတိပြုမိလာပါသည်။ "စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏။ အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ရောက်တတ်သောသူလည်းရှိ၏။ စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကို ရေလောင်းသောသူသည် ရေလောင်းခြင်းအကျိုးကိုခံရလိမ့်မည်" (သုတ္တံ ၁၁း၂၄-၂၅) ဟူသည့် တူသောအကျိုးပေးခြင်းများကိုလည်း အမှတ်ရလာပါသည်။ ထို့ပြင် လောကီ၌ဝါကြွားနိုင်ရန် မစားရက်မသောက်ရက်စုဆောင်းခြင်းများသည် ကောင်းကင်နိုင်ငံအတွက် အချည်းနှီးဖြစ်ကြောင်း "ဆင်းရဲသားတို့အား စွန့်ကြဲသောသူသည် ကိုယ်တိုင်မဆင်းရဲရာ။ လွှဲရှောင်သောသူမူကား များစွာသောကျိန်ဆဲခြင်းကို ခံရလိမ့်မည်" (သုတ္တံ ၂၈း၂၇) ကျမ်းချက်ကိုလည်း ဆင်ခြင်လာမိပါသည်။

ဘာသာသာသနာ့အဆုံးအမသွန်သင်မှုကို ခံယူရင်း လိက်နာရင်း ခရစ်ယာန်ပီသသောသမီးကောင်း၊ မိခင်ကောင်း ဘဝဦးဖြစ်ရန် ကြိုးစားနေဆဲမှာပင် စာတန်၏စုံစမ်းခြင်းမကြာခဏခံရသည့်ပြင် လူဇာတိစိတ်လည်း ရံဖန်ရံခါပေါ်လာတတ်ပါသည်။ ထိုရောအခါ၌ အသင်းတော်၏မိသားစုဝင်များအိမ်သို့ လိက်လံကြည့်ရှုဆုတောင်းမေတ္တာဝေငှသောဆရာတော်တို့၏ ဆုံးမစကားသည့်လည်း နားထဲပြန်လည်ကြားယောင်မိလာပါသည်။ "သင်၏ရန်သူလဲသောအခါ ဝမ်းမမြောက်နှင့်။ ခြေထိ ခိုက်သောအခါ ရွှင်လန်းသောစိတ်မရှိနှင့်။ ရှိလျှင် ထာဝရဘုရားသိမြင်သဖြင့် မနှစ်သက်ဘဲ သူမှအမျက်တော်ကိုလွှဲတော်မူမည်။" (သုတ္တံ ၂၄း၁၇-၁၈)။ မဆီမဆိုင် ဘုရားသခင်ကိုစော ဒကတက်လိုပြန်သည်။ ကျွန်မရန်သူလဲသော် ဝမ်းသာလက်ခုပ်တီးရုံမျှနှင့်ပင် ထိုသူ၏အပြစ်မှ ကျွန်မထံအမျက်လွှဲတော်မူမည်ဟုဆိုထားပါသည်။ ထို့ကြောင့် "သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာကိုပေးလော့။ ထိုသို့ပြုလျှင် သူ၏ခေါင်းပေါ်၌မီးခဲကိုပုံထား၍ ထာဝရဘုရားသည်လည်း သင့်၌ဆုချတော်မူမည်။" (သုတ္တံ ၁၅း၁၁-၁၂)။ လွန်စွာခဲယဉ်းသောအလုပ်ကို လုပ်ခိုင်းပြန်သည်။



ဆရာမသည် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန (အငြိမ်းစား) ဖြစ်ပြီး လက်ရှိ HCTC တွင် အချိန်ပိုင်း ကထိက ဖြစ်ပါသည်။


သို့သော်လည်း ဘုရားသခင်စီမံတော်မူရာမှန်သမျှ တင့်တယ်သောကြောင့် ရှေ့မျက်နှာနောက်ထား၊ အယာတတရားဘေးဖယ်ကာ မိမိအပေါ် နားမလည်နိုင်သော မိတ်ဆွေများကိုလည်းစိတ်ရှည်ရန်အလေ့အကျင့်ကောင်းများသွန်သင်ခြင်းခံရပါသည်။ "ခန္တီစ" မနိုင်၍ သည်းခံခြင်းမျိုးမဟုတ်ဘဲ အမှန်စင်စစ် နှလုံးသားပြုပြင်ပြောင်းလဲမှု လေ့ကျင့်ယူနိုင်ခဲ့ပါသည်။ သမ္မာကျမ်းစာတော်မြတ်လာ နီတိလမ်းညွှန်များကြောင့်ဖြစ်ပါသည်။ အောင်မြင်ပြီဟု မဆိုလိုပါ။ "နက်ဖြန်နေ့ကို အမှီပြု၍မဝါကြွားနှင့်။ တရက်အတွင်းတွင် အဘယ်သို့ဖြစ်လိမ့်မည်ကိုမသိနိုင်" ဆိုသကဲ့သို့ပင်၊ (သုတ္တံ ၂၇း၁)။

ထို့ကြောင့် ခွင့်ပြုတော်မူသောကာလပတ်လုံး ကိုယ်တော်ရှင်အား ဖော်ပြပါဆုတောင်းချက်ကို မပြတ်တောင်းလျှောက်နေမည်သာဖြစ်ပါသည်။ "ကိုယ်တော်ထံမှ ဆုနှစ်ပါးကို အကျွန်ုပ်တောင်းပါ၏။ အကျွန်ုပ်မသေမီတိုင်အောင် ငြင်းပယ်တော်မမူပါနှင့်။ အကျွန်ုပ်မှ အနတ္တနှင့် မုသာကိုပယ်တော်မူပါ။ ဆင်းရဲခြင်း၊နှင့် ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်။ အသက်မွေးလောက်သောအစာကိုသာ ပေးသနားတော်မူပါ။ သို့မဟုတ် အကျွန်ုပ်သည် ကြွယ်ဝ၍ ထာဝရဘုရားကား အဘယ်သူနည်းဟုဆိုလျက် ကိုယ်တော်ကိုငြင်းပယ်မည်ဟု စိုးရိမ်စရာရှိပါ၏။ သို့မဟုတ် ဆင်းရဲ၍ သူ့ဥစ္စာကိုခိုးသဖြင့် အကျွန်ုပ်၏ဘုရားသခင်နာမတော်ကို မုသာနှင့်ဆိုင်၍မြွက်ဆိုမည်ဟု စိုးရိမ်စရာရှိပါ၏။ (သုတ္တံ ၃၀း၇-၉)။

ကျွန်မနည်းတူ ဤဆုနှစ်ပါးကြောင့် အသက်တာတွင် ခရစ်ယာန်ဟူသောအမည်နှင့် ညီညွတ်စွာအသက်ရှင်ဂုဏ်ယူဝံ့ကြွားနိုင်ကြစေရန် အားလုံးအားထာဝရဖိတ်ခေါ်လျက် -

ခရစ်တော်၌

မမ



# ငါတို့သည် ထ၍တည်ကြကုန်အံ့

ဘုန်းတော်ကြီးစတီဗင်သန်းမြင့်ဦး

"ငါတို့သည် ထ၍တည်ကြကုန်အံ့" ဟူသောစကားသည် နေဟမိမှတ်စာတွင်ပါရှိသော စိတ်လှုပ်ရှားတက်ကြွဖွယ်ရာ၊ ကြက်သီးထစရာစကားတစ်ခွန်းဖြစ်ပါသည်။ ထိုစကားအပြည့်အစုံမှာ -

ငါတို့သည် ထ၍တည်ကြကုန်အံ့ဟုဆိုလျက်၊ ထိုကောင်းမှုကိုပြီးစီးစေခြင်းငှာ၊ တစ်ယောက်ကိုတစ်ယောက်နှိုးဆော်ကြ၏။ (နေဟမိ ၂း၁၈)



နေဟမိသည် မည်သူနည်း။ မည်သည့်အရာကို မည်သူတို့က တည်ကြမည်နည်း။ နေဟမိသည် ယေရုရှလင်မြို့ရိုး ပျက်၍မီးလောင်ခြင်း၊ ယေရုရှလင်တွင် လူအများကြီးစွာသော ဒုက္ခဆင်းရဲနှင့်တကွ ကဲ့ရဲ့ခံရခြင်းတို့ကိုကြားသိရသဖြင့် ပါရှားဘုရင်အတာဇေရဇ်မင်းထံ ခွင့်ပန်ကာ သုံ့ပန်းခံဣသရေလလူစုကို ဦးဆောင်ပြီး ယေရုရှလင်မြို့သို့ပြန်လာသူဖြစ်သည်။ "ထ၍တည်ကြကုန်အံ့" ဟု ဆိုကြသူများမှာ ဣသရေလလူမျိုးများဖြစ်သည်။ ထ၍တည်ကြမည့်အရာသည် ပျက်စီးသွားသော ယေရုရှလင်မြို့ရိုးဖြစ်သည်။

နေဟမိအကြောင်းပြောလျှင် ဇေရအကြောင်းမပါ၍မဖြစ်ပေ။ ထို့အတူ ဧဇရ၊ နေဟမိတို့အကြောင်းပြောလျှင် ပရောဖက်ဟဂ္ဂဲနှင့် ဇေရု ဗဗေလ၊ ယောရှုတို့အကြောင်းမပါလျှင် မပြီးနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များနှင့် သူတို့၏ ဆောင်ရွက်ချက်များသည် သမိုင်းစဉ်တခုတည်းအဖြစ် ဆက်စပ်နေသောကြောင့်ဖြစ်သည်။ ဗာဗုလုံမင်းကြီးနေဗုခဒ်နေဇာမင်းကြီးက ဣသရေလလူမျိုးတို့ကို ဗာဗုလုံသို့ သုံ့ပမ်းခေါ်ဆောင်သွားပြီးနောက် နှစ် (၇၀) အကြာ (BC 538) တွင် ပါရှားအင်ပါယာကာလ ဘုရားသခင်၏နှိုးဆော်ခြင်းကိုခံရသော ပါရှားဘုရင်ကုရုမင်းက ယေရုရှလင်သို့ပြန်လိုသူတို့ ပြန်ခွင့်ပေးရာတွင် ပထမဦးဆုံး ပြည်တော်ပြန်ဣသရေလတို့ကို ဦးဆောင်ခဲ့သူတို့မှာ ဇေရုဗဗေလနှင့် ယောရှု (ယောဇဒတ်)၏သားတို့ဖြစ်သည်။ ပရောဖက်ဟဂ္ဂဲမှာ ဇေရုဗဗေလနှင့် ယောရှုတို့လက်ထက်တွင် ပျက်စီးလျက်ရှိသော ဗိမာန်တော်ကြီးကို ပြန်လည်တည်ဆောက်ရန်အတွက် အဓိကတွန်းအားပေးခဲ့သော ပရောဖက်ကြီးဖြစ်သည်။ ပြန်လည်တည်ဆောက်သောဗိမာန်တော်ကြီးမှာ နောက် (၂၂) နှစ်အကြာ (516 B . C) တွင် ပြီးဆုံးသွားခဲ့သည်။ ၎င်းနောက် ပြည်တော်ပြန်ဣသရေလ ဒုတိယအသုတ်ကိုဦးဆောင်ခဲ့ပြီး၊ တတိယအသုတ်ကိုမူ နေဟမိဦးဆောင်ခဲ့သည်ဟုဆိုပါသည်။ အချို့ပညာရှင်များကမူ နေဟမိက ယေရုရှလင်သို့ (444 B.C) တွင် အရင်ရောက်လာပြီး၊ ဧဇရကမူ နောက် (၄၇) နှစ်အကြာ (397 B.C) တွင်မှ ရောက်ရှိခဲ့သည်ဟုဆိုသည်။

ဤနေရာတွင် ဧဇရနှင့် နေဟမိတို့ မည်သူက အရင်ရောက်သည်မရောက်သည်ကို ဆွေးနွေးငြင်းခုန်ခြင်းထက်၊ ဧဇရနှင့် နေဟမိတို့နှင့် အမှုဆောင်ခြင်းသည် သမိုင်းစဉ်တခုတည်းအနေနှင့် ဆက်စပ်လျက်ရှိနေကြောင်းနှင့် ထိုကျမ်းချက်တို့ကိုဖတ်ရှုပါက သီးသန့်စီမဟုတ်ဘဲ၊ တွဲ၍ဖတ်ရှုပါက ပို၍နားလည်မှုများတိုးလာနိုင်ကြောင်းကို တင်ပြလိုခြင်းသာဖြစ်ပါသည်။ (*မှတ်ချက်။ ။ ထို့ကြောင့်ပင် ယခင်က ဧဇရနှင့် နေဟမိကျမ်းသပ်သပ်စီဟူ၍မရှိဘဲ Esdras အမည်ဖြင့် ကျမ်းတစ်စောင်တည်းအဖြစ်ရှိခဲ့ပါသည်။ နောက်ပိုင်း ၎င်းကို အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် နှစ်အုပ်ခွဲပြီးပြန်ဆိုရာမှ ဧဇရနှင့် နေဟမိ ဟူ၍ ကျမ်းသပ်သပ်စီဖြစ်ပေါ်လာကြသည်။*)

ပို၍အရေးကြီးသောအချက်မှာ သူတို့နှစ်ဦးသည် ယေရုရှလင်မြို့ရိုး၊ ယေရုရှလင်မြို့နှင့် ယေရုရှလင်အခြေပြု ဣသရေလလူထုကို ပြန်လည်တည်ထောင်ရာတွင် ရေကုန်ရေခန်းလက်တွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သူတို့၏တူညီသောဦးတည်ချက်မှာ ဣသရေလ "နှလုံးသား" ဖြစ်သော ယေရုရှလင်ကို ပြန်လည်တည်ထောင်ရန်ပင်ဖြစ်ပါသည်။ မှန်ပါသည်။ ယေရုရှလင်သည် ဣသရေလ (ဝါ) ယုဒ (ဝါ) ယခုခေတ်အခေါ် အစ္စရေးလူမျိုးတို့၏ နှလုံးသားဖြစ်ပါသည်။ ယေရုရှလင် ဆိုသောအမည်ကိုကြားလျှင် ဣသရေလူမျိုးတိုင်း နှလုံးသွေးတဒိတ်ဒိတ်ခုန်ကြပေလိမ့်မည်။ အဘယ့်ကြောင့်နည်း။ ယေရုရှလင်၌ ဇိအုန်တောင်ရှိသည်။ ဇိအုန်တောင်၌ ထာဝရဘုရားကိန်းအောင်းရာ၊ ထာဝရဘုရားကို ကိုးကွယ်ဝတ်ပြုရာ ဗိမာန်တော်ရှိသည်။ ထာဝရဘုရားသည် ဣသရေလဟူသော သူတို့လူမျိုးကိုပေါ်ပေါက်စေခဲ့သော လူမျိုးတော်အဖြစ်ရွေးချယ်ခဲ့သော ဘုရားဖြစ်သည်။ ဗာဗုလုံပြည် (ယခု အီရတ်) မှ အီဂျစ်ပြည်တလျှောက် တိရိစ္ဆာန်အုပ်များကို ထိန်းကြောင်းရင်းရေကြည်ရာ၊ မြက်နုရာဒေသများသို့လှည့် လည်သွားလာနေကြသော ခြေသလုံးအိမ်တိုင်များဘဝမှ၊ နို့ နှင့် ပျားရည်စီးသော ခါနန်ပြည်တွင် ကိုယ့်ထီးကိုယ့်နန်းနှင့် ယေရုရှလင်မြို့ အခြေပြုမြို့ပြနိုင်ငံထူထောင်နိုင်သည့် အဆင့်အထိမြှင့်တင်ပေးခဲ့သူမှာ ထာဝရဘုရားသခင်ဖြစ်သည်။ ထို့ကြောင့် ဣသရေလတို့၏ဘဝသည် ထာဝရဘုရား၊ ဣသရေလတို့၏ အသက်သည် ထာဝရဘုရားဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရား၏ အိမ်တော်၊ ထာဝရဘုရားကိုဝတ်ပြုကိုးကွယ်ရာ ဇိအုန်တောင်မှ ဗိမာန်တော်သည် ဣသရေလတို့အတွက် အထွတ်အမြတ်ဆုံးဖြစ်သည်။ ထို့ကြောင့်ပင် ဗိမာန်တော်တည်ရှိရာ ယေရုရှလင်မြို့သည် ဣသရေလတို့၏နှလုံးသားဖြစ်လာရပေသည်။

သို့သော် သူတို့၏မြို့တော် ယေရုရှလင်သည် (587 B.C) တွင် ဗာဗုလုံလူမျိုးတို့၏ ဖျက်ဆီးခြင်းကိုခံလိုက်ရပြီး၊ ဣသရေလလူမျိုးများစွာလည်း သုံ့ပန်းအဖြစ်ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ သူတို့၏နှလုံးသားဖြစ်သော ယေရုရှလင်မြို့

တော်သာမက သူတို့၏အသက်တမျှတန်ဖိုးထားသော ယေရုရှလင်ဗိမာန်တော်ကြီးပါ ဖျက်ဆီးခြင်းခံလိုက်ရသည်။ တစ်နည်းအားဖြင့် ဣသရေလတို့ဘဝပျက်သွားရခြင်းပင်ဖြစ်ပါသည်။ ဣသရေလ အမျိုးပျက်သုဉ်းပျောက်ကွယ်သွားရတော့မည့်အရေးပင်ဖြစ်ပါသည်။ ယေရုရှလင်သည် ဣသရေလတို့၏နှလုံးသား၊ ယေရုရှလင်သည် သူတို့၏အသက်၊ ဘဝပင်ဖြစ်လေတော့သည်။

"ယေရုရှလင်၊ ငါနေရင်းပြည်
အောက်မေ့ဖွယ်သောနာမည်
ဒုက္ခငြိမ်း၍ ပျော်ရွှင်ခြင်းများ
ဘယ်ခါတွေ့ရမည်နည်း . . . "ဟူသော ဓမ္မသီချင်းအမှတ် (၂၃၆) မှ စာသားမှာ ဣသရေလလူမျိုးတို့၏ ခံစားချက်ကိုထင်ဟပ်ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ယေရုရှလင်ဟူသောအသံကိုကြားလျှင် ဣသရေလတို့ ရင်တဒိတ်ဒိတ်ခုန်ကြပေမည်။ ယေရုရှလင်ကို ဘယ်တော့မှ သူတို့မမေ့။ ရွေခြားမြေခြားသုံ့ပန်းဘဝ၌ ပို၍ပင်ယေရုရှလင်ကိုမျှော်လင့်လျှက်ရှိပေသည်။

ယခုမူ သူတို့၏မျှော်လင့်ချက် ပြည့်ဝလာခဲ့ပေပြီ။ အီဂျစ်ပြည်မှ ပင်လယ်နီနှစ်ခြမ်းခွဲ၍ လွတ်မြောက်စေခဲ့သော ထာဝရဘုရားက သူတို့ကို ဝေးလံလှသောသုံ့ပန်းခံရာအရပ်မှ အသုတ်သုံးသုတ်ခွဲ၍ ယေရုရှလင်သို့ပြန်လာခွင့်ရခဲ့ပေပြီ။ ဗိမာန်တော်ကိုမူ ပထမအသုတ်ပြန်လာခဲ့သော ဇေရုဗဗေလနှင့် ယောရှုတို့လက်ထက်တွင် တည်ဆောက်ခဲ့သည်။ ဇဂရနှင့် နေဟမိတို့လက်ထက်တွင်မူ ယခုကဲ့သို့ ယေရုရှလင်မြို့ရိုး၊ ယေရုရှလင်အခြေပြုဣသရေလလူမျိုးစုကို ပြန်လည်တည်ထောင်နိုင်ခဲ့သည်။ တနည်းအားဖြင့် ယေရုရှလင်ဟူသော သူတို့၏နှလုံးသားကို ပြန်လည်ရရှိခဲ့သည်။ ဤယေရုရှလင် မည်သို့မည်ပုံအချိန်တိုအတွင်း ပြန်လည်တည်ထောင်နိုင်ခဲ့ရပါသနည်း။ အံရေးကြီးသောအချက် (၄) ချက်ရှိခဲ့သည်ကို မြင်ရပါသည်။

(၁) အရာခပ်သိမ်း၌ အစပြုသူမှာ ဘုရားသခင်ဖြစ်ပါသည်။ သုံ့ပန်းခံ ဣသရေလတို့ ယေရုရှလင်ပြန်ခွင့်ရရန် ကုရုမင်း၏စိတ်ကိုအစပြု၍ နိုးဆော်ခဲ့သူမှာ ထာဝရဘုရားသခင်ဖြစ်သည်။ (ဧဇရ ၁း၁-၄)။ ဘုရားသခင်နိုးဆော်သည့်အတိုင်းလည်း ဣသရေလအမျိုးသားတို့ ဗိမာန်တော်ကို ယေရုရှလင်၌ပြန်၍တည်ရန် ထကြပါသည်။ (ဧဇရ ၁း၅)။ ဘုရားသခင်သည် မိမိဖြစ်စေချင်သောအရာတို့ကို လူတို့အား နည်းအမျိုးမျိုးဖြင့် အစပြု၍ဖွင့်ပြနေသည်ကို သမ္မာကျမ်းတစ်ခုလုံး၌တွေ့ရသည်။ ထိုဖွင့်ပြမှုကို လူသားတို့မြင်လျှက်ပင် မတွေ့၊ ကြားလျှက်ပင် နားမလည်ကြ။ မြင်ကြသူ၊ နားလည်ကြသူများရှိသော်လည်း လိုက်မလုပ်ကြပေ။ အဘယ်ကြောင့်နည်း။ ထာဝရဘုရားကို မသိသောကြောင့်လည်းကောင်း၊ သိသော်လည်း ထာဝရဘုရားနှင့်ပတ်သက်လျှင် ရင်မခုန်တတ်၊ နှလုံးသားများအေးစက်မာကြောနေသောကြောင့်ဖြစ်ပေသည်။ ဣသရေလတို့မှာ ထိုသို့မဟုတ် ထာဝရဘုရားနှင့်ပတ်သက်လျှင် သွေးတိုး၍ ရင်ခုန်ကြသူများဖြစ်သည်။ စားလည်းဘုရား၊ သွားလည်းဘုရား၊ အိပ်လည်းဘုရား၊ အရာခပ်သိမ်းသည် ထာဝရဘုရားနှင့် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် ထာဝရဘုရားအိမ်တော်ရှိရာ ယေရုရှလင်မြို့ရိုးပြိုကျမ်းလောင်ကြောင်းနှင့် ယေရုရှလင်၌ ကြွင်းကျန်ရစ်သော ဣသရေလလူမျိုးတို့၏ ဆင်းရဲဒုက္ခကိုကြားရသောနေဟမိအလွန်ကြေကွဲ၊ ပူပင်ခံစားခဲ့ရသည်။ (နေဟမိ ၁း၁-၄)။ ပူပင်ခံစားနေရုံနှင့်မပြီးဘဲ နေဟမိသည် ဆုတောင်းကာလက်တွေ့လုပ်ဆောင်ခဲ့ပေသည်။ ထာဝရဘုရားနှင့်ပတ်သက်လာလျှင် သွေးမတိုး၊ ရင်မခုန်သ၍ အစပြု၍အလိုတော်ကိုဖွင့်ပြလျက်ရှိသော ဘုရားသခင်၏ဖွင့်ပြခြင်းကို မြင်လျက်ပင် မတွေ့၊ ကြားလျက်ပင် နားမလည်ရှိနေပေလိမ့်မည်။ မတွေ့၊ မကြား၊ ခံစားချက်မရှိလျှင် အဘယ်သို့ဘုရားသခင်အလိုတော်ကို လိုက်လျောက်နိုင်ကြမည်နည်း။

(၂) ယေရုရှလင်ပြန်လည်တည်ထောင်နိုင်ရေးအတွက် ဣသရေလတို့ စွန့်လွှတ်၊ စွန့်စားမှုများပြုလုပ်ခဲ့ရသည်။ နေဟမိသည် ယေရုရှလင်ကိုပြန်၍တည်ထောင်နိုင်ရေးအတွက် မျက်နှာညိုးငယ်ခြင်းပြုလျက် အာတဇေရတ်မင်းကြီးကို စွန့်စားပြီးလျှောက်ခဲ့ရသည်။ (နေဟမိ ၂း၁-၃)။ လျှောက်တင်ရမည့်အကြောင်းအရာမှာလည်း နေရင်းဣသရေလပြည် ယေရုရှလင်မြို့သို့ ပြန်၍မြို့တည်ဖို့ဖြစ်သည်။ ရှင်ဘုရင် အထင်လွဲစရာအကြောင်းရှိသည်။ အဆင်မသင့်ပါကအသက်ပင်ဆုံးနိုင်သည်။ သို့သော် နေဟမိသည် မိမိကိုယ်တိုင် အလွန်ကြောက်ရွံ့လျက်ရှိသော်လည်း ယေရုရှလင်မြို့ကို ပြုပြင်ရန်ပြန်လိုကြောင်း ရှင်ဘုရင်ထံစွန့်လွှတ်စွန့်စား၍ လျှောက်တင်ခဲ့ရသည်။ (နေဟမိ ၂း၃-၆)။ ထိုသို့ မလျှောက်တင်မီ ဘုရားသခင်ထံဆုတောင်းရုံမက




The Tomb of Absalom

ရှင်ဘုရင်က ယေရုရှလင်သို့ပြန်သည်မှစ၍ မြို့ကိုတည်ဆောက်ပြီး၍ ရှင်ဘုရင်ထံပြန်ရောက်ချိန်ကို မေးသောအခါ အဆင့်ဆင့်ဖြေနိုင်ကြောင်းကိုကြည့်ခြင်းဖြင့် မိမိလုပ်ဆောင်ရမည့်လုပ်ငန်းအတွက် ကြိုတင်၍ စီစဉ်တွက်ဆထားပြီးဖြစ်ကြောင်းလည်း သိရသည်။ (နေဟမိ ၂း၆)။ ငင်းအပြင် ရရှိသောအခွင့်အရေးကိုလည်း အရယူကာ အကောင်းဆုံး အသုံးချသွားသည်ကိုလည်း တွေ့ရသည်။ (နေဟမိ ၂း၇-၈) မည်သို့ပင်ဆိုစေ သုံ့ပန်းခံရာဒေသမှ ယေရုရှလင်အထိ ဝေးလံသောခရီးကြားရှိ တွေ့ကြုံရမည့် အန္တရာယ်များကိုလည်း မကြောက်မရွံ့စွန့်လွှတ်စွန့်စား၍ ယေရုရှလင်နေဟမိနှင့် ဣသရေလလူတစုဖြတ်ကျော်ပြီး ယေရုရှလင်ရောက်ပြန်နိုင်ခဲ့ကြသည်။ ဘုရားသခင်အလိုတော်ကို အကောင်အထည်ဖော်ဆောင်ရခြင်း၊ အလိုတော်အတိုင်းအသက်ရှင်ရခြင်း၊ ဘုရားနှင့် လူတို့၏ထိတွေ့ဆက်ဆံမှုတိုင်း၌ စွန့်လွှတ်စွန့်စားမှုများရှိနေပါသည်။

ယေရုရှလင်မြို့ရိုး၊ ယေရုရှလင်မြို့နှင့် ယေရုရှလင်အခြေပြု ဣသရေသရေလလူစုပြန်လည်တည်ထောင်ရာတွင် နေဟမိ၏ နိုးကြားတက်ကြွသောခေါင်းဆောင်မှု၊ တာဝန်ယူတတ်သော ခေါင်းဆောင်မှုတို့သည် အရေးကြီးသော ကဏ္ဍတွင်ရှိခဲ့ကြောင်းတွေ့ရသည်။ လူထုအားရည်ရွယ်ချက်ကို သိရှိသဘောပေါက်အောင်နှင့် စိတ်ဓာတ်တက်ကြွမြင့်မားစေရန် လှုံ့ဆော်နိုင်ခဲ့သည်။ (နေဟမိ ၂း၁၇-၁၈)။ အခြေအနေကို သုံးသပ်ပြီး မြို့ရိုးကိုမည်သို့တည်ဆောက်ရမည်ကို လျှင်မြန်စွာ ဆုံးဖြတ်ချက်ချပြီး လျှင်မြန်စွာပင် အကောင်အထည်ဖော်ခဲ့သည်။ လူထုကို အမြဲမပြတ် စည်းရုံးလှုံ့ဆော်ခဲ့သည်။ လုံခြုံရေးနှင့် မြို့ရိုးတည်ဆောက်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းလုပ်ဆောင်ခဲ့သည်။ နေဟမိအခန်းကြီး (၄) တွင် နေဟမိ၏ အံ့သြဖွယ်ရာ စီမံဦးဆောင်မှုကိုတွေ့နိုင်သည်။

ခ။ ကျမ်းတတ်ဆရာ ဧဇရ၏ ဝိညာဉ်ရေးဆိုင်ရာ ခေါင်းဆောင်မှုကြောင့်လည်း လူထုကြီး၌ ဝိညာဉ်ရေးဆိုင်ရာနိုးထမှုကြီးကိုဖြစ်စေကာ၊ ရှေးယခင်ကကဲ့သို့ ထာဝရဘုရားကို အခြေခံသောယေရုရှလင်ဣသရေလလူစုကို ပြန်လည်တည်ထောင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ဤနေရာ၌ ဝိညာဉ်ပိုင်းဆိုင်ရာနိုးထမှုဆိုရာတွင်လည်း အခြားမဟုတ်ကျမ်းစာ (ပညတ္တိကျမ်း) ကို လူအများကြားစေရန် (၇) ရက်တိုင်ရွတ်ဘတ်၍ လူအများနားလည်စေရန် အနက်ဖွင့်ပြခြင်းကြောင့်ပင်ဖြစ်ပါသည်။ စင်စစ် ယုဒလူမျိုးတို့၏ဘဝအသက်တာတစ်ခုလုံးသည် ကျမ်းစာ (ပညတ္တိကျမ်း) အပေါ် အခြေခံ၍တည်ဆောက်ထားခြင်းဖြစ်သည်။ သူတို့အသက်တာ၏ အမြင့်ဆုံးစံနှုန်းသည် ထာဝရဘုရား၏အလိုတော် (ဝါ) နှုတ်ကပတ်တော် (ဝါ) ကျမ်းစာပင်ဖြစ်ပါသည်။ (နေဟမိ ၈း၁-၁၈)။ ဤသို့လျှင် နေဟမိ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်မြင့်တင်ရေးဆိုင်ရာခေါင်းဆောင်မှုနှင့် ဧဇရ၏ဝိညာဉ်နိုးထမှုဆိုင်ရာ ခေါင်းဆောင်မှုတို့သည် ယေရုရှလင်ပြန်လည်တည်ထောင်မှုတွင် အလွန်အရေးကြီးသောကဏ္ဍတွင် ရှိနေကြောင်းတွေ့ရသည်။

(၄) အမှန်စင်စစ် ယေရုရှလင်ပြန်လည်တည်ထောင်မှုကြီး ပြီးစီးစေရန် အဓိကလုပ်အားပေးဆက်ကပ်ခဲ့သူမှာ ဣသရေလလူထုကြီးပင်ဖြစ်ပါသည်။ ယေရုရှလင်နှင့် ပတ်သက်၍ နေဟမိ၏လှုံ့ဆော်မှုသည် သူတို့၏နှလုံး သားကို ပြင်းထန်

စွာလှုပ်ရှားထိခိုက်စေသဖြင့် **"ငါတို့သည် ထ၍တည်ကြကုန်အံ့"** ဟုဆိုလျက် ထိုကောင်းမှုကို ပြီးစီးစေခြင်းငှာ တစ်ယောက်ကိုတစ်ယောက် နှိုးဆော်ကြကြောင်းတွေ့ရသည်။ (နေဟမိ ၂း၁၈)။ အဘယ်ကြောင့် နေဟမိ၏ လှုံ့ဆော်မှုသည် သူတို့၏စိတ်နှလုံးကို ထိခိုက်လှုပ်ရှားစေရသနည်း။ ထာဝရဘုရား၏အရေးသည် သူတို့၏အရေး၊ ထာဝရဘုရားသည် သူတို့၏ဘဝ၊ သူတို့၏ဘဝတွင် ပထမ၊ သူတို့၏ဘဝတွင် ဒုတိယ၊ သူတို့၏ဘဝတွင် တတိယ စသည်ဖြင့် သူတို့၏ဘဝနှင့် ရှင်သန်ခြင်းတခုလုံးတွင် လွှမ်းမိုးလျက်ရှိသောကြောင့် ထိုလွှမ်းမိုးမှုကိုလည်း ကြေနပ်စွာခံယူလျက်ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားနှင့် ဆိုင်သော ယေရုရှလင်အရေးကို နေဟမိက လှုံ့ဆော်သောအခါ သူတို့နှလုံးသားကို တိုက်ရိုက်ထိမှန်၍ ချုပ်တည်းမရတော့ဘဲ **"ငါတို့သည် ထ၍တည်ကြကုန်အံ့"** ဟု အချင်းချင်းတိုက်တွန်းနှိုးဆော်ကာ အခက်အခဲ၊ အန္တရာယ်အသွယ်သွယ်ကြားမှ နိုးကြားတက်ကြွစွာ ညီညွတ်စွာ အစွမ်းကုန်လုပ်ဆောင်ခဲ့သဖြင့်၊ ယေရုရှလင်မြို့ရိုးသည် (၅၂) ရက်အကြာတွင် ပြီးစီးခဲ့ကြောင်းတွေ့ရသည်။ ဤနေရာတွင် လူထုကြီး၏ အခြေခံယူချက်၊ ထိုခံယူချက်ကို ဆန်းသစ်စေရန် သတိပြုမိလာစေရန် လှုံ့ဆော်မှုနှင့် လူထုပရိသတ်အချင်းချင်း တစ်ယောက်ကိုတစ်ယောက် နှိုးဆော်မှု၊ အားပေးမှုသည်လည်း အရေးကြီးသောကဏ္ဍတွင်ရှိနေကြောင်း တွေ့ရသည်။ လူထုပရိသတ်က တက်ကြွစွာမပါဝင်က ပြီးမြောက်အောင်မြင်နိုင်ခြင်းရှိမည် မဟုတ်ပေ။

ထိုအချက်များကို ပြန်၍ခြုံငုံကြည့်လျှင် ယေရုရှလင်ပြန်လည်တည်ထောင်ခြင်း ပြီးစီးရန်အတွက် ဣသရေလလူမျိုးအားလုံး၌ တူညီသောပန်းတုံးတိုင်ရှိပြီး ထိုရည်ရွယ်ချက်ကိုလည်း အားလုံးကကောင်းကောင်းသဘောပေါက်ထားကြသည်။ ယေရုရှလင်ပျက်စီးခြင်းသည် သူတို့၏ပျက်စီးခြင်း၊ ယေရုရှလင်ပျောက်ကွယ်သွားခြင်းသည် ဣသရေလတို့ ပျောက်ကွယ်သွားခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်နည်း။ ယေရုရှလင်၌ သူတို့၏ဘဝ၊ သူတို့၏အသက်ဖြစ်သော ထာဝရဘုရား၏အိမ်တော်၊ ထာဝရဘုရားကို ဝတ်ပြုကိုးကွယ်ရာဗိမာန်တော်ရှိသည်။ ဗိမာန်တော်ပျက်စီးခြင်းသည် ထာဝရဘုရားကို ထိခိုက်ခြင်း (ဝါ) ဗိမာန်တော်မရှိလျှင် ထာဝရဘုရားသူတို့နှင့် မရှိတော့သကဲ့သို့ ခံစားခြင်းဖြစ်ကြသည်။ ယေရုရှလင်မြို့ရိုးပျက်စီးခြင်း၊ မြို့ပျက်ခြင်း၊ ဗိမာန်တော်လုံခြုံရေးကို မထိန်းသိမ်းနိုင်ခြင်းနှင့် ယေရုရှလင်အခြေပြုဣသရေလလူစု၏ ကစဉ့်ကလျားဖြစ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ယေရုရှလင်သည် ဣသရေလတို့၏



နှလုံးသား၊ ယေရုရှလင် အကြောင်းကြားလျှင် ဣသရေလတို့နှလုံးသား တဒိတ်ဒိတ်ခုန်ကြရခြင်းဖြစ်သည်။ သို့သော် ယေရုရှလင်၏အခြေခံအုတ်မြစ် (ဝါ) အနှစ်သာရကား ထာဝရဘုရားပင်ဖြစ်ပါသည်။

ယနေ့ခရစ်ယာန်များ၏ဘုရားသည် ဣသရေလတို့ကိုးကွယ်သောထာဝရဘုရားပင်ဖြစ်ပါသည်။ ထိုထာဝရဘုရားကပင် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်က လူ့လောကသို့ဆင်းသက်လာပြီး၊ လူမျိုးရေးနှင့် မဆိုင်၊ လူ့အဆင့်အတန်းနှင့်မဆိုင်၊ နိုင်ငံဒေသတို့နှင့်မဆိုင်၊ နေရာတိုင်း၊ အချိန်တိုင်း၊ လူတိုင်းနှင့် စပ်ဆိုင်သော ယေရုရှလင်လူစုအသစ်ကို တည်ထောင်ခဲ့ပါသည်။ ဤယေရုရှလင်လူစုသစ်မှာ အသင်းတော်ပင်ဖြစ်ပါသည်။ ကမ္ဘာလောကကြီးတစ်ခုလုံးသည် ဘုရားသခင်၏ဖန်ဆင်းရာဖြစ်ပြီး နေရာတိုင်းသည် ဘုရားသခင်ကျိန်းဝပ်ရာ၊ ဘုရားသခင်ကိုကိုးကွယ်ရာနေရာများဖြစ်ပါသည်။ ထာဝရဘုရားကို ယုံကြည်သူတိုင်းသည် လူမျိုးရေးနှင့် မဆိုင်သော ဣသရေလလူစုသစ်များဖြစ်ပြီး ဖန်ဆင်းခံလူသားအားလုံးသည်လည်း ထိုလူစုသစ် (ဝါ) ဘုရားသခင်၏ လူစုဝင်ဖြစ်ရန် အခွင့်အရေးအပြည့်အဝရှိပါသည်။ ဘုရားသခင်အလိုတော်မှာ ဖန်ဆင်းခံလူသားအားလုံး မိမိထံပြန်လှည့်လာရေး (ဝါ) အလိုတော်သည် ကောင်းကင်ဘုံ၌ကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံလာရေးပင်ဖြစ်ပါသည်။ ယနေ့ခရစ်ယာန်များလည်း တည်ဆောက်တည်ထောင်နေကြပါသည်။ ခရစ်ယာန်မြို့ရိုးများ ကြီးမားကျယ်ပြန့်စေရန် တည်ထောင်နေခြင်းလော။ လူမျိုးရေးအခြေခံခရစ်ယာန်မြို့ရိုး၊ ဂိုဏ်းဂဏအဖွဲ့အစည်း၊ ကိုယ်ပိုင်အမြင် ကိုယ်ပိုင်ခံယူချက် မြို့ရိုးများတည်ဆောက်နေခြင်းလော။ ဘုရားသခင်အလိုတော်ကို ဖော်ဆောင်နေခြင်းလောဟု ဆင်ခြင်သုံးသပ်စရာများရှိနေပါသည်။ ယခင်ခေတ်မှဟောင်း ဣသရေလလူမျိုးတို့အချိန်က ယေရုရှလင်ဗိမာန်တော်နှင့် မြို့ရိုးပျက်စီးခဲ့ပါသည်။ ယနေ့ဘုရားသခင်ဖန်ဆင်းရာ လောကကမ္ဘာကြီး၌ ဘာတွေပျက်စီးနေသလဲ။ ချစ်ခြင်းမေတ္တာကင်းမဲ့ကာ၊ အတ္တများကြီးမားလျက် လူသားတို့၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တများပျက်စီးယိုယွင်းလျက်ရှိပါသည်။ ဤအတွင်းသဘောကိုအခြေပြုလျက် အပြင်သဘောဖြစ်သော စစ်မက်ဖြစ်ပွားခြင်း၊ ကြီးနိုင်ငယ်ညှင်းခြင်း၊ တရားမျှတမှုမရှိခြင်း၊ ဖိနှိပ်ခြင်း၊ ညှင်းဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ လက်စားချေခြင်း၊ အပြိုင်အဆိုင်အနိုင်လုခြင်းများသည် လူ့အရေးအရာအသီးသီး၌ ဖြစ်ပေါ်ပြည့်နှက်လျက်ရှိပါသည်။ ဤပျက်စီးယိုယွင်းမှုများ၏အခြေခံမှာ လူသားတို့ ဘုရားသခင်ကိုမသိခြင်း၊ ဘုရားသခင်၏စကားကိုနားမထောင်ခြင်းမှ ဖြစ်ပေါ်လာသောအပြစ်၏အကျိုးဆက်များပင်ဖြစ်ပေသည်။ ယနေ့ ခရစ်ယာန်ဂိုဏ်းဂဏများ၊ အသင်းအဖွဲ့များ၊ ခံယူထင်မြင်ချက်များ အပြိုင်အဆိုင်တည်ဆောက်နေခြင်းသည် ဘုရားသခင်အလိုတော် ဤလောကတွင်ပြည့်စုံကျယ်ပြန့်စေရန်ဆိုလျှင် ကောင်းပါသည်။ သို့သော် ပဒေသရာဇ်နိုင်ငံငယ်များအပြိုင်အဆိုင် တည်ထောင်နေသကဲ့သို့မဖြစ်သင့်ပေ။

မည်သို့ဆိုစေ ဘုရားသခင်အလိုတော် မြေကြီးပေါ်မှာပြည့်စုံစေဖို့၊ ဘုရားသခင်နိုင်ငံတော်ကျယ်ပြန့်ဖို့ တည်ဆောက်တည်ထောင်ရာတွင်ကား ထာဝရဘုရားကိုသိသောခရစ်ယာန်များ၏တာဝန်ဖြစ်ပေသည်။ သို့သော် ယေရုရှလင်နှင့်ပတ်သက်လာလျှင် ထာဝရဘုရားနှင့်ပတ်သက်လာလျှင် ရှေးဣသရေလလူမျိုးတို့နှလုံးသွေးတဒိတ်ဒိတ်ခုန်သကဲ့သို့၊ ယနေ့ခရစ်ယာန်များ ဘုရားသခင်အလိုတော် မြေကြီးပေါ်၌ ပြည့်စုံဖို့အရေး၊ ထာဝရဘုရား၏အရေးနှင့်ပတ်သက်လာလျှင် ရင်ခုန်ခြင်း၊ တက်ကြွခြင်းရှိပါသလား။ ထာဝရဘုရားသည် ခရစ်ယာန်တို့၏အသက်၊ ခရစ်ယာန်တို့၏ နှလုံးသား၊ ခရစ်ယာန်တို့ဘဝတစ်ခုလုံးကို လွှမ်းမိုးလျက်ရှိပါသလား။ ခရစ်ယာန်တို့၌ ဘုရားသခင်အလိုတော်ဆောင်ခြင်းဆိုသော တူညီသောပန်းတုံးတိုင်များရှိပါသလား။ နေဟမိ၊ ဧဇရတို့ကဲ့သို့ ပရိသတ်အား ကိုယ်ကျိုးစွန့်လျက်၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဝိညာဉ်ပိုင်းနိုးထတက်ကြွမှုရှိအောင် စွမ်းဆောင်နိုင်သောခေါင်းဆောင်များရှိပါသလား။ ခရစ်ယာန်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအားပေး၍ အားလုံးကပါဝင်ကာ စုပေါင်းဆောင်ရွက်ခြင်းရှိပါသလား။ ဤကဲ့သို့ လားပေါင်းများစွာကို မိမိတို့အတွင်းအဇ္ဈတ္တအထိ ထိခိုက်သဘောပေါက်အောင် ပြန်မေးကြရင်း၊ ဘုရားသခင်နိုင်ငံတော်နှင့် အလိုတော်သည် မြေကြီးပေါ်၌ပြည့်စုံစေရန် "ငါတို့သည် ထ၍တည်ကြကုန်အံ့" ဟု နှိုးဆော်လိုက်ရပေသည်။

မေတ္တာဖြင့် . . .

ဘုန်းတော်ကြီး စတီဗင်သန်းမြင့်ဦး

၆. ၈. ၂၀၀၁

ဆရာသည် သန့်ရှင်းသောကားတိုင်ခေမ္မတက္ကသိုလ်၏ ကထိကဖြစ်ပြီး ကြည့်မြင်တိုင်ရှင်မိက္ခေလအသင်းတော်၏ အကူဘုန်းတော်ကြီးလည်း ဖြစ်ပါသည်။

# မဟာစေစားချက်နှင့် သာသနာပြုစုပျိုးထောင်ခြင်း

ဦးအောင်လှထွန်း

### မဟာစေစားချက်

ခရစ်တော်ယေရှုသည် မိမိ၏လောကအသက်တာ နောက်ဆုံးအချိန်များတွင်လည်းကောင်း၊ ရှင်ပြန်အပြီး ထမြောက်ပြီးနောက် ကောင်းကင်ဘုံသို့မတက်ကြွမီအချိန်တွင်လည်းကောင်း တပည့်တော်ကြီးများအား အရေးကြီးသည့်မှာကြားချက်နှင့် တာဝန်ပေးစေခိုင်းချက်များကို ပြုလုပ်ခဲ့၏။ မိန့်မှာစေခိုင်းခဲ့သော နောက်ဆုံးစကားရပ်တစ်ခုမှာ

"သင်တို့သည်သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသောပညတ်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့။ (မဿ ၂၈း၁၉) ဟူ၍ဖြစ်၏။ ဤမိန့်မှာထားတော်မူချက်ကို ယနေ့ခရစ်ယာန်အသင်းတော်တွင် "မဟာစေစားချက်" ဟုတင်စားခေါ်ဆိုကြ၏။ ဤမိန့်မှာချက်သည် ကိုယ်တော်ရှင်ယေရှုက တပည့်တော်များအား နောက်ဆုံးပေးအပ်ခဲ့သည့် တာဝန်ဖြစ်၏။

ဤမိန့်မှာစေခိုင်းချက်တွင် အပိုင်းနှစ်ပိုင်းပါရှိ၏။ ပထမပိုင်းမှာ ဝမ်းမြောက်ဘွယ်သတင်းကောင်းကို လူတိုင်းကြားသိရန် ဟောပြောခြင်း၊ လက်တွေ့အသက်ရှင်နေထိုင်သက်သေခံခြင်းအားဖြင့် ကြေငြာပြောကြားပြုရန်ဖြစ်၏။ ဒုတိယပိုင်းမှာ ဤသို့ဟောပြောသက်သေခံခြင်းအားဖြင့် မိမိအားယုံကြည်ခြင်းသို့ရောက်ရှိလာသူတိုင်းအား မိမိပြောဆိုမိန့်ကြားသမျှကို ပြည့်ဝစုံလင်စွာ သင်ကြားပေး၍ တစ်နေ့တခြား ဝိညာဉ်ရေးတွင် ရှင်သန်ကြီးထွား ပီပြင်သောခရစ်ယာန် အသက်တာကို တည်ဆောက်နိုင်သည်အထိ ပြုစုပျိုးထောင်ပေးရန်တို့ပင် ဖြစ်၏။

ခရစ်တော်ယေရှုက "သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ၏တပည့်များဖြစ်ကြ၏။" (ယော ၈း၃၁) ဟု မိန့်မှာခဲ့သည့်အတိုင်း ဤမဟာစေစားချက်ကို လိုက်နာလုပ်ဆောင်ခြင်းသည် ကိုယ်တော်ရှင်ယေရှု၏ စကားတော်ကိုနာခံသော တပည့်တော်စစ်တစ်ဦး၏ အသွင်လက္ခဏာတစ်ခုပင်ဖြစ်၏။

### မဟာစေစားချက်နှင့် မဟာချန်လှပ်ချက်

ခရစ်တော်ယေရှုက ဤမဟာစေစားချက်ကို အလေးအနက်ထား၍ နောက်ဆုံးမိန့်မှာခဲ့သော်လည်း၊ ယနေ့များစွာသောအသင်းတော်နှင့် ယုံကြည်သူ၏ လှုပ်ရှားရှင်သန်မှုကိုကြည့်မည်ဆိုပါက "မဟာစေစားချက်" သည် "မဟာချန်လှပ်ချက်" အဖြစ်သို့ရောက်နေသည်ကို တွေ့ရမည်ဖြစ်ပြီး ယနေ့အသင်းတော်များစွာတွင် ကိုယ်တော်ရှင်မှာကြားခဲ့သည်တို့ကို လုပ်ဆောင်ရန်ပျက်ကွက်ခြင်း၊ ချန်လှပ်ခြင်း၊ ဥပက္ခာပြုခြင်းများရှိနေသည်ကို အထင်အရှားတွေ့ရမည်ဖြစ်၏။ ဤသို့ပျက်ကွက်မှု "မဟာချန်လှပ်မှု" တို့ကြောင့် ယနေ့ကမ္ဘာအရပ်ရပ်တွင် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို မကြားဖူးသူများ၊ မသိသူများ မြောက်များစွာ ကျန်ရှိနေသေးသည်ကိုတွေ့ရမည်ဖြစ်၏။ ယုံကြည်ခြင်းသို့ရောက်လာသူများကိုလည်း ကိုယ်တော်ရှင်မိန့်မှာခဲ့သည့်အတိုင်း တာဝန်ရှိသူများက ပြည့်ဝစုံလင်စွာသင်ကြားပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်း၌ ပျက်ကွက်ကြသဖြင့် တစ်ဦးခြင်း၏ ဝိညာဉ်အသက်တာကြီးထွားခြင်းတွင်လည်းကောင်း၊ အသင်းတော်တစ်ခုလုံးရှင်သန်တိုးတက်ခြင်းတွင်လည်းကောင်း နှေးကွေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်၏။

### ရှေးဦးအသင်းတော်နှင့် မဟာစေစားချက်

မဟာစေစားချက်သည် အသင်းတော်ကိုစတင်တည်ထောင်ခဲ့သော တမန်တော်ကြီးများ၊ ရှေးဦးတပည့်တော်များအတွက် အသင်းတော်ကိုတည်ထောင်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုစုပျိုးထောင်ခြင်းပြုရာတွင် အခြေခံအုတ်မြစ်ဖြစ်ခဲ့၏။

တမန်တော်ကြီးများ၊ အသင်းတော်ဖခင်ကြီးများသည် မိမိတို့နေရင်းမြို့ရွာကိုစွန့်ခွာ၍ အသက်ကိုပဓာနမထားဘဲ တိုင်းနိုင်ငံအရပ်ရပ်သို့သွားရောက်ပြီး၊ ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြေငြာပြောကြားခြင်း၊ ယုံကြည်ခြင်းသို့ရောက်လာသူများကို အချိန်ပေး၍သင်ကြားပေးပြီး အသင်းတော်များကို တည်ထောင်ကာ ပြုစုပျိုးထောင်ခြင်းတို့ကိုပြုခဲ့ကြသဖြင့် ခရစ်ယာန်အသင်းတော်ကြီးသည် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ခရစ်ယာန်အသင်းတော်သမိုင်းတစ်လျှောက် အထူးသဖြင့် ၁၈-၁၉ ရာစုနှစ်တို့တွင် မိမိတို့အသက်တာကိုဆက်ကပ်ပြီး ကမ္ဘာအရပ်ရပ်သို့သွားရောက်ကာ ဝမ်းမြောက်ဘွယ်သတင်းကိုပြောကြားခြင်း၊ ယုံကြည်ခြင်းသို့ရောက်သူများနှင့် ကာလရှည်ကြာစွာနေထိုင်၍သင်ကြားလေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းတို့ကြောင့် ယခုအခါ ကမ္ဘာအရပ်ရပ်တွင် အသင်းတော်ကြီးသည် တည်ရှိနေပြီးဖြစ်၏။

ထို့ကြောင့် အနာဂါတ်ကာလတွင် ဆက်လက်၍ အသင်းတော်ကြီးရှင်သန်ကြီးထွားလာသည်ကိုတွေ့မြင်လိုပါက ရှေးဦးဖခင်များနှင့် သာသနာပြုစုပျိုးထောင်ခြင်းကို လုပ်ကိုင်ခဲ့သောသာသနာပြုဆရာများ၏ စံနမူနာကိုယူ၍ အစဉ်တစိုက်ဆက်လက်လုပ်ကိုင်နေရမည်ဖြစ်၏။

### ခရစ်တော်ယေရှု၏သက်သေခံများ

ခရစ်တော်ယေရှုက ကောင်းကင်ဘုံသို့မတက်ကြွမီ တပည့်တော်တို့အား "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ တန်ခိုးကိုခံရ၍ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးဆုံးတိုင်အောင် ငါ၏သက်သေများဖြစ်လိမ့်မည်" (တမန် ၁း၈) ဟု နောက်ဆုံးမိန့်မှာခဲ့၏။ တပည့်တော်များအား ရှင်ယေရှုက "မိမိ၏သက်သေများဖြစ်လိမ့်မည်" ဟုပြောကြားရာတွင် "မိမိသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ လောကီသားတို့ကိုကယ်တင်ရန် ကောင်းကင်ဘုံမှဆင်းသက်ကြွလာ၍ လောကီသားများအား အပြစ်၏ကျေးကျွန်ဘဝမှ ရွေးနှုတ်ကယ်တင်ရန်အသက်ကိုစတေးခဲ့ပြီးနောက် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခြင်းပြုခဲ့ကြောင်း မိမိအားယုံကြည်ပါက ကောင်းကင်နိုင်ငံသို့ဝင်စားခွင့်၊ ဘုရားသခင်၏သားသမီး အမွေစားအမွေခံများအဖြစ်သို့ရောက်ရှိ၍ ထာဝရအသက်တာကိုရရှိနိုင်ကြောင်းတို့ကို ကြားသိသူတိုင်း သံသယမဝင်ဘဲယုံကြည်လက်ခံနိုင်ရန်အတွက် အသိသက်သေများဖြစ်လာရလိမ့်မည်ဟု မိန့်ကြားခဲ့ခြင်းဖြစ်၏။

သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ကြွရောက်လာ၍ စိတ်နှလုံး၌ကိန်းအောင်းခြင်းပြုလာသည့်အချိန်၌ ဝိညာဉ်တော်တန်ခိုးကြောင့် ယုံကြည်သူများသည် မိမိ၏အသိသက်သေများဖြစ်လာလိမ့်မည်ဟုလည်း ပြောကြားခဲ့သဖြင့် ယုံကြည်သူတိုင်းသည် ကိုယ်တော်ရှင်၏သက်သေများဖြစ်လာရန် သန့်ရှင်းသောဝိညာဉ်တော်ကိုဖိတ်ခေါ်၍ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာကို တည်ဆောက်ရမည်ဖြစ်၏။

ထို့ပြင်ကိုယ်တော်ရှင်ယေရှုက တပည့်တော်များအား ချက်ချင်းရပ်ရွာကိုစွန့်၍ ရပ်ဝေးသို့သွားရောက်ကာ မိမိအားသက်သေခံခြင်းအမှုကိုပြုရမည်ဟု မိန့်မှာခဲ့ခြင်းမပြုပေ။ မိမိတို့နေထိုင်ရာနေရာမှစ၍ သက်သေခံခြင်းအမှုကိုပြုပြီး ဝိညာဉ်တော်၏လမ်းညွှန်ချက်နှင့်အညီ တဆင့်ပြီးတဆင့်လုပ်ကွက်ကိုချဲ့ထွင်၍ လုပ်ဆောင်သွားရန်သာ မိန့်မှာခဲ့သည်ကိုတွေ့ရ၏။

### ရှေးဦးခရစ်ယာန်များ၏သက်သေခံချက်

ရှေးဦးခရစ်ယာန်များသည် ဝမ်းမြောက်ဘွယ်သတင်းကောင်းကို အမှန်တကယ်ရရှိထားသူများကဲ့သို့ လက်တွေ့အသက်ရှင်နေထိုင်ခဲ့ကြသဖြင့် ကမ္ဘာလောကကိုပြောင်းလဲခြင်းပြုနိုင်ခဲ့ကြ၏။ ရှေးဦးခရစ်ယာန်များ၏အသက်တာကိုလေ့လာကြည့်ပါက နှုတ်ကပတ်တရားတော်ကိုတတ်သိနားလည်၍



လက်တွေ့ကျင့်ကြံလိုက်ရောက်နိုင်ရန် အစဉ်တစိုက်သင်ကြားလေ့လာခြင်း၊ ဆင့်ကဲဆင့်ကဲသင်ကြားပေးခြင်း၊ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်၍ အစဉ်တစိုက်ဆုတောင်းခြင်း၊ အချင်းချင်း ညီရင်းအစ်ကိုမောင်နှမကဲ့သို့ မိတ်သဟာယပြုခြင်း၊ ရင်းနှီးစွာနေထိုင်၍ တစ်ဦးကိုတစ်ဦးကူညီမစခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအရှိန်အဝါကို မှီခိုအားထား၍ သက်သေခံခြင်းအမှုတို့ကိုပြုခဲ့ကြ၏။ (တမန် ၂း၄၂-၄၆)။

တစ်နည်းဆိုသော် ရှေးဦးခရစ်ယာန်များသည် ခရစ်တော်ယေရှုက နောက်ဆုံးညစာစားပွဲ၌ တမန်တော်ကြီးများအား "ငါသည် သင်တို့အားချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့" (ယော ၁၃း၁၄) ဟုမိန့်မှာခဲ့သည့်အတိုင်း လက်တွေ့အသက်ရှင်ခြင်း၊ သက်သေခံခြင်းပြုခဲ့ကြသဖြင့် တနေ့တခြားယုံကြည်သူများတိုးပွားလာပြီး အရပ်ရပ်သို့သာသနာတော်ကြီးပြန့်ပွားလာခဲ့သည်ကို သမ္မာကျမ်းစာထဲ၌ အထင်အရှားတွေ့နိုင်၏။ ဤမိန့်မှာချက်ကို သခင်ယေရှုက "ပညတ်တော်သစ်" ဟူ၍လည်းကောင်း၊ အသင်းတော်က "မဟာပညတ်တော်" ဟူ၍လည်းကောင်း တင်စားခေါ်ဝေါ်ခဲ့၏။

## မဟာစေစားချက်နှင့် မဟာပညတ်တော်

ယနေ့ယုံကြည်သူများသည် ကိုယ်တော်ရှင်ယေရှုမိန့်မှာခဲ့သော မဟာပညတ်တော်နှင့်အညီ တစ်ဦးကိုတစ်ဦးချစ်ခြင်းမေတ္တာထား၍ အသက်ရှင်ကြမည်ဆိုပါက၊ ဤသို့နေထိုင်ကြသည်ကိုမြင်ရသူတိုင်းသည် ဘုရားသခင်၏မေတ္တာတော်နှင့် ဘုန်းဂုဏ်တော်၏အရိပ်အာဝါသတို့ကို တွေ့ထိခံစားရပြီး ယုံကြည်ခြင်းသို့ရောက်လာနိုင်၏။ ထို့ကြောင့် ကိုယ်တော်ရှင်ယေရှုက "သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍၊ သင်တို့သည် ငါ့တပည့်ဖြစ်သည်ကို သိကြလိမ့်မည်" (ယော ၁၃း၃၅) ဟု မိန့်ကြားခဲ့ခြင်းဖြစ်၏။

ဝမ်းမြောက်ဘွယ်သတင်းကောင်းကို ကြေငြာပြောကြားရာတွင်လည်းကောင်း၊ အသင်းတော်ကြီးထွားလာရန်ပြုစုပျိုးထောင်ရာတွင်လည်းကောင်း "မဟာစေစားချက်" နှင့် "မဟာပညတ်တော်" တို့သည် ဒွန်တွဲလျက်နေ၏။ တစ်ခုနှင့်တစ်ခုခွဲ၍ ကျင့်ကြံလုပ်ဆောင်ခြင်းပြုရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ယုံကြည်သူတိုင်းသည် အသင်းတော်ကိုရှင်သန်ကြီးထွားစေလိုပါက ထာဝရဘုရားသခင်ကိုအကြွင်းမဲ့ချစ်ရမည်၊ သူတစ်ပါးကိုကိုယ်နှင့်အမျှချစ်ရမည့်အပြင် အချင်းချင်းလည်း တစ်ယောက်ကို



တစ်ယောက်ချစ်ရမည်။ ခရစ်တော်ယေရှု၏ မဟာစေစားချက်ကိုလည်းနာခံ၍ လက်တွေ့လုပ်ဆောင်ရမည်ဖြစ်၏။

## ရုပ်လောကလွှမ်းမိုးမှုနှင့် အသင်းတော်ပြုစုပျိုးထောင်ခြင်း

ယနေ့ကမ္ဘာအရပ်ရပ်တွင် ရုပ်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ သိပ္ပံပညာပိုင်းဆိုင်ရာတိုးတက်တီထွင်ဆန်းသစ်လာမှုများ၏အရှိန်အဟုန်ကြောင့် လူ့အသိုင်းအဝိုင်းထဲတွင် ဝိညာဉ်ရေးနှင့် ကိုယ်ကျင့်တရားကိုအရေးပေးသည်ထက် ရုပ်ပိုင်းဆိုင်ရာဆွဲဆောင်မှုနှင့် တပ်မက်ခြင်းအမျိုးမျိုးနောက်သို့ လိုက်ပါပြီး မေတ္တာတရားခေါင်းပါးကာ ဘုရားမေ့၊ တရားမေ့၊ ဘုရားမရှိ၊ တရားမသိသည့်အခြေအနေသို့ တစတစရောက်လာသည်ကိုတွေ့မြင်ရမည်ဖြစ်၏။ ဤသို့သောအခြေအနေတွင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ကြေငြာပြောကြားရာတွင်လည်းကောင်း၊ အသင်းတော်ရှင်သန်ကြီးထွားလာရန်ပြုစုပျိုးထောင်ရာတွင်လည်းကောင်း၊ ရေခံမြေခံနှင့်ကိုက်ညီသော ပြောင်းလဲလာသောလူနေမှုအဆောက်အအုံနှင့် အကျင့်အကြံများနှင့်ကိုက်ညီသော ရုပ်လောက၏လွှမ်းမိုးမှုကို ကျော်လွှားနိုင်သော ဝိညာဉ်ရေးနှင့် လူမှုရေးဆိုင်ရာများ ဒွန်တွဲနေသည့်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များကို အသင်းတော်တိုင်းအလေးအနက်ထားကာ ချမှတ်လုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်၏။ ဤသို့လုပ်ဆောင်ရာတွင် အတ္တကင်းသောအတုယူဘွယ်ရာအသက်တာဖြင့် သက်သေခံခြင်း၊ ချစ်ခြင်းမေတ္တာကိုပြခြင်း၊ အနစ်နာခံ၍ကူညီမစခြင်းစသည်တို့သည် ယုံကြည်သူ



တိုင်းလုပ်ဆောင်နိုင်သည့်အမှုဖြစ်ရုံသာမက အလွန်ထိရောက်သောနည်းများလည်းဖြစ်ပေသည်။

## ယုံကြည်သူတိုင်း၏တာဝန်

ယနေ့ယုံကြည်သူတိုင်းသည် ရှင်ပေါလုက ရောမဩဝါဒစာတွင် "မေတ္တာစိတ်သည် လျို့ဝှက်ခြင်းကင်းစေလော့၊ ဆိုးညစ်သောအမှုကို စက်ဆုတ်ရွံရှာလော့၊ ကောင်းမွန်သောအမှု၌မိဲဝဲဆည်းကပ်ကြလော့၊ ညီအစ်ကိုခြင်းချစ်သည့်အရာမှာ ပကတိပေါက်ဖော်ကဲ့သို့ တစ်ယောက်ကိုတစ်ယောက်စုံမက်ကြလော့။ သူတစ်ပါးကို ကိုယ်ထက်ချီးမြှောက်ကြလော့။ အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်ထက်သန်ခြင်းဖြင့် ဘုရားသခင်၏အလိုတော်ကိုလိုက်၍အားထုတ်ကြလော့။ မျှော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဒုက္ခရောက်သည့်အခါ သည်းခံကြလော့။ ဆုတောင်းပဌာနာပြုခြင်းကို အမြဲပြုကြလော့။ (ရောမ ၁၂း၉-၁၂) ဟု ဆိုဆုံးမခဲ့သည့်အတိုင်း အသက်ရှင်၍ "မဟာစေစားချက်" ကိုလက်တွေ့လုပ်ဆောင်ကာ ငြိမ်း အသက်တာကို ဘုရားရှင်ထံအပြည့်အဝဆက်ကပ်ခြင်း နာခံခြင်း၊ အနစ်နာခံခြင်း၊ စေတနာထားခြင်း၊ စာနာခြင်း၊ မေတ္တာဂရုဏာကိုပြခြင်းတို့ကိုရှေ့မှာထား၍ အသင်းတော်ကိုပြုစုပျိုးထောင်ခြင်းပြုမည်ဆိုပါက ယနေ့နှင့်အနာဂါတ်သာသနာတော်ကြီးသည် ဧကန်မုချ ရှင်သန်ကြီးထွားလာမည်ဖြစ်ပေသည်။

ဦးအောင်လှထွန်း
၁၇. ၇. ၂၀၀၁

*ဆရာသည် ရန်ကုန်စက်မှုတက္ကသိုလ် သတ္တုဗေဒ အင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) (အငြိမ်းစား)ဖြစ်ပြီး လက်ရှိ HCTC တွင် အချိန်ပိုင်းကထိက ဖြစ်ပါသည်။*

ဂျာလုမ်ဆောပြူး

### မှားသွားလို့

လူငယ်သင်တန်းတစ်ခုတွင် လူငယ်တစ်ဦးသည် သင်တန်းမှူးထံသို့လာပြီး

လူငယ်။ ။ "ဆရာ မနေ့ညက ကျွန်တော်သင်တန်းသူတစ်ဦးနဲ့မှားသွားလို့ အဲဒါ"
ဆရာ ။ ။ "ဟာ. . တယ်ခက်ပါလား ဒီခေတ်လူငယ်တွေ ခြေမြန်လက်မြန်ပဲကွာ၊ ကဲကဲ ဘယ်လိုမှားတာလဲပြောစမ်း"
လူငယ်။ ။ "ကျွန်တော်စကားပြောတာလောသွားလို့ပါ ဆရာ၊ ကျွန်တော်တို့မှားတာက ကျမ်းစာအုပ်ချင်းပါ"

စာမှတ်ဆိတ် (ကေတု)

### အာဒံ

တစ်နေ့တွင် ဦးလှသည် သူ့ဇနီးကို ပြောလိုက်ပုံမှာ . . .
"မိန်းမရေ မင်းဟာ ဧဝဖြစ်ရင်အရမ်းကောင်းမှာပဲ"
"ဘာဖြစ်လို့လဲ"
"ဘာဖြစ်ရမှာလဲ အဝတ်အစားဖိုးတွေ အရမ်းဈေးတက်တာလေ"
"ဒါဆိုရင် ရှင်လည်း အာဒံလိုနေရဲအောင်ကြိုးစားပေါ့" ဟု မိန်းမကပြန်ပြောလိုက်လေသည်။

မောင်လူ

# ကွဲပြားခြားနားခြင်း ၌ ညီညွတ်ခြင်း၊ ညီညွတ်ခြင်း ၌ ကွဲပြားခြားနားခြင်း

## (Unity in diversity, Diversity in Unity)

သိက္ခာတော်ရဆရာစမစ်ငူလ်ဇထောင်း

### က။ ကွဲပြားခြားနားသောလူသားကမ္ဘာ (စကြာဝဠာ)။

ခရစ်ယာန်ယုံကြည်ချက်အရ၊ စကြာဝဠာလောကကြီး၌ရှိရှိသမျှသော သက်ရှိသက်မဲ့၊ ရူပ၊ အရူပ၊ အရာခပ်သိမ်းတည်းဟူသော ရေမြေတောတောင်သဘာဝ၊ ကောင်းကင်ယံရှိ နေလကြယ်နက္ခတ်တာရာများနှင့် လူသတ္တဝါအပေါင်းတို့ကို ထာဝရဘုရားသခင်ဖန်ဆင်းတော်မူခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းသည် ကွဲပြားခြားနားပြီး သီးခြားစီရှိကြသော်လည်း အချင်းချင်းရောယှက်ရှုပ်ထွေးခြင်းမရှိချေ။ ပုံပန်းသဏ္ဍာန်၊ အရွယ်အစား၊ အလေ့အထ၊ သဘောသဘာဝစသည်များလည်း တစ်မျိုးတစ်မူစီခြားနားကြသည်။ ဖန်ဆင်းထားသောအရာတစ်ခု (တစ်မျိုး) စီသည် ၎င်းတို့၏သီးခြားဝိသေသများရှိကြသည်။

"အို ထာဝရဘုရား၊ ကိုယ်တော်စီရင်ပြုပြင်တော်မူသောအရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ မြေကြီးသည် ဘဏ္ဍာတော်နှင့်ကြွယ်ဝပါ၏။" (ဆာ ၁၀၄း ၂၄)

သမ္မာကျမ်းစာတော်၏မှတ်တမ်းအရ၊ ကမ္ဘာမြေကြီးသည် ရေလွှမ်းမိုးပြီးသည့်နောက်ပိုင်းတွင်၊ ကမ္ဘာပေါ်ရှိ လူမျိုးနွယ်ဆက်အပေါင်းတို့သည် နောဧ၏သားသုံးဦးတို့မှ ဆက်နွယ်ဆင်းသက်ခြင်းဖြစ်သည်။ (ကမ္ဘာ ၉း၁၈၊ ၁၉။ ၁၀း၃၂) ထိုအချိန်ကာလအထိ၊ ကမ္ဘာပေါ်တွင် လူဘာသာစကားတစ်မျိုးတည်းသာရှိသည်။ (ကမ္ဘာ ၁၁း၁)။ သို့သော် လူသားတို့သည် ထာဝရဘုရားသခင်ကို အံတုလိုသောစိတ်ထားနှင့် လုပ်ရပ်များကြောင့်၊ ထာဝရဘုရားသခင်သည် လူသားတို့၏ ဘာသာစကားကို ရှုပ်ထွေးစေပြီး၊ မြေကြီးတစ်ပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူခဲ့သည်။ (ကမ္ဘာ ၁၁း ၂-၉)။



၁၉၉၃ ခုနှစ်ထုတ်ဝေသော (Operation World) စာအုပ်ဖော်ပြချက်အရ၊ ကမ္ဘာတွင်လူမျိုးနွယ်စု (Ethno Linguistic peoples) ပေါင်း (၁၁၈၇၄) မျိုးရှိပြီး၊ ဘာသာစကားပေါင်း (၆၅၂၈) မျိုးရှိသည်ဟုဆိုပါသည်။ ၁၉၉၈ ခုနှစ်ထုတ်ဝေသော (The World Almanac and Book of Facts) ဖော်ပြချက်အရ ၁၉၉၇ ခုနှစ် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း (၅၈၅၂) ခန့်ရှိ ရာတွင် ခရစ်ယာန်ဦးရေသည် သန်းပေါင်း (၁၉၅၅) ခန့်ရှိပြီး၊ ခရစ်ယာန်ဂိုဏ်းဂဏပေါင်း (၂၄၀၀၀) ခန့်ရှိသည်ဟုဆိုပါသည်။ ကမ္ဘာပေါ်တွင် ဒုက္ခသည်ဦးရေ (၁၄) သန်းခွဲခန့်ရှိရာ၊ ဒုက္ခသည်ဦးရေအများဆုံးနိုင်ငံ (၂၀) ထဲ၌ မြန်မာနိုင်ငံလည်း ပါဝင်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ (၄၇) သန်းခန့်ရှိပြီး၊ လူမျိုးပေါင်း (၁၃၅) မျိုးရှိသည်ဟုဆိုပါသည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဦးရေ (၃) သန်းခန့်ရှိရာ၊ ဂိုဏ်းဂဏပေါင်း (၅၀) ခန့်နှင့် ခရစ်ယာန် သာသနာအသင်းအဖွဲ့ပေါင်း (၁၀၀) နီးပါးရှိသည်ဟု ယူဆရပါသည်။

### ခ။ အပြန်အလှန်ဆက်စပ်နေခြင်း (ညီညွတ်ခြင်း) ၌တည်သော လူသားကမ္ဘာ။

အထက်ကဖော်ပြခဲ့သောကွဲပြားခြားနားသည့် လူသားကမ္ဘာတွင် ထာဝရဘုရားဖန်ဆင်းထားသောအရာတစ်ခုစီသည် ၎င်းတို့၏သီးခြားဝိသေသများရှိကြသော်လည်း၊ ၎င်းတို့တစ်ခုစီသည် သီးခြားရပ်တည်နေခြင်းမဟုတ်ပဲ၊ အချင်းချင်းအပြန်အလှန်ပတ်သက်ဆက်နွယ်မှုနှင့် အပြန်အလှန်အမှီပြုမှုအားဖြင့်သာ ဖြစ်တည်နေနိုင်သည်ကိုတွေ့ရှိရပါသည်။

လူသားသည် ထာဝရဘုရားသခင်ဖန်ဆင်းထားသော ကမ္ဘာမြေကြီးနှင့် သဘာပတ်ဝန်းကျင်လောကကို အမှီပြု၍ရပ်တည်အသက်ရှင်သောသတ္တဝါဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်ကမ္ဘာသည် ခေတ်မီတိုးတက်သော သိပ္ပံပညာ၊ စက်မှုလက်မှုပညာနှင့် ခေတ်မီဆက်သွယ်ရေးကရိယာများကြောင့်လည်းကောင်း၊ နယ်နိမိတ်စည်းခြားမှုမရှိသော ကမ္ဘာ့ဈေးကွက်စီးပွားရေးစနစ်ကြောင့်လည်းကောင်း (Globalization - Global village) ကျေးရွာဇနပုဒ်တစ်ခုအဖြစ်သို့ရောက်နေပြီဖြစ်သည်။ ကမ္ဘာသူ/သားအားလုံးသည် အိမ်နီးချင်းများဖြစ်ကြသည်။

ကမ္ဘာတစ်ခု၊ လူသားတစ်ခု (One World. One Humanity) ဖြစ်နေပြီ။ ဘုံကမ္ဘာ၌ ဘုံဘဝ (Common World. Common Life) ဖြင့်ရပ်တည်အသက်ရှင်ခြင်းဖြစ်ပြီး၊ ဘုံအနာဂတ် (Common Future) ကို ပိုင်ဆိုင်သူများဖြစ်ကြပါသည်။ လူသားများသည် အချင်းချင်းပတ်သက်ဆက်စပ်ပြီး အပြန်အလှန်အမှီပြုရပ်တည်အသက်ရှင်နေကြရသည်။ သူ့ဘဝနှင့်ကိုယ့်ဘဝသည် သီးခြားစီဖြစ်သော်လည်း ခွဲခြား၍မရအောင်ပတ်သက်ဆက်စပ်နေသည်။ သူ့အရေးကိုယ့်အရေး၊ ကိုယ့်ကိစ္စသည် သူ့ကိစ္စဖြစ်နေသည်။ အချင်းချင်းအတူယှဉ်တွဲနေထိုင်ရုံမျှသည် မလုံလောက်တော့ပဲ၊ အချင်းချင်းအပြန်အလှန်ရပ်တည်အသက်ရှင်ရန်လိုအပ်လာပြီဖြစ်သည်။ (From co-existence to pro-existence)

### ဂ။ ခရစ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်ရန် ဘုရားသခင်အလိုတော်။

ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသော်လည်း အင်္ဂါအချင်းချင်းတို့သည် ကွဲပြားခြင်းမရှိပဲ၊ သူ့အငန်းအတာအလိုက်ကိုယ်တစ်ခုတည်းကို အကျိုးပြုခြင်းဥပမာကို ရှင်ပေါလုကဖော်ပြထားပါသည်။ (၁ကော ၁၂း၁၂-၂၆)။

ကောလောသဲ ၁း၁၅-၂၀ တွင် သခင်ခရစ်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူပြီး၊ ခရစ်တော်၏အသွေးတော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ အလိုတော်ရှိကြောင်း ဖော်ပြထားပါသည်။

ဘုရားသခင်၏နက်နဲသောအလိုတော်သည် နောက်ဆုံးတွင် ခရစ်တော်၌ ဖန်ဆင်းခြင်းတစ်ခုလုံးကို ပြန်လည်စုစည်းရန်ဖြစ်သည်။ (ဧဖက် ၁း၉-၁၀)။

ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် အားလုံးတို့၏ တစ်ပုံစံတည်းဖြစ်ခြင်း (Uniformity) မဟုတ်ချေ။ ကွဲပြားခြားနားမှုမရှိသော်လည်း ညီညွတ်စွာရှိနိုင်ပြီး ညီညွတ်ခြင်းထဲ၌လည်း သီးခြားဝိသေသများနှင့်ရှိနိုင်ခြင်းဖြစ်သည်။ လူအားလုံးအကျိုးကျေးဇူးအတွက် ဘုရားသခင်သည် လူအသီးသီးတို့အား ထူးခြားသောဆုကျေးဇူးများကို ပေးတော်မူ၏။ (၁ကော ၁၂း၁-၁၁)။

သိက္ခာတော်ရဆရာစမစ်ငူလ်ဇထောင်း

ဆရာသည် HCTC တွင် အချိန်ပိုင်းကထိကအဖြစ် ဆောင်ရွက်ခဲ့ပြီး လက်ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ၏ အထွေထွေအတွင်းရေးမှူးဖြစ်ပါသည်။



# ပတ် ဝန်း ကျင် နှင့် လစ်တာဂျီ သဘောတရား

ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူး

လစ်တာဂျီဆိုသည်မှာ ဘုရားသခင်အား ဝတ်ပြုပုံ၊ ဝတ်ပြုနည်းဟူ၍ ရိုးရိုးလေးအဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ လူများက ဘုရားသခင်အား ကိုးစား၍အားထုတ်သည့် အားထုတ်မှု လူ့အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ ခရစ်ယာန်များ လစ်တာဂျီ၏ အခြေခံမှာ ကားတိုင်တော်မှ သခင်ယေရှုပေးသနားခဲ့သော စိတ်ချယုံကြည်မှုသည် ရှင်ပြန်ထမြောက်ခြင်းဖြင့် မှန်ကန်ကြောင်း ထင်ရှားလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုက ကားတိုင်ပေါ်မှာ "အိုအဖ ကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်လက်၌ ကျွန်ုပ်အပ်ပါ၏" (လုကာ ၂၃း၄၆) ဟု စိတ်ချယုံကြည်မှုအပြည့်ရှိသော ဆုတောင်းချက်ကို ဆုတောင်းခဲ့သောကြောင့်ဖြစ်ပါသည်။ ခရစ်တော်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၏ အံ့ဩဖွယ်သောတန်ခိုး၌ ခရစ်ယာန်တို့၏ယုံကြည်ခြင်းအခြေခံနှင့် အသင်းတော်၏ လစ်တာဂျီအတွက် အခြေခံအုတ်မြစ်များဖြစ်လာပါသည်။

တစ်နည်းအားဖြင့် ဘုရားရှင်၏လုပ်ဆောင်မှုကို ယုံကြည်ခြင်းနှင့် တုန့်ပြန်မှုသည် ခရစ်ယာန်များ၏ လစ်တာဂျီဟု စဉ်းစားနိုင်ပါသည်။ ထိုထက်ကျယ်ပြန့်စွာလေ့လာပါက ဘုရားရှင်၏လုပ်ဆောင်မှုကို ယုံကြည်ခြင်းနှင့် တုံ့ပြန်မှုသည် ပတ်ဝန်းကျင်နှင့်သက်ဆိုင်ရပါမည်။ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လာရပါမည်။ ခရစ်ယာန်ယုံကြည်သူ လူတစ်စုမှ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လာရပေမည်။ ရေခံမြေခံသဘောတရားများကိုအခြေခံလျက် ဝိညာဉ်ရေးရာအားဖြင့် စည်းလုံးညီညွတ်မှုကို သက်သေပြရတော့မည့် အချိန်ဖြစ်ပါသည်။

ကွယ်လွန်သွားပြီးဖြစ်သော အာရှခရစ်ယာန်ခေါင်းဆောင် ဒေါက်တာဒီ၊တီ၊နိုင်း (လ်) က "ဘုရားသခင်နှင့် ကျွန်တော်တို့ စကားပြောသည့်အခါ ကိုယ်တော်က ကျွန်တော်တို့အား နားထောင်စေလိုပါက ကမ္ဘာ လောကကြီးအကြောင်းကိုသာ ပြောပါ" ဟုပြောကြားခဲ့ပါသည်။ ပတ်ဝန်းကျင်မှ အခက်အခဲများကို ဝိညာဉ်တော်၏စည်းလုံးညီညွတ်မှုဖြင့် ဘုရားသခင်ထံတင်ပြရန်ဖြစ်သည်။ ဘုရားသခင် စိတ်ဝင်စားသော လူသားအားလုံးအတွက် လစ်တာဂျီသဘောတရားက သက်ရောက်မှုရှိရမည်။ ပျံ့နှံ့မှုရှိရမည်ဖြစ်ပါသည်။



(ရောမ ၁၂း၁) တွင် ဖော်ပြချက်အရ စစ်မှန်သောဝတ်ပြုခြင်း၊ ဘုရားသခင်အားဝတ်ပြုခြင်းဆိုသည်မှာ မိမိ၏ခန္ဓာကိုယ်တစ်ခုလုံး (သို့) မိမိနေ့စဉ်ပြုမူကျင့်ကြံပြောဆိုနေရသမျှသောအလုံးစုံတို့ကို ဘုရားသခင်အား ဆက်ကပ်ပူဇော်ရခြင်းပင်ဖြစ်သည်ဟု အဓိပ္ပာယ်ရှိပါသည်။ စစ်မှန်သောလစ်တာဂျီ၏ သဘောတရားမှာ မိမိတို့၏ နေ့စဉ်လုပ်ဆောင်မှုတို့၌ မိမိကိုယ်ကို ဘုရားသခင်အားဆက်ကပ်ပူဇော်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် လစ်တာဂျီ၏သဘောတရားသည် ဘုရားကျောင်းထဲ၌ပြီးဆုံးသည်မဟုတ်ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးကို ဘုရားကျောင်းကြီးအဖြစ်ရှုမြင်ပြီး နေ့စဉ်လုပ်ဆောင်နေသောအရာများအားလုံးကို ဘုရားရှင်အတွက် ဆက်ကပ်ပူဇော်ခြင်းဖြစ်ကြောင်း အဓိပ္ပာယ်သက်ရောက်နေပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်က အသုံးပြုနေသောလစ်တာဂျီကိုသုံးသပ်လျှင် အသက်မပါသလို ထင်ရတတ်သည်။ ဤသို့ဆိုလျှင် လစ်တာဂျီသည် သတ်မှတ်ထားသောဘောင်အတွင်း၌သာရှိသော သဘောတရားပင်လော။ သို့မဟုတ် လစ်တာဂျီ၏ ပင်ရင်းသဘောတရားကပင် သွေ့ခြောက်နေ၍လောဟု စဉ်းစားမိပါသည်။ စင်စစ်မှာမူ လစ်တာဂျီသဘောတရားသည် အသင်းတော်၏အရင်းအမြစ်၊ အမွေအနှစ်ဖြစ်ပါသည်။ သို့သော် ယုံကြည်သူများက စစ်မှန်စွာ အသက်မသွင်းကြသောအခါ လစ်တာဂျီသည် ခရစ်ယာန်တစ်ဦးစီနှင့် ယုံကြည်သူလူစုတို့က ခွဲထုတ်လိုက်ခြင်းဖြစ်သွားပါသည်။ ထိုအခါတွင် လစ်တာဂျီသဘောတရားသည် လူတို့၏ စိတ်တွင်ကိန်းဝပ်ခြင်းမရှိပဲရှိသည့်အခြေအနေအတိုင်း အသက်ရှင်လာကြတော့သည်။ ဤသဘောတရားကို ပြန်လည်ဆန်းစစ်သင့်ပါပြီ။

မိမိတစ်ဦးစီ၏အသက်တာတွင် နေ့စဉ်နှင့်အမျှ လစ်တာဂျီသဘောတရားအပြည့်အဝဖြင့် ဘုရားရှင်အားဆက်ကပ်ရန်လိုအပ်လာပြီဖြစ်ပါသည်။ ဘုရားကျောင်းထဲ၌သာ ဤသဘောတရားတည်ရှိနေသည်မဟုတ်ဘဲ စက်ရုံ၊ အလုပ်ရုံ၊ ရုံး၊ ကျောင်း၊ ဆေးရုံ၊ လယ်ကွင်း၊ ဥယျာဉ်၊ အလုပ်ခွင်ထဲအထိသွားရန်လိုအပ်ပါသည်။ ဤသဘောတရားမှာ ဆင်းရဲသူကို မစခြင်း၊ ဝမ်းမြောက်သောသူတို့နှင့်အတူ ဝမ်းမြောက်ခြင်း၊ ငိုကြွေးသောသူတို့နှင့်အတူ ငိုကြွေးခြင်း၊ သူတစ်ပါး၏ဝန်ထုပ်ကို ကူညီထမ်းပေးခြင်း၊ သူတစ်ပါးတို့၏ မျက်ရည်များကို သုတ်ပေးခြင်းအထိ အဓိပ္ပာယ်ရှိပါသည်။

အချုပ်အားဖြင့် လစ်တာဂျီသဘောတရားမှာ သခင်ယေရှုအသေခံခြင်း၌ ခရစ်ယာန်များပါဝင်ခြင်း၊ အတူသင်္ဂြိုဟ်ခံရခြင်းတို့သည် အခြေခံဖြစ်ပါသည်။ သခင်ယေရှုနှင့်အတူ နေ့စဉ်အသက်တာဖြင့် ပတ်ဝန်းကျင်၌အသေခံနေရပါမည်။ တနည်းအားဖြင့် အသက်တာသစ်၌ ကျင်လည်ရခြင်းသည် သခင်ယေရှုအသေခံခြင်း၌ ရောယှက်ဝေမျှခံစားခြင်းဖြစ်ပါသည်။ စစ်မှန်သော လစ်တာဂျီသဘောတရားမှာ လောကီဆန်ဆန်အသက်ရှင်နေကြသော ပတ်ဝန်းကျင်ထဲတွင် အသေခံပြီး ဝိညာဉ်သေနေကြသော ပတ်ဝန်းကျင်ထဲ၌ အသက်ရှင်ပြခြင်းဖြစ်ကြောင်းတင်ပြအပ်ပါသည်။

ဘုန်းတော်ကြီး ရှိမုန်ဘီဘင်ထူး

ဆရာသည် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ ဒုတိယကျောင်းအုပ်နှင့် သင်ကြားရေးတာဝန်ခံဖြစ်ပြီး သန့်ရှင်းသောကားတိုင် အသင်းတော်၏ တွဲဖက်ဘုန်းတော်ကြီးဖြစ်ပါသည်။

ဓာလုမ်ဆော်ပြုး

## မျက်မှန်ကြောင့်

ကျွန်တော်နှင့်အလွန်ရင်းနှီးသော သင်းအုပ်ဆရာတစ်ပါးကို ကျွန်တော်မေးလိုက်သည်။

"ဆရာ ဘာဖြစ်လို့ မျက်လုံးတစ်ဖက်ကျဉ်းတစ်ဖက်ကျယ်နဲ့ ဆရာမကိုရွေးယူရတာလဲ?"

"အေး အဲဒါကြောင့်လဲ ငါစိတ်ညစ်နေတာကွ"

"ဆရာကလဲ ၄နှစ် ၄မိုးလုံးလုံး ကျမ်းစာကျောင်းအတူတူတက်လာပြီးတော့ ဒါကိုမတွေ့ဘူးလား"

"အဲဒါ သူ့မျက်မှန်ကြောင့်ကွ"

# ထိရောက်သောခရစ်ယာန်ခေါင်းဆောင်ဖြစ်ရန် လိုအပ်သော အရည်အချင်းများ

ဘုန်းတော်ကြီးမန်းဇော်လွင်



### (က) ငါ့နောက်လိုက်လော့ (မဿဲ ၄း၁၈-၂၀)

သခင်ယေရှုခရစ်တော်၏ နောက်လိုက်တစ်ယောက်ဖြစ်ရမည်။ သာသနာ ပိုင်ချုပ်နောက်ကိုမဟုတ်။ သာသနာပိုင်များနောက်ကိုမဟုတ်။ ကျမ်းစာကျောင်းမှ ဆရာတွေနောက်ကိုမဟုတ်။ ခရစ်တော်၏ နောက်ကိုလိုက်ဖို့ဖြစ်သည်။ ခေါင်းဆောင်ကောင်းဖြစ်ဖို့ရန် နောက်လိုက်ကောင်းဖြစ်ရန်လိုသည်။

(၁) အချို့ကနောက်လိုက်တာ အဆင်ပြေလို့လိုက်ကြသည်။ အခက်အခဲတွေ့သောအခါ ကားတိုင်တော်ကို ဖက်တွယ်ထားပြီး အခက်အခဲမှလွတ်မြောက်သောအခါ ကားတိုင်တော်ကို ရှောင်ကျဉ်ကြသည်။

(၂) အချို့က လိုက်တော့လိုက်သည်။ မယုံတယုံနဲ့ အဝေးကလိုက်သည်။ (လုကာ ၂၂း၅၄-၆၀။ မဿဲ ၂၆း၅၆)

(၃) အချို့က အချိန်ပိုင်းလိုက်ကြသည်။ (လုကာ ၁၄း၁၅-၂၄) အချိန်ပိုင်းနှင့် အဝေးမှလိုက်လျှောက်ခြင်းသည် ဘဝ တဝက် ငြင်းဆိုခြင်းဖြစ်သည်။ ဘုရားရှင်နှင့်အတူ မလျှောက်လေလေ၊ ဘုရားရှင်ကို ငြင်းဆန်ရာကျလေလေဖြစ်သည်။ ထို့ကြောင့် "ငါ့နောက်လိုက်လော့" ဟု ခရစ်တော်ဖိတ်ခေါ်ချက်သည် ခရစ်ယာန်ခေါင်းဆောင်ဖြစ်ခြင်းတွင် အခြေခံအကျဆုံးသော အရည်အသွေးဖြစ်သည်။ အမှုတော်ဆောင်များနှင့် ကျမ်းစာကျောင်းသားအချို့၊ အသင်းသားအချို့လည်း အချိန်ပိုင်းနောက်လိုက်တွေရှိကြသည်။ အဆင်ပြေမှုတစ်ခု အခွင့်အရေးတစ်ခုခုကြောင့် အမှုတော်ဆောင်ခြင်းဖြစ်နိုင်သည်။ ထိုသူများကို တနင်္ဂနွေခရစ်ယာန်လို့ခေါ်ကြသည်။ ခရစ်တော်၏နောက်တော်သို့ ခပ်လှမ်းလှမ်းမှလိုက်သောအခါ လောကပျော်ရွှင်မှုတွေကိုတွေ့တိုင်း မကြာခဏနားချင်ကြသည်။ ကြာလာတော့ ခရစ်တော်နှင့် ဝေးသထက်ဝေးလာသည်။ ကြက်တွန်သံကြားမှပဲ ပေတရုကဲ့သို့ သတိဝင်လာပြီးနိုးလာတော့သည်။

### (ခ) အသစ်မွေးဖွားရမည်

နိကောဒင်သည် အောင်မြင်ပြီးဖြစ်သော ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ သို့သော် ပိုပြီးကောင်းသောသူတစ်ဦးဖြစ်လာရန် ခရစ်တော်ထံသို့ ရောက်လာသည်။ အသစ်မွေးဖွားခြင်းသည် ခရစ်ယာန်ခေါင်းဆောင်တစ်ဦးအဖို့ ဒုတိယ အရေးကြီးဆုံးလိုအပ်သောအရည်အချင်းဖြစ်သည်။

(၁) မုန့်အားဖြင့် အသက်ရှင်ခြင်းမဟုတ်တော့ဘူး။ ဝိညာဉ်အစာကိုဆာလောင်၊ နှစ်သက်လာသည်။

(၂) သန့်ရှင်းခြင်း၊ ကောင်းမြတ်ခြင်းများကို နှစ်သက်လာသည်။

(၃) ဗိုက်မှဆာလောင်ခြင်းမဟုတ်တော့ပဲ၊ နှလုံးသားမှဆာလောင်ခြင်းဖြစ်လာသည်။

(၄) ဘုရားသခင်၏အလိုတော်ကိုဆောင်ဖို့ အရသာတွေ့လာသည်။

(၅) ဝိညာဉ်သဘောက ဇာတိသဘောကိုအနိုင်ရလာသည်။

(၆) စိတ်ထားတွေပြောင်းလာသည်။ စားကြ၊ သောက်ကြ၊ ပျော်မွေ့ကြ၊ မနက်ဖန်သေမယ်ဆိုတဲ့အသက်တာမျိုးမှလုပ်ကြ၊ ကိုင်ကြ၊ ညဆိုတာရောက်တော့မယ်။ တစ်ဒင်္ဂမှ ထာဝရဆိုသော သဘောမျိုးပြောင်းလာသည်။

(၇) အသစ်မွေးဖွားခြင်းသည် ကျွန်ုပ်တို့အား ဘုရားရှင်ရှေ့မှာ ဖြောင့်မတ်စေသည်။ လက်ခံဖွယ်ဖြစ်စေသည်။ လူနှင့်ဘုရား၊ လူလူချင်း အသစ်သောဆက်သွယ်မှုကိုပေးလာသည်။

### (ဂ) အထက်မှတန်ခိုးရရှိရမည်၊ မိမိစွမ်းအားဖြင့်မဟုတ်၊ ဝိညာဉ်စွမ်းအားဖြင့်လုပ်ဆောင်ရမည်။

(၁) သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးပေးမည်။ ယောဟန် ၁၆း၇။ ၁၃။ ၁၄း၁၆-၁၇။

(၂) အသစ်သောအသက်တာသည် သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်စေသည်။

(၃) သို့သော် ဘာမျှမရှိခြင်းမျိုးမဖြစ်ရပေ။ မဿဲ ၁၂း၄၄၊၄၅။ လုကာ ၁၁း ၂၄-၂၆။

(၄) အချို့ယုံကြည်သူများ၊ နတ်ဆိုးပိုင်ဆိုင်ခြင်းကိုခံရသည်။ အကြောင်းမှာ ကြာရှည်စွာဟောင်းလောင်းဖြစ်နေသောကြောင့်ဖြစ်သည်။

(၅) လူ့ဉာဏ်၊ လူ့အစွမ်းနှင့် ဘုရားအလုပ်လုပ်ရင်ထိရောက်မှာမဟုတ်ဘူး။ အတုအယောင်ဟန်ဆောင်ခြင်းဖြစ်နိုင်သည်။

(၅-၁) အသင်းတော်တွင်းမှာ ခရစ်တော်၏နောက်လိုက်ဟုပြောသော်လည်း သိုးရေခြုံထားသော ဝံပုလွေများလည်းရှိသည်။

(၅-၂) အသင်းတော်တွင်းမှာ အသစ်မွေးဖွားပြီပြောသော်လည်း စိတ်နေစိတ်ထားနှင့် အတွင်းပြောင်းလဲမှုမရှိသူများရှိနိုင်သည်။

(၅-၃) သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးနှင့် ပြည့်စုံသည်ပြောသော်လည်း စာတန်မာရ်နတ်အုပ်စိုးသောအသက်တာဖြင့် အသက်ရှင်သူများလည်းရှိသည်။ အသင်းတော်များကျဆင်းမှု၊ ကွဲပြားမှုသည် အမှုတော်ဆောင်များနှင့် ယုံကြည်သူများ၊ ဘာသာတရားကိုဆော့ကစားနေခြင်း၊ အပေါ်ယံသရုပ်ဆောင်၊ ဟန်ဆောင်မရနိုင်ဟန်ဆောင်နေကြခြင်းကြောင့်ဖြစ်သည်။ ဟန်ဆောင်မရနိုင်သောအရာမှာ မည်သည့်အသီးသီးခြင်းဆိုသောအရာဖြစ်သည်။

### (ဃ) နားထောင်တတ်သောနားရှိရန်လိုအပ်သည်။

နားထောင်မှုအားနည်းသူသည် ခေါင်းဆောင်ကောင်းမဖြစ်နိုင်သကဲ့သို့ နောက်လိုက်ကောင်းများကိုလည်း မမွေးထုတ်နိုင်။ တရားဟောဆရာ အထူးသဖြင့် စကားများသည်။ နားထောင်တာထက် ပိုပြီးပြောချင်တယ်။ ဝေဖန်ခံဖို့ထက်၊ ဝေဖန်ချင်တယ်။ တစ်စုံတစ်ယောက်ပြောတာကိုနားမထောင်ခြင်းသည် ရိုင်းပြခြင်းဖြစ်သည်။

### (ဃ - ၁) ရှေးဦးစွာဘုရားသခင်ကိုနားထောင်ရမည်။

ဘုရားရှင်သည် စကားပြောသောဘုရားဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်စကားပြောခဲ့သည်။ ယခုလည်းပြောနေသည်။ နောက်လည်းပြောနေအုံးမည်။ ဘုရားရှင်စကားပြောနေတဲ့အတွက် ကျွန်ုပ်တို့နားထောင်ရမည်။ ဓမ္မဟောင်းကာလတွင် အရေးကြီးဆုံးပြုလုပ်ရမည့်အရာသုံးခုမှာ ပညတ်တရားများကို လိုက်လျှောက်ဖို့၊ ဘုရားကိုချစ်ဖို့၊ ဘုရားရှင်၏စကားကိုနားထောင်ဖို့ဖြစ်သည်။ တရားဟောရာကျမ်း ၃၀း၂၀။ ဆာလံ ၉၅း၇။

- တစ်ချို့လူများခေါင်းမာသည်။ ဘုရားစကားနားထောင်ဖို့ ငြင်းဆိုသည်။ ယေရမိ ၁၃း၁၀။ ဟေရှာယ ၃၀း၉။ ဘုရားစကားနားမထောင်ရင် ရလဒ်ကတရားစီရင်ခြင်းဖြစ်သည်။ ဇာခရိ ၇း၁၃။ ယေရမိ ၂၁း၁၀-၁၁။
- ယနေ့ဘုရားရှင်စကားပြောနေသည်။ သို့သော် ဓမ္မဟောင်းကာလကဲ့သို့တိုက်ရိုက်မဟုတ်။ ကျမ်းစာအားဖြင့် ဘုရားရှင်စကားပြောနေသည်။
- ဘုရားရှင်နှင့်လူတို့ အဆက်ပြတ်နေခြင်းသည် ဘုရားကသေနေလို့၊ ငြိမ်နေလို့မဟုတ်ဘူး။ လူတွေဖက်က နားမထောင်လို့ဖြစ်သည်။
- ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းပျက်ကွက်ရင် ဘုရားရှင်နှင့်အဆက်ပြတ်မည်။
- ဘုရားရှင်၏အသံတော်ကိုနားထောင်ဖို့ အဆင်သင့်ဖြစ်ရမည်။ ၁ရှမွေလ ၃း၉-၁၀။ ဟေရှာယ ၅၀း၄။

### (ဃ - ၂) အချင်းချင်းနားထောင်ဖို့လိုသည်။

စကားပြောခြင်း၊ နားထောင်ခြင်းအားဖြင့် လူအချင်းချင်းဆက်သွယ်မှုပြုကြသည်။ အချင်းချင်းနားမထောင်တော့ဘူးဆိုရင် ထိုဆက်သွယ်မှုပျက်စီးသွားသည်။ သုတ္တံကျမ်းတွင်လည်း နားထောင်ခြင်းနှင့်ပါတ်သက်ပြီး ဖော်ပြထားသည်။ ၁၂း၁၅။ ၁၅း၃၁။ ၁၈း၁၅ နားထောင်ခြင်းသည် မိသားစုတွင်း လုပ်ငန်းခွင်တွင်းနှင့်တိုင်းပြည်၊ အသင်းတော် နေရာတိုင်းတွင်အရေးကြီးသည်။ ကိစ္စတစ်ခုကိုအောင်မြင်အောင် အတူတကွထိုင်ပြီးပြောဆိုရမည်။ နားလည်သဘောပေါက်အောင်ဆွေးနွေးကြရမည်။ လက်ခံသည်၊ လက်မခံသည် အဓိကမဟုတ်ပါ။ အားလုံးကြေညက်အောင်သဘောပေါက်ဖို့လိုသည်။ ဘုရားရှင်၏စကားကို နားထောင်ခြင်းသည် ဘုရားရှင်ကိုချစ်ခြင်းဖြစ်သကဲ့သို့ တစ်ပါးသူ၏စကားကိုနားထောင်ခြင်းဖြင့် သူတစ်ပါးကိုချစ်ရန်ဖြစ်သည်။ အထူးသဖြင့် အမှုတော်ဆောင်များနားထောင်ခြင်းကိုပြုရမည်။ နားထောင်ခြင်းသည် ပြောဆိုခြင်းထက်ထိရောက်မှုရှိသည်။

### (ဃ - ၃) လောကကြီးဘာပြောနေလဲဆိုတာ နားထောင်ဖို့လိုသည်။

နားလည်ရန် နားထောင်ရမည်ဟု လူတစ်ဦးကပြောပါတယ်။ နားလည်ခြင်းသည် နားထောင်ခြင်း၏ ရလဒ်ဖြစ်သည်။ (သုတ္တံ ၂၁း၁၃) တစ်စုံတစ်ယောက်စကားပြောခြင်းကို နားမထောင်ခြင်းသည် ထိုသူကို မရိုသေရာကျသကဲ့သို့ နားမထောင်ထိုက်သူဟု သတ်မှတ်ရာကျသည်။ လောကတွင် ကျွန်တော်တို့နားမထောင်ထိုက်သူတစ်ဦးသာရှိသည်။ ထိုသူမှာ စာတန်မာနတ်ဖြစ်သည်။

### (င) ရူပါရုံရှိရမည်

ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းကြ၏။ သု ၂၉း၁၈။ ရူပါရုံဟုလည်း အနက်ဖွင့်ကြသည်။ ဘုရားသခင်ဖြစ်စေလိုသော ဆောင်ရွက်စေလိုသောအကြံအစည်ကို ကျွန်ုပ်တို့အားဖော်ပြခြင်းဖြစ်သည်။ ထို့အပြင် လူတွေ၏စိတ်ထဲကပေါ်လာသော အကြံအစည်၊ အနာဂါတ်အတွက် တွေးတောကြံဆမှုလည်းဖြစ်သည်။

ဘုရားရှင်ပြောသောအရာများမကြားရတော့ရင် မသိနိုင်တော့ရင် လူတွေမှာ အကြံအစည်တွေ၊ တီထွင်ကြံဆမှုတွေမရှိတော့ရင် အသင်းတော်ကြီးဖရိုဖရဲဖြစ်လာမည်။

ယနေ့အသင်းတော်ဘာတွေဖြစ်နေလဲ၊ ဘာတွေလိုအပ်နေလဲ၊ သတိထားကြည့်ရင်သိနိုင်ပါသည်။ ထိုအရာများအားဖြင့် ဘုရားရှင် ကျွန်ုပ်တို့ကိုစကားပြောနေပါသည်။ ရူပါရုံတွေပေးနေပါသည်။

ဘုရားသခင်၏အလိုတော်ရှိသောခရစ်ယာန်ကောင်းများဖြစ်နိုင်ကြပါစေ။

ဘုရားသခင်၏ ငြိမ်သက်ခြင်းရှိပါစေ။

အမှုတော်မြတ်၌

ဘုန်းတော်ကြီးမန်းဇော်လွင်

<u>မှီငြမ်းသောစာအုပ်များ</u>

Christian Leadership Development and Church Growth
(Revised Edition by Peter G. Wiwcharuck. 1973)
The Contemporary Christian by John Stott. 1992.

ဆရာသည် *HCTC* ကထိကနှင့် ကျောင်းသားရေးရာတာဝန်ခံဖြစ်ပြီး သန့်ရှင်းသောကားတိုင်အသင်းတော်တွင် အကူဘုန်းတော်ကြီးလည်း ဖြစ်ပါသည်။

> တရားသဖြင့်စီရင်ခြင်းကို ရေကဲ့သို့လည်းကောင်း၊
> ဖြောင့်မတ်ခြင်းကို မပြတ်စီးသောမြစ်ရေကဲ့သို့လည်းကောင်း
> စီးစေကြလော့။
> (အာမုတ် ၅း၂၄)



# ကြားနားခြင်းတို့ပေါင်းဆုံရာ

ဆလိုင်းအိုက်ဇက် (မိုးကောင်း)



အဋ္ဌမမြောက် ဟင်နရီဘုရင်လက်ထက် ၁၅၃၄ တွင် အင်္ဂလန်ပြည်အသင်းတော်သည် ရောမပုပ်ရဟန်း၏အုပ်ချုပ်မှုအောက်မှ ထွက်ခွာလာခဲ့သည်။ သို့သော်လည်း ရောမအသင်းတော်၏ ယုံကြည်ကျင့်သုံးမှုကိုမပျက်မစီး ဆက်လက်ထိန်းသိမ်းလိုသူများရှိနေသေးသည်။ တချို့ကလည်း လုံးလုံးလျားလျား ပြန်လည်ပြုပြင်သောအသင်းတော်အဖြစ် ချီတက်လိုကြသည်။ အမှန်စင်စစ် (၁၆) ရာစု အင်္ဂလန်ပြည် ဘာသာရေးပြုပြင်ပြောင်းလဲမှုသည် အောက်ခြေမှ အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာခြင်းမဟုတ်၊ အပေါ်မှဆုံးဖြတ်လုပ်ဆောင်ခြင်း (Magisterial Reformation) ဖြစ်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲသော အင်္ဂလန်ပြည်အသင်းတော်အတွင်း ကာသိုလစ်ဝါဒ (Catholicism) နှင့် ပရိုတက်စတင့် ဝါဒ (Protestantism) (၂) မျိုးစလုံး ဒွန်တွဲတည်ရှိနေသည်ကို တွေ့ရမည်။

အင်္ဂလန်ပြည်အသင်းတော်သည် ၁၅၅၈ ရောက်သည်အထိ ၎င်း၏လမ်းကြောင်းနှင့် ရပ်တည်ချက်ကို ပြတ်ပြတ်သားသားခိုင်ခိုင်မာမာမဖော်ထုတ်နိုင်သေးပဲရှိသည်။ ဟင်နရီဘုရင်ကိုယ်တိုင်သည်ပင်လျှင် ပရိုတက်စတင့်ဝါဒကို စတင်လမ်းဖွင့်ပေးခဲ့သော်လည်း ကာသိုလစ်ဝါဒ၏လွှမ်းမိုးမှုကို ခံနေရဆဲဖြစ်သည်။ မေရီဘုရင်မလက်ထက် (၁၅၅၃-၁၅၅၈) တွင် ရောမပုပ်ရဟန်းနှင့် ပြန်လည်ဆက်သွယ်ပြီး ပရိုတက်စတင့်အုပ်စုကို တင်းမာစွာနှိပ်ကွပ်ခဲ့သည်။ ထိုကဲ့သို့သော အနေအထားများအလယ်တွင် ပထမမြောက်အယ်လစ်ဇဘက်ဘုရင်မ နန်းတက်ခဲ့သည်။ သူမ၏လက်ထက် (၁၅၅၈-၁၆၀၃) တွင်တော့ ရောမနှင့် ဂျီနီဗာတို့၏ဝါဒနှစ်ခုကြားမှ အင်္ဂလန်ပြည်အသင်းတော်၏လမ်းကြောင်းကို ခိုင်မာစွာတည့်မတ်လာစေရန် အစပျိုးနိုင်ခဲ့သည်။

### အယ်လစ်ဇဘက်ဘုရင်မ၏တည်ဆောက်မှု
### (Elizabethan Settlement)

အယ်လစ်ဇဘက်ဘုရင်မသည် ၁၅၅၉ တွင် "တစ်ပြေးညီဖြစ်ခြင်းအက်ဥပဒေ" (Act of Uniformity) ကိုပြဋ္ဌာန်း၍ "အယ်လစ်ဇဘက်ဘုရင်မ၏တည်ဆောက်မှု" (Elizabethan Settlement) ဟုနောင်တွင် ထင်ရှားလာမည့်လုပ်ငန်းကြီးကို

# ယနေ့အသင်းတော်၌ အမျိုးသမီးတို့၏ပါဝင်ရောယှက်မှု

မိုင်အောင်မဖြူ

W နေ့ လူမှုအဖွဲ့အစည်းအတွင်း၌ အမျိုးသမီးတို့၏ပါဝင်ရောယှက်မှုနှင့် တာဝန်ယူမှုများ တစ်စထက်တစ်စ တိုးတက်ထင်ရှားနေပေပြီ။ ထိုအချိန်တွင် အသင်းတော်တွင်းလည်း အမျိုးသမီးတို့၏အမှုတော်ဆောင်ရခြင်းကို ပုံပြောင်းနားလည်ရန်အချိန်ရောက်လာပါပြီ။



### သခင်ယေရှုနှင့်အမျိုးသမီးများ

သခင်ယေရှုသည် အမျိုးသမီးများကို ကရုစိုက်ကြောင်းတွေ့ရသည်။ သခင်ယေရှု၏ပုံဥပမာများတွင် အမျိုးသားလွှမ်းမိုးသောအမြင်မျိုးကို မတွေ့ရပေ။ ယောကျ်ား၊ မိန်းမ နှစ်ရပ်လုံးကို ကိုယ်စားပြုစေသည်။ အမျိုးသားများက ပို၍မြင့်မြတ်ထူးချွန်ကြောင်း၊ အမျိုးသမီးများက ပို၍အပြစ်ကြီးလျက် မိုက်မဲကြောင်းမဖော်ပြပေ။

အမျိုးသမီးများနှင့်ပတ်သက်၍ သခင်ယေရှု၏သဘောထား (၂) ခုတွေ့ရသည်။ ၎င်းတို့မှာ သူတို့ကိုသင်ကြားမှုပေးခြင်းနှင့် သူတို့ကိုဖွင့်ပြတော်မူခြင်းဖြစ်သည်။ မာရိက အမျိုးသားကြီးများနှင့်အတူ သခင်ယေရှု၏သင်ကြားခြင်းကိုနားထောင်ရသည်။ ထိုသို့သင်ကြားမှုကို ခံယူသောအရာသည် "သာ၍ကောင်းသောအရာ" ဖြစ်သည်ဟု ဖော်ပြသည်။ (လုကာ ၁၀း၃၈-၄၂) ရှမာရိအမျိုးသမီးကို ထာဝရအသက်နဲ့ပတ်သက်၍ သင်ကြားခဲ့သည်။ (ယောဟန် ၄)။ ခရစ်တော်၏သင်ကြားဟောပြောမှုများကို နားထောင်ခံယူခဲ့ကြသူများတွင် အမျိုးသမီးများစွာပါဝင်၏။ (မဿဲ ၁၄း၂၁)။ ကိုယ်တော်ရှင်သည် မေရှိယဖြစ်ကြောင်း မာသကိုဖွင့်ပြတော်မူခဲ့သည်။ (ယောဟန် ၁၁း၂၅-၂၇)။ ရှင်ပြန်ထမြောက်ပြီးနောက် ပထမဦးဆုံး မာဂဒလမာရိနှင့် ယာကုပ်အမေမာရိတို့ထံ ထင်ရှားခဲ့သည်။ (မဿဲ ၂၈း၁-၁၀။ ယောဟန် ၂၀း၁၀-၁၈)။

သခင်ယေရှုအပေါ်မှာ အမျိုးသမီးများ၏ဆက်ကပ်မှုသည် တမန်တော်များအပါအဝင် အမျိုးသားကြီးများနှင့်အပြိုင်ပင် လေးနက်ခိုင်မာစွာရှိခဲ့ပါသည်။ ကိုယ်တော်၏အမှုတော်ဆောင်ခြင်း၌ လိုအပ်သောလုပ်ကျွေးမှုကိုပြုကြသည်။ (လုကာ ၈း၁-၃)။ ကားတိုင်တော်ခြေရင်း၌ ရှိခဲ့ကြသည်။ (မဿဲ ၂၇း၅၅-၅၆)။ အီစတာမနက်၌ သင်္ချိုင်းသို့ စောစောစီးစီးရောက်ရှိခဲ့ကြသည်။ (မဿဲ ၂၈း၉-၁၀)။ ရှင်ပြန်ထမြောက်ခြင်းသတင်းကိုကြေငြာဖို့ ပထမဆုံးစေလွှတ်ခံရသူမှာ အမျိုးသားတစ်ဦးမဟုတ်။ အမျိုးသမီးသာဖြစ်သည်။ (မဿဲ ၂၈း၇)။

### ကနဦးအသင်းတော်မှ အမျိုးသမီးများ

သခင်ယေရှုတက်ကြွတော်မူပြီးနောက် အထက်ခန်းမ၌စုဝေးလျက်နေကြသူများနှင့် ပထမဆုံးသန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံရသူများတွင် အမျိုးသမီးများပါဝင်သည်။ (တမန် ၁း၁၄၊ ၂း၁-၄)။

(ရောမ ၁၆း၁-၁၆) တွင် ရှင်ပေါလုက အသင်းတော်၌ ပါဝင်ဆက်ကပ်နေကြသောအမျိုးသမီးများကို ဖော်ပြထားသည်။ "ကင်ခြေမြို့အသင်းတော်မှ သင်းထောက်မ ဖိဗေ" (ငယ် ၁)၊ "ငါနှင့်အတူ ယေရှုခရစ်၏အမှုတော်ကို ဆောင်ရွက်သောသူ ပြစ်ကိလ (ပရိစေးလာ) နှင့် အာကုလ" (ငယ် ၃)၊ "ငါတို့အမှု ကိုကြိုးစား၍ဆောင်ရွက်သော မာရိ" (ငယ် ၆)၊ "တမန်တော် များတွင် အသရေထင်ရှားသောသူ ယုနိ" (ငယ် ၇)၊ "သခင်ဘုရား၏အမှုတော်ကို ကြိုးစားသောမိန်းမ တရုဖဲန နှင့် တရုဖောသ" (ငယ် ၁၂)၊ "သခင်ဘုရား၏အမှုတော်ကို အလွန်ကြိုးစား၍ ချစ်အပ်သောမိန်းမ ပေရသိ" (ငယ် ၁၂)။

ဖိလိပ္ပိမြို့တွင် အထည်သည် လုဒိ၏အိမ်သည် ထိုမြို့၌ အသင်းတော်၏ဝတ်ပြုစည်းဝေးရာနေရာဖြစ်သည်။ (တမန် ၁၆း၁၃-၁၅၊ ၄၀)။ ကဲသရိမြို့သာသနာပြုဆရာ သင်းထောက် ဖိလိပ္ပု၏သမီးကညာ (၇) ယောက်သည် ပရောဖက်ပြုခြင်းဆုကျေးဇူးကို ရရှိသူများဖြစ်သည်။ (တမန် ၂၁း၈-၉)။

ကနဦးအသင်းတော်တွင် အမျိုးသမီးများတက်တက်ကြွကြွပါဝင်မှုရှိခဲ့ကြောင်း နားလည်ရသည်။ ထို့ပြင် အမျိုးသမီးများကိုအကြောင်းပြု၍ အချို့အသင်းတော်များ၌ အမျိုးသားများအဖို့ မခံချင်စရာများ၊ အမျိုးသားတို့၏အခန်းကဏ္ဍကိုထိပါးမှုများ ဖြစ်ပေါ်လာခဲ့ဟန်လည်းတူပါသည်။ ထို့ကြောင့် ၁ကော ၁၁း၃-၁၆၊ ၁ကော ၁၄း၃၄-၃၅ စသည့် ရှင်ပေါလု၏ထင်ရှားကျော်ကြားသော အမျိုးသမီးဆိုင်ရာသွန်သင်မှုများပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါမည်။ မည်သို့ပင်ဖြစ်စေ ရှင်ပေါလုက "ခရစ်တော်၌ရှိလျှင် ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ယောကျ်ားမိန်းမဟူ၍ ခွဲခြားနေရန်မဟုတ်ဘဲ" ထိုသခင်၌အားလုံးသည် တစ်လုံးတစ်ဝ တည်းဖြစ်ကြောင်း ပြန်၍ဖော်ပြခဲ့ပါသည်။ (ဂလာတိ ၃း၂၈)။

### အသင်းတော်သမိုင်းတစ်လျှောက် အမျိုးသမီးများ

အမှန်တွင် သမိုင်းတစ်လျှောက်အမျိုးသမီးများသည် အခက်အခဲများစွာရင်ဆိုင်ရလျက်ကြားမှပင် အသင်းတော်အတွက် အစေခံခဲ့ကြသည်။ မည်မျှပင်ချုပ်ချယ်ဟန့်တားမှု ရှိခဲ့ပါစေ တတ်နိုင်သမျှ မိမိတို့ရှိရာနေရာမှ ထူးချွန်စွာထမ်းဆောင်ခဲ့ကြသည်ချည်းဖြစ်သည်။ အသင်းတော်သမိုင်း တစ်လျှောက်မှ ထင်ရှားပြောင်မြောက်သောအမျိုးသမီးများအနက် အချို့ကိုဖော်ပြရလျှင် ပြင်သစ်ပြည်၏ Second Patron Saint ဖြစ်သော Joan of Arc (1412-31)၊ စပိန်ပြည်၏ Patron Saint ဖြစ်သော St. Teresa of Avila (1515-87)၊ အင်္ဂလန်ပြည်ကို အင်္ဂလိကန်လမ်းကြောင်းပေါ်သို့ဆွဲတင်ခဲ့သော Elizabeth I ဘုရင်မ (1533-1603)၊ ထင်ရှားသောစံပြမိခင်ကြီးဖြစ်သူ Susanna Wesley (1669-1742)၊ အင်္ဂလိကန် အီဗန်ဂျယ်လစ်ကယ်ခေါင်းဆောင်တစ်ဦးနှင့် လူမှုရေးသမားဖြစ်သော Hannah More (1745-1833)၊ မီးအိမ်ရှင်မ Florence Nightingale (1820-1900)၊ ကယ်တင်ခြင်းတပ် မိခင်ကြီးဖြစ်သူ Catherine Booth (1829-1890)၊ အိန္ဒိယပြည်ရှိ အနူသည်များထံ သာသနာပြုခဲ့သော Mary Reed (1854- 1943)၊ တရုတ်ပြည်တွင် ဆေးရုံဖွင့်၍သာသနာပြုခဲ့သူ Dr Mary Stone (1873-1954)၊ မိခင်များအသင်းကို စတင်တည်ထောင်ခဲ့သူ မေရီဆမ္မနား Mary Sumner (1876 - 1908)၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် Mother Teresa of Calcutta (1910-1997) စသည်တို့ ဖြစ်သည်။

ထို့ပြင် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ သိပ္ပံပညာနယ်ပယ် စသည်တို့၌ အမျိုးသမီးမြောက်မြားစွာသည်လည်း ထူးချွန်ထက်မြက်စွာ ထမ်းဆောင်ခဲ့ကြပါသည်။

### အာရှအမျိုးသမီးများ

ယေဘုယျအားဖြင့် အာရှယဉ်ကျေးမှုသည် အမျိုးသမီးများကို ဒုတိယနေရာ (Subordinate) တွင်ထားလေ့ရှိသည်။ အမျိုးသမီးများသည် အမျိုးသားကြီးတို့နှင့် တန်းတူနေရာယူခြင်း၊ အမျိုးသားကြီးတို့အပေါ် ဦးစီးဦးဆောင်မှုပြုခြင်းတို့လက်ခံရန်ခက်ခဲပါသည်။ အများစုသောလူမျိုးထုံးစံနှင့် ယဉ်ကျေးမှုအစဉ်အဆက်များသည် ဖခင်အုပ်စိုးသောစနစ်များ၊ သားယောကျ်ားကိုဦးစားပေးသောစနစ်များဖြစ်သည်။ ထိုကဲ့သို့အခြေအနေများတွင် အမျိုးသမီးများ အမျိုးသားကြီးရှေ့ထွက်၍ နေရာယူခြင်းသည် တင့်တယ်လျောက်ပတ်သောအမှုတစ်ခုဖြစ်ရိုးဖြစ်စဉ်တစ်ခုမဟုတ်ပါ။ သို့သော်လည်း အမှန်တကယ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို လက်မခံ၍မရခဲ့ကြပေ။

ပြည်သူတို့နှင့် တိုက်ရိုက်ထိတွေ့လျက် ဦးဆောင်မှုပေးရသောတိုင်းပြည်၊ နိုင်ငံခေါင်းဆောင်တာဝန်ကိုလည်း အာရှအမျိုးသမီးများသည် အမျိုးသားကြီးများနှင့် တန်းတူထမ်းဆောင်ခဲ့ကြသည်။ ထိုအမျိုးသမီးများကို ပြန်ကြည့်လျှင် ၂၀ရာစုအလယ်တွင် ဝန်ကြီးချုပ် ဂိုလ်ဒါမေယာ (အစ္စရေး)၊ ဝန်ကြီးချုပ် ဘန်ဒရာနာယကေး (သီရိလင်္ကာ)၊ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ (အိန္ဒိယ)။ ၁၉၉၀ နှစ်များတွင် သမ္မတကိုရာဇန်အကွီနို (ဖိလစ်ပိုင်)၊ ဝန်ကြီးချုပ် တန်ဆူဆီလာ (တူရကီ)၊ ဝန်ကြီးချုပ် ဘနဇီယာဘူတို (ပါကစ္စတန်)၊ သမ္မတ ချန်ဒရီကာကုမာရထွန်ကာနှင့် လက်ရှိတာဝန်ထမ်းဆောင်နေဆဲဖြစ်ကြသူများတွင်

ဝန်ကြီးချုပ် ခါလီဒါဇီယာ (ဘင်္ဂလားဒေ့ရှ်)၊ သမ္မတ ကလိုရီယာ မာဂါပါကာယ်အာရိုယို (ဖိလစ်ပိုင်)၊ သမ္မတ မေဂါဝတီဆူကာနို ပူထရီ (အင်ဒိုနီးရှား) စသည်တို့ကို မြင်တွေ့ရပါသည်။

ဤအချက်ကိုကြည့်လျှင် တိုင်းပြည်တစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ပဲ့ကိုင်ရာတွင် အမျိုးသားများသာမဟုတ်၊ အမျိုးသမီးများလည်း ထမ်းဆောင်နိုင်ကြောင်း၊ အထူးသဖြင့် ထိုသို့ထမ်းဆောင်ခြင်းကိုလည်း အာရှပြည်သူတို့က လိုလားနှစ်သက်မှုရှိကြောင်း မြင်တွေ့နိုင်ပါသည်။

## မြန်မာအင်္ဂလိကန် အမျိုးသမီးများ




အမှန်တော့ မြန်မာပြည် အင်္ဂလိကန် အသင်းတော်ရှိ အမျိုးသမီးများသည်လည်း မိမိတို့ကျရာ တာဝန်ကဏ္ဍအလိုက် အသင်းတော်ရေးရာ ကိစ္စများ၌ နီးကြားတက်ကြွစွာ ပါဝင်ခဲ့ကြပါသည်။ ပါဝင်လျက်လည်းရှိပါသည်။ အသင်းတော်၏ မဏ္ဍိုင်ကြီး (၄) ရပ်အနက် မိခင်အသင်းသည် ဘုန်းတော်ကြီးပိုင်နယ် အများစု၌ အင်တိုက်အားတိုက် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။

မြန်မာအင်္ဂလိကန်အမျိုးသမီးများအနက် စံနမူနာပြုထိုက်သောအမျိုးသမီးကြီးတစ်ဦးမှာ ကွန်လွန်သူစိန်မေရီအမျိုးသမီးအထက်တန်းကျောင်း (ယခု ပန်းပဲတန်း -၁) ကျောင်းအုပ်ဆရာမကြီးဟောင်း ဒေါ်ခင်ခင် (ပြည်) ဖြစ်သည်။ ဆရာမကြီးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရလျက် တိုင်းပြည်အကျိုးသယ်ပိုးခဲ့သူ၊ ထို့ပြင် ကမ္ဘာ့အင်္ဂလိကန်ညီနှိုင်း ရေးကောင်စီ (ACC) ၏ ၁၉၇၃-၇၆ ခုနှစ်အတွက် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သူ၊ "မယ်ခရေး" ကလောင်နာမည်ဖြင့် လူသိများသောစာရေးဆရာမကြီးဖြစ်သည်။

နောက်တစ်ဦးမှာ ဆရာမကြီးဒေါ်အက်စတာလှကျော်ဖြစ်သည်။ ဆရာမကြီးသည် အင်္ဂလိကန်လူငယ်များအသင်းဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက်အင်္ဂလန်နိုင်ငံတွင် သွားရောက်လေ့လာကာ မြန်မာပြည်သို့ပြန်လာပြီး စတင်စည်းရုံးဆောင်ရွက်ခဲ့သူ၊ ဗဟိုချုပ်မိခင်အသင်းကို နှစ်ပေါင်းများစွာ ထက်မြက်အောင်မြင်စွာဦးဆောင်ခဲ့သူဖြစ်သည်။

နောက်တစ်ဦးမှာ လက်ရှိမေရီ ချက် (ပ်) မင်းနားမကြားသောကလေးများကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဆင့် ဖြစ်သည်။ ဆရာမကြီးသည် မြန်မာပြည်တွင် ရှားရှားပါးပါး လူမှုရေးလုပ်ငန်းဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ရရှိသူ အနည်းငယ် အနက် တစ်ဦးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတွင် ဒုဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်သည်။

ထို့ပြင် အခြားအခြားသော အမျိုးသမီးကြီးများစွာရှိပါသေးသည်။ အသင်းတော်တွင်း၌ အမျိုးသမီးများ ပါဝင်အစေခံခြင်းသည် တဖြည်းဖြည်းတိုးတက် ဖွံ့ဖြိုးလျက်ရှိသည်။ အထူးသဖြင့် ဘုန်းတော်ကြီးပိုင်နယ်အဆင့်တွင် အမျိုးသမီးများ၏ပါဝင် တာဝန်ယူ ဆောင်ရွက်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရသည်။ သို့သော်လည်း အသင်းတော်၏ စီမံခန့်ခွဲမှုအခွင့်အာဏာပိုင် အဖွဲ့အစည်းများဖြစ်သော သာသနာ့လွှတ်တော်၊ သာသနာ့လွှတ်တော်ချုပ်တို့တွင် အမျိုးသမီးပါဝင်မှုအရေအတွက်သည် (၄) ပုံ (၁) ပုံပင် မပြည့်နိုင်သေးပေ။ ထို့ကြောင့် သာသနာပိုင်နယ်ဗဟိုအမှုဆောင်ကော်မတီနှင့် သာသနာပိုင်ချုပ်နယ် အမှုဆောင်ကော်မတီတို့တွင် အမျိုးသမီးကော်မတီဝင်များ ရွေးချယ်ခံရရန် အလွန်အခွင့်အလမ်းနည်းပါးနေဆဲဖြစ်ပါသည်။

## ယနေ့စဉ်းစားစရာ

ယနေ့အသင်းတော်၌ အမျိုးသမီးများပါဝင်ဆက်ကပ်အစေခံခြင်းအတိုင်းအတာသည် အခြေခံကျသောအနေအ



ထားတွင်ရှိနေပါသည်။ နှစ်ပေါင်းမြောက်များစွာ အမျိုးသားကြီးများ ဦးဆောင်ဦးရွက်ပြုခဲ့ပြီး တိုးတက်ခြင်း၊ နှောင့်နှေးခြင်း၊ အောင်မြင်ခြင်း၊ နစ်နာခြင်းစသည်တို့ကို အတူတကွ အမျိုးသားနှင့် အမျိုးသမီးတန်းတူမျှဝေခံစားခဲ့ကြပါသည်။ ယခုအခါ အမျိုးသမီးကို အမျိုးသားများ၏လုပ်ဆောင်ဘက်များ(co-workers)၊ လုပ်ငန်းဖက်များ (partners) အဖြစ် မှတ်ယူပေးလျက် အတူတကွ တာဝန်ယူဆောင်ရွက်ခွင့်ရှိစေရန် လိုအပ်နေပြီဟု ယုံကြည်ပါသည်။



တစ်ချိန်တည်းမှာပင် အမျိုးသမီးများကိုယ်တိုင်သည်လည်း မိမိတို့၏တန်ဖိုးနှင့် စွမ်းဆောင်ရည်ကို သိမြင်ခံစားလျက် မိမိ ကိုယ်ကို ပြုစုပျိုးထောင်ရန်၊ လေ့ကျင့်ပြင်ဆင်လျက်နေရန်နှင့် တာဝန်ပေးလာသည့်အခါ၌လည်း ရဲဝံ့ပြောင်မြောက်စွာ၊ အောင်မြင်စွာဆောင်ရွက်ရန်လည်း ခရစ်တော်အားဖြင့်ရရှိသော အခွင့်အလမ်းတစ်ရပ်အဖြစ် လုပ်ဆောင်ရန် တိုက်တွန်း အပ်ပါသည်။

မိုင်အောင်မြို

(လိုအပ်သော အချက်အလက်များနှင့် စာအုပ်စာတမ်းများ ရှာဖွေစုဆောင်းပေးသော ဆရာဆလိုင်းအိုက်ဇက်ကို အထူးကျေးဇူးတင်ရှိပါသည်)


*ဆရာမသည် စစ်တွေသာသနာပိုင်နယ် ဗဟိုမိခင်များအသင်း၏ စည်းရုံးရေးမှူးဖြစ်ပါသည်။*

### ဆင်ခြင်စရာ

☐ ရေပေါ်မှာ ကွန်ြေရရ ရွေ့လျားနေတဲ့ ဘဲဟာ<br>
ရေအောက်မှာ သေလုမတတ်<br>
ယက်ကန်လှုပ်ရှားနေတဲ့ ခြေထောက်တစ်စုံ ရှိနေတယ်ဆိုတာ သတိရပါ။

☐ အရက်ဦးနံနက်ခင်းမှာ<br>
ဟာလေလုယာလို့ ချီးမွမ်းလိုက်ပါ။<br>
ထိုနေ့မှာ သင့်ရဲ့ အောင်မြင်သောနေ့ ဖြစ်ပါလိမ့်မယ်။

ဂျော့ကျော်ထက်



# ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုနှင့် မြန်မာနိုင်ငံခရစ်ယာန်များ

## ကျော်ညွန့်

Globalization ကို ကမ္ဘာလုံးလွှမ်းခြုံ ဖြစ်ပေါ်မှုဟူ၍ ပြန်ဆိုရခြင်းမှာ အလွယ်လမ်းလိုက်ခြင်းသာ ဖြစ်ပါသည်။ အချို့က ကမ္ဘာတစ်ဝှမ်း ဆက်စပ်ဖြစ်ပေါ်မှုဟူ၍ လည်းကောင်း၊ ကမ္ဘာတစ်ဝှမ်း လွှမ်းခြုံဆက်နွယ်မှုဖြစ်စဉ်ဟူ၍ လည်းကောင်း စိတ်ကူးတည့်ရာ အမျိုးမျိုးသုံးစွဲကြသည်။

ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုသည် အခြေခံအားဖြင့် စီးပွားရေးဖြစ်စဉ်မှ ပေါ်ထွက်လာသော ဖြစ်စဉ်ဖြစ်သည်။ နိုင်ငံတကာ စီးပွားရေးဆက်ဆံမှုသည် အဓိကကျသော မောင်းနှင်အားဖြစ်သည်။ နိုင်ငံတကာ စီးပွားဆက်ဆံမှုနှင့် ခေတ်ပေါ်စက်မှုပညာတို့ ပေါင်းစပ်သောအခါ အရှိန်အဟုန်ပြင်းစွာဖြင့် မရပ်မနား ဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်၏။

နိုင်ငံတကာ စီးပွားရေးဆက်ဆံမှုနှင့် စက်မှုပညာတိုးတက်မှုသည် စက်မှုတော်လှန်ရေး၏ နောက်ပိုင်းကာလများမှစ၍ တစ်ရှိန်ထိုး ဖွံ့ဖြိုးလာသည်။ ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုကို စက်မှုတော်လှန်ရေးတွင် ခြေရာကောက်နိုင်သော်လည်း အမှန်စင်စစ် (၁၉၇၀) နောက်ပိုင်းမှသာ အရှိန်ပိုရလာသည်ဟု ဆိုနိုင်ပါသည်။

ကမ္ဘာတစ်ဝှမ်း စီးပွားချုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကွန်မြူနစ်ဝါဒကို ကာကွယ်ရန်သော်လည်းကောင်း စနစ်တကျ စဉ်းစားခဲ့ကြသူများရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ စစ်ဘေးလွတ်၍လည်းကောင်း၊ စစ်ကြောင့်လည်းကောင်း အလွန်ချမ်းသာလာသောနိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်သည်။ စစ်တွင်းကာလ၌ ဥရောပမှ သူဌေးများလည်း အမေရိကန်သို့ ပြေးခဲ့ကြ၏။

သို့ဖြင့် အမေရိကန်တွင် သူဌေးများစုပြီး စစ်ကြောင့် ပြာပုံဖြစ်သွားသော ဥရောပနှင့် ဆင်းရဲသောနိုင်ငံများကို ကူညီနိုင်မှသာ ကွန်မြူနစ်ရန်မှ ကာကွယ်နိုင်လိမ့်မည်ဟု တွေးမိကြသည်။ ထို့ကြောင့် ဆင်းရဲသော ဘဝမှ လွတ်မြောက်ရေး အစီအစဉ် (သို့မဟုတ်) ဆိုရှယ်လစ်၊ ကွန်မြူနစ်ရန်မှ ကာကွယ်ရေး အစီအစဉ်အဖြစ် "ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး ကမ္ဘာ့ဘဏ်" (World Reconstruction and Development Bank) ကို တည်ထောင်ခဲ့ကြသည်။ ထိုဘဏ်၏ ငွေကြေးပေါ်လစီကို ကိုင်တွယ်ပေးရန်လည်း "နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့" (IMF - International Monetary Fund) ကိုလည်း တည် ထောင်ခဲ့ကြသည်။ တစ်နည်းအားဖြင့် (WB - World Bank) နှင့် IMF တို့သည် တစ်ပြိုင်နက် ပေါ်လာသော အမွှာ ညီအစ်မများဖြစ်သည်။

WB မှ ငွေထုတ်ချေး၍ IMF က ပေါ်လစီ ချမှတ်ပေးသည်။ ဤတွင် ငွေချေးရေးပေါ်လစီသည် အဓိကဇာတ်ဆရာဖြစ်၏။ နိုင်ငံတစ်နိုင်ငံသည် WB မှ ငွေချေးလိုလျှင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်၍ မရနိုင်တော့ပေ။ ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့် ပျော့ပြောင်းသော စီးပွားရေး မူဝါဒ (Liberalization) ကို လက်ခံရလေသည်။ တစ်နည်းအားဖြင့် ဈေးကွက်စီးပွားရေးကို လက်ခံရလေတော့သည်။

WB နှင့် IMF တို့ကဲ့သို့ပင် အခြားအဖွဲ့အစည်းတစ်ခု ရှိသေး၏။ GATT ဖြစ်သည်။ GATT အဖွဲ့ဝင်နိုင်ငံများသည် ညှိနှိုင်းထားသော အခွန်အတုပ်ကိုသာ ကောက်ခံရသည်။ ယခုအခါ GATT အဖွဲ့ဝင်များ ပို၍များလာသဖြင့် (WTO - World Trade Organization) ဟု အမည်ပြောင်းလဲခဲ့လေသည်။ WTO ၌ မဝင်သော နိုင်ငံသည် နိုင်ငံတကာကုန်သွယ်ရေး၌ အထူးသဖြင့် WTO အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရာ၌ အရှုံးထွက်လေတော့သည်။ ဤသို့ဖြင့် WTO. WB နှင့် IMF တို့သည် ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှု၌ အဓိကလက်သည်များ ဖြစ်တော့သည်။ ဤဖြစ်စဉ်ကို အရှိန်မြှင့်ပေးသောသူမှာ အလျင်အမြန် တိုးတက်လာသော ပို့ဆောင်ရေးစနစ်၊ ဆက်သွယ်ရေးစနစ်နှင့် သတင်းအချက်အလက်ပညာ (IT) တို့ဖြစ်လေသည်။

ဤသို့ဖြင့် ယခုအခါ ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုနှင့် လွတ်ကင်းသော နိုင်ငံဟူ၍ မရှိတော့ပေ။ အထူးသဖြင့် (၁၉၉၀) ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ်များ ပြိုဆင်းသွားပြီးနောက် နိုင်ငံတော်တော်များများသည် WTO သို့ ဝင်လာကြကြောင်း တွေ့ရသည်။ ကွန်မြူနစ် တရုတ်ပြည်ပင်လျှင် ဝင်ခွင့်တောင်းနေ၏။ တရုတ်သည် ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုကို မတားဆီးနိုင်။ စီးပွားရေးကိုပင်လျှင် "ဆိုရှယ်လစ်ဈေးကွက်စီးပွားရေး" ဟု အမည်ပြောင်းခဲ့လေသည်။

မြန်မာနိုင်ငံတွင်ကား ဆိုရှယ်လစ်စနစ် နိဂုံးချုပ်သွားသည်။ စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ အတားအဆီးမရှိ ဝင်လာကြသည်။ အရင်းရှင်များဝင်လာနိုင်အောင် တံခါးဖွင့်ဝါဒကို ကျင့်သုံးရသည်။ အရင်းရှင်များ ဝင်လာသောအခါ တိုင်းရင်းသားများ နေရာမရဖြစ်ရတော့သည်။ လယ်ယာ၊ သစ်တော၊ ပင်လယ်၊ တောတောင်တို့သည် သူတို့စားကျက်ဖြစ်လာသည်။ သို့ရာတွင် အားလုံးကို ဖွင့်မပေး၍သာ အားလုံးသူတို့လက်ထဲ မရောက်ခြင်းဖြစ်သည်။

ဘာသာရေး အဖွဲ့အစည်းများ၊ အထူးသဖြင့် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများကား မည်သို့ပုံပြောင်းလာသည်ကို သတိပြုမိရန်လိုသည်။ စက်မှုတော်လှန်ရေး၏ အသီးအပွင့်အဖြစ် ကိုလိုနီနယ်ချဲ့ဝါဒသည် မြန်မာပြည်သို့ ရောက်လာခဲ့၏။ နယ်ချဲ့ဝါဒနှင့်အတူ ရောက်လာသော ခရစ်ယာန်ဘာသာသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အခြားသော ယဉ်ကျေးမှုများကို အလေးမထား၊ အသာစီးရနေသော နယ်ချဲ့ဝါဒကို အမှီပြု၍ တိုင်းရင်းသား ယဉ်ကျေးမှုများကို ပုံပျက်စေသည်။ အချို့နေရာများ၌ လုံးဝဝါးမျိုပစ်လိုက်သည်။ (ဥပမာ - ဖိလစ်ပိုင်)

သို့ရာတွင် ကိုလိုနီနယ်ချဲ့ဝါဒနှင့် ပါလာသော ခရစ်ယာန်ဝါဒသည် နောက်ပိုင်းတွင် တည်ငြိမ်လာပြီး တိုင်းရင်းသားယဉ်ကျေးမှုများကိုလည်း လေးစားလာသည်ကို တွေ့ရ၏။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကွန်မြူနစ်ကာကွယ်ရေးအတွက် အရင်းရှင်သူဌေးကြီးများ၏ အကူအညီဖြင့် ဝင်လာသော ခရစ်ယာန်ဂိုဏ်းစွယ် ဂိုဏ်းနွယ်များကား တိုင်းရင်းသား ယဉ်ကျေးမှုများကိုသာမက တည်ငြိမ်နေသော အသင်းတော်ကြီးများကိုပင် လေးစားခြင်း မရှိတော့ပေ။ မြန်မာနိုင်ငံသည်လည်း သူတို့လက်ရာနှင့် မကင်းပေ။ သူတို့သည် ကွန်မြူနစ်၊ ဆိုရှယ်လစ်များကို

ခရစ်ယာန်ဖြစ်အောင်လုပ်သည်ထက် အသင်းတော်များမှ ခရစ်ယာန်များကို မျက်လှည့်ပြ၍ ဆွဲထုတ်သွားကြသည်။ ရလဒ်မှာ ခရစ်ယာန်များပွားများလာခြင်းထက် အသင်းတော်၊ တပည့်တော်စုများ မှိုလိုပေါက်လာခြင်း၊ သင်းခွဲခြင်း၊ အစဉ်အလာအသင်းတော်ကြီးများ ပုတ်ခတ်ခံရခြင်းစသော မညီညွတ်မှုများ ဖြစ်လာသည်။ ထိုထက်ဆိုးသည်ကား နောက်ဝင်လာသော ဆိုရှယ်လစ်ဆန့်ကျင်ရေး ခရစ်ယာန်များသည် မြန်မာလူမျိုးအများစု၏ ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုကို မလေးစားခြင်း၊ စော်ကားခြင်းစသော ရန်လိုလက္ခဏာများ ဖော်ပြနေခြင်းဖြစ်သည်။

ဤနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုသည် အမျိုးသားရေးလက္ခဏာဆောင်၏။ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်မြောက်ရေး တိုက်ပွဲများ၌ အစဉ်အလာရှိသော ယဉ်ကျေးမှုဖြစ်လေသည်။ ခရစ်ယာန်ဘာသာကို နယ်ချဲ့နောက်လိုက်၊ နယ်ချဲ့တို့၏ ယဉ်ကျေးမှုဟု သံသယဖြင့် ကြည့်ရှုကြသည်။ ထိုအခြေအနေကို အမှန်အတိုင်း သိမြင်အပ်၏။ ခရစ်ယာန်တို့ ကိုးကွယ်သော ခရစ်တော်ကို အများက ရိုသေလေးစားစေလိုလျှင် ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တရားတော်ကိုလည်းကောင်း၊ ဤနိုင်ငံ၏ ယဉ်ကျေးမှုကိုလည်းကောင်း ရိုသေလေးစားရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့် ခရစ်တော်၏ တရားတော်ကို မြန်မာယဉ်ကျေးမှုဘောင်အတွင်းသို့ ဆောင်ယူနိုင်ရန် လိုအပ်ပေသည်။ အနှစ်သာရကို အများလက်ခံထားသော ယဉ်ကျေးမှုအခွံဖြင့် ပြင်ဆင်မွမ်းမံပေးရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့် ခရစ်ယာန်ဖြစ်ခြင်းသည် အနောက်နိုင်ငံသား ဖြစ်သွားခြင်း မဟုတ်ပေ။

အဓိကပြဿနာမှာ လူမျိုးချင်း မတည့်ကြရာမှ ယဉ်ကျေးမှုကိုပါ အထင်သေးကြခြင်း၊ ဘာသာတရားပေါ်၌ အမြင်မကြည်ကြခြင်းဖြစ်သည်။ ဘာသာတရား၊ ယဉ်ကျေးမှု၊ လူမျိုးရေးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ မကြည့်တတ်လျှင် ရန်လိုသော လက္ခဏာကို ဆက်လက်ဆောင်ယူနေလျှင် ခရစ်ယာန်ဘာသာနှင့် ခရစ်ယာန်များသည် တရားစစ်၊ တရားမှန်ကို ကိုးကွယ်နေကြခြင်းလော၊ အနောက်ယဉ်ကျေးမှုကို အယူသည်းစွာ ဖက်တွယ်နေကြခြင်းလောဟု စစ်ဆေးရန် လိုလာပါသည်။

ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှု အကျိုးဆက်အဖြစ် ဥရောပယဉ်ကျေးမှုသည် နိုင်ငံတကာ ယဉ်ကျေးမှုအဖြစ် နေရာယူရန် ကြိုးစားလျက်ရှိသည်။ ဤအချက်ကို ကမ္ဘာ့နိုင်ငံများက သိကြသဖြင့် နိုင်ငံတိုင်းတွင် အမျိုးသားယဉ်ကျေးမှုကို ရှေ့တန်းတင်လာကြသည်။ စီးပွားရေး၌ ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစပ်ရန် မဖြစ်မနေလိုအပ်သော်လည်း တိုင်းပြည်တစ်ခု၏ သီးခြားအမျိုးသားရေး လက္ခဏာဖြစ်သော ယဉ်ကျေးမှုကို ထိန်းသိမ်းထားရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံရှိ ခရစ်ယာန်များ၏ အနာဂတ်သည် အမျိုးသားရေးလက္ခဏာကိုဆောင်ယူနိုင်ခြင်းအပေါ်၌ တည်နေပေလိမ့်မည်။ အမျိုးသားရေးလက္ခဏာ မရှိသောအသင်းတော်သည် ပင်လယ်တွင်းက ကျွန်းတစ်ကျွန်းသာ ဖြစ်နေပေလိမ့်မည်။

ကျော်ညွန့်
ရန်ကုန်
၁၅၊ ၉၊ ၂၀၀၁

ဆရာသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံ၏ ညွှန်ကြားရေးမှူးဖြစ်ပြီး သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်တွင် အချိန်ပိုင်းကထိက ဖြစ်ပါသည်။

ဂျာလုမ် အပြုံး

## ဆရာမ လုပ်ချင်သူ

ခရစ်ယာန်ရပ်ကွက်တစ်ခု၌ ဖြတ်လျှောက်စဉ် ကျွန်တော့်ရှေ့၌ လမ်းလျှောက်ရင်း စကားပြောနေသော ကျောင်းဝတ်စုံ ဝတ်ထားသည့် ကျောင်းသူနှစ်ဦး၏ စကားများကြောင့် ကျွန်တော်ပြုံးမိခဲ့ပါသည်။

ပထမကျောင်းသူ - ဟဲ့ . . ကျမ်းစာကျောင်းတက်တာနဲ့ ဆရာမလို့ ခေါ်တော့တာပဲလား။
ဒုတိယကျောင်းသူ - အေးပေါ့ဟ။
ပထမကျောင်းသူ - အဲလိုဆိုရင် ငါလည်း ဆယ်တန်းအောင်တာနဲ့ ကျမ်းစာကျောင်းတက်မယ်။

ဆောင်းအိမ် (ကေတု)



G ဆောင်းပါးခေါင်းစဉ်ကိုကြည့်ပြီး စိတ်ထဲတွင်ရယ်မိကြပါလိမ့်မည်။ "ဘယ့်နှယ်၊ အသက်ငါးနှစ်အရွယ်ကတည်းက စာရေးစာဖတ်အလုပ်ကို ဒီကနေ့အထိလုပ်နေပါလျက်၊ ဘာ ကြောင့် စာဖတ်ကြရအောင်လို့ ပြောနေပါလိမ့်" ဟူ၍ တွေးကောင်းတွေးကြမည်ထင်ပါသည်။ တွေးလည်းတွေးစရာ၊ ရယ် လည်းရယ်စရာဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် တစ်နှင့် တစ်ပေါင်း နှစ်ဟူသော မလွဲနိုင်သည့် အဖြေမျိုးဖြင့် ဖြေရသော်၊ ယနေ့အင်္ဂလီကန်အသင်းတော်၌ အများစုသည် စာမဖတ်ကြသည်ကတော့ အမှန်ပင်ဖြစ်သည်။

# စာဖတ်ကြရအောင်

ပြည်ငြိမ်းအေး

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း၌ာနသည် လွန်ခဲ့သော သုံးလေးနှစ်ကစ၍ အသင်းတော်နှင့်စပ်ဆိုင်သော၊ ဝိညာဉ်ရေးနှင့် ယှက်နွယ်သောစာအုပ်စာပေများကို ကြိုးစားထုတ်ဝေခဲ့သည်။

ထို့နောက် သက်ဆိုင်ရာသာသနာပိုင်နယ်များသို့ တစ်နယ်လျှင် အများဆုံး အုပ် (၂၀၀)၊ အနည်းဆုံး အုပ် (၁၀၀) ခန့်ဖြန့်ချိခဲ့သည်။ ယနေ့သာသနာပိုင်ရုံးများသို့ရောက်ရှိသောအခါ အဆိုပါစာအုပ်များ ဘီဒိုထဲတွင်ပုံစံမပျက်၊ အနေအထားမပျက်၊ စောင်ရေမလျော့၊ အရှိအရှိအတိုင်း ရှိနေသည်ကိုတွေ့လိုက်ရသောအခါ အင်္ဂလီကန်အသင်းတော်သည် စာဖတ်အားနည်းပါတကားဟု ကောက်ချက်ချမိပါတော့သည်။

နောက်တစ်နည်း ထပ်မံတွက်ချက်မိပါသေးသည်။ ဆိုပါစို့၊ သာသနာပိုင်နယ်တစ်နယ်လျှင် အုပ်ရေ (၂၀၀) ယူသည်ဆိုပါစို့။ အဆိုပါသာသနာပိုင်နယ်တွင် ဘုန်းတော်ကြီးပိုင်နယ် (၂၅) နယ်ပဲရှိသည်ဆိုပါစို့။ အုပ်ရေ (၂၀၀) ကိုဘုန်းကြီးပိုင်နယ် (၂၅) နယ်သို့ အချိုးကျဖြန့်မည်ဆိုလျှင် တစ်နယ်လျှင် (၈) အုပ်လက်ခံရယူနိုင်မည်ဖြစ်သည်။ ဘုန်းကြီးတစ်ပိုင်နယ်လျှင် အိမ်ခြေအနည်းဆုံး (၈၀) မှ အများဆုံး (၂၀၀) အထိရှိနိုင်ပါသည်။ စာအုပ် (၈) အုပ်ကလေးကိုပင် တစ်ပိုင်နယ်အတွင်း အရောင်းအဝယ် မဖြစ်ဘူးဟု ပြောသံဆိုသံကြားရမည်ဆိုလျှင်၊ အသင်းတော်၌ စာပေကို မည်မျှစိတ်ဝင်စားကြောင်း တိုင်းတာ၍ ရနိုင်မည်ဖြစ်သည်။



အသင်းတော်ထုတ် စာအုပ်စာပေများ၊ အသင်းသူအသင်းသားများ လက်ထဲမရောက်ရှိခြင်းသည် အဖြေနှစ်ခုရှိနိုင်ပါသည်။ တစ်ခုက ဖြန့်ချိမှုညံ့ဖျင်းခြင်းကြောင့် ဖြစ်နိုင်သလို၊ တစ်ခုကား စာဖတ်လိုစိတ်မရှိသော အသင်းသူအသင်းသားများကြောင့်လည်း ဖြစ်နိုင်ပေသည်။ နောက်အပိုတစ်ချက်ထည့်တွက်ကြည့်မည်ဆိုလျှင် စာအုပ်စာပေများကို ဝိုင်းဝန်းကူညီဖြန့်ချိပေးလိုစိတ် မရှိခြင်းလည်းဖြစ်နိုင်ပေသည်။ မိမိအတွက်

အင်္ဂလိကန်ဒေသနာများနှင့် ဆန့်ကျင်သောအယူအဆများ တွေ့ကောင်းတွေ့နိုင်သည်။ မိမိအသင်းတော်ထုတ် ယုံကြည်ကျင့်သုံးမှုဆိုင်ရာစာအုပ်များကို ညက်ညက်ကြေအောင် မလေ့လာမဖတ်ရှုထားသူအဖို့ ဇဝေဇဝါဖြစ်သွားနိုင်သည်။ နဝေတိမ်တောင်ဖြစ်သွားနိုင်သည်။

စာဖတ်ခြင်းရင့်ကျက်လာသူအဖို့ သူတစ်ပါးကိုပညာပြနေရန်မဟုတ်ပဲ၊ သူတစ်ပါးကိုထိုးနှက်တိုက်ခိုက်ရန်မဟုတ်ပဲ၊ သူတစ်ပါး၏ဝိညာဉ်အကျိုး၊ အသင်းတော်အကျိုးကို အထောက်အကူဖြစ်စေရမည်။ ထိုသို့မဟုတ်ဘဲ အဆိပ်သင့်သောအစာများကို မြည်းစမ်းကြည့်ရာမှ အသင်းတော်အပေါ်အမြင်စောင်းလာသူသည် မပြည့်သောအိုး ဖောင်ဖင်ခတ်သည်ဟူသော မြန်မာစကားပုံကဲ့သို့ဖြစ်ချေသည်။ ဝမရှိဘဲ ဝိလုပ်နေသူများဖြစ်သည်။

ထို့ကြောင့် စာဖတ်ပါဆိုရာ၌ လူသားအချင်းချင်း၏အကျိုးကိုပြုစေဖို့၊ မိမိအသင်းတော်၏အကျိုးကိုပြုစေဖို့၊ မိမိအိမ်ထောင်မိသားစု၏အကျိုးကိုဖြစ်စေဖို့၊ မိမိနေထိုင်သော ကမ္ဘာလောကကြီး၏အကျိုးကိုပြုစေဖို့ တိုက်တွန်းရခြင်းဖြစ်သည်။

သင်၏ဝိညာဉ်ရှင်သန်နိုးကြားစေလိုလျှင် သမ္မာကျမ်းစာအုပ်ကိုဖွင့်ဖတ်လိုက်ပါ။

သင်၏အသက်တာကို လူ့ဘဝ၌ အဓိပ္ပာယ်ရှိရှိအသုံးချသွားလိုလျှင် အသင်းတော်ထုတ်စာအုပ်များကိုဖတ်ကြည့်လိုက်ပါ။


အသင်းတော်၌ တန်ဘိုးရှိသောလူတစ်ဦးဖြစ်လိုလျှင် စာဖတ်ပျင်းသော သင်၏စိတ်နှလုံးကို ယခုပင်ချက်ခြင်းပြုပြင်လိုက်ပါ။

စာအုပ်တစ်အုပ်၏တန်ဘိုးကို ပေးချေဖို့တွန့်တိုစိတ်ရှိနေသ၍ ကမ္ဘာ၌ သင်အသက်ရှင်နေသေးသည်ဆိုလျှင် တိုတန်ဘိုးထက် အဆပေါင်းများစွာကြီးသော သက်ရောက်မှုတစ်ခုခုကိုပေးဆပ်ရပါလိမ့်မည်။

ပြည်ငြိမ်းအေး

*ဆရာသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဌာန ဌာနမှူးနှင့် သတင်းလွှာ စာစောင်၏ အယ်ဒီတာဖြစ်ပါသည်။*

သောမ မဟုတ်တဲ့ငါ




ယောကျ်ားဘသား၊ စွမ်းထက်ကြားလည်း
စီးချင်းမခေါ၊ ရဲမာန်ဝင့်ကာ
သူ့ရုပ်ရည်နဲ့၊ မြင်စွာလွဲမှား
လက်တွေ့ကျင့်ဆောင်၊ သွေးကြောင်သွား၏။
သောမအကြောင်း၊ ကောင်းကောင်းကြားလို့
တွေ့မြင်ထိမှ၊ ယုံကြည်ဘိသို့
လက်တွေ့ကိုစမ်း၊ အရှင်မှန်းသိမှ
ဒူးထောက်ဝန်ခံ၊ တောင်းပန်လေ၏။
သို့သော်ငါကား ထိုသို့မဟုတ်
နှလုံးထဲမှ၊ နှစ်မြိုက်လက်ခံ
နာခံပြည့်လျှက်၊ သခင့်ရှေ့မှောက်
ငါလျှောက်လှမ်းခဲ့၏။

လွှမ်း



# ဘုရားဖန်ဆင်းသည့် တန်ဖိုးရှိလူသား

ဆလိုင်းဟေရှာယက်အောင်

N နှင့်ပတ်သက်၍ လူ့တန်ဖိုး၊ လူ့ဂုဏ်ရည်များကို ကမ္ဘာပေါ်တွင် ဘာသာတရားအလိုက်၊ နိုင်ငံနှင့်ယဉ်ကျေးမှုအလိုက် တန်ဖိုးထားကြပေသည်။ လူဟူသည် ဆင်ခြင်တတ်သောသတ္တဝါ၊ နိုင်ငံရေးသတ္တဝါ၊ မိတ်သဟာယဖွဲ့တတ်သောသတ္တဝါ၊ တီထွင်တတ်သောသတ္တဝါစသည်ဖြင့် အမျိုးမျိုးသောရှုဒေါင့်မှ အဓိပ္ပာယ်သတ်မှတ်ကြပါသည်။ ကျွန်ုပ်တို့ခရစ်ယာန်များသည်လည်း လူကိုဘုရားသခင်၏ဖန်ဆင်းခြင်းရှုဒေါင့်မှကြည့်၍ တန်ဖိုးရှိသည်ဟု သတ်မှတ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသည် ဤကမ္ဘာလောကကြီးကိုဖန်ဆင်းရာတွင် လူကိုနောက်ဆုံးမှဖန်ဆင်းခဲ့ပြီး၊ ဤဖန်ဆင်းခြင်းသည် "ကောင်း၏" ဟု (ကမ္ဘာ ၁း၃၁) တွင် တိကျစွာဖော်ပြထားပါသည်။ ဘုရားသခင်သည် လူကိုဖန်ဆင်းရာတွင် အဆင့်အတန်းခွဲခြားခြင်းမရှိဘဲ သာတူညီမျှဖြစ်စေလျက်၊ လူ့တန်ဖိုးအပြည့်အဝပေးလျက် ဖန်ဆင်းပေးခဲ့ပါသည်။ သို့ရာတွင် လူနှင့်လူချင်းဆက်ဆံရာတွင် ဖန်ဆင်းပေးထားသောလူ့တန်ဖိုးများကို လျစ်လျူရှုခဲ့ကြသဖြင့် လူ့ကမ္ဘာကြီးထဲတွင် လူတို့၏ပုံစံ၊ ပုံသဏ္ဌာန်များသည် အမျိုးမျိုးကွဲပြားခြားနားလာခဲ့ရာ လူ့သမိုင်းစဉ်တစ်လျှောက် ယနေ့ထိတိုင်အောင်ပင်ဖြစ်သည်။

ဤကွဲပြားခြားနားသောလူများကို အုပ်စုအလိုက်ခွဲကြည့်လျှင် ကောင်းသောလူအုပ်စု၊ ဆိုးသောလူအုပ်စု၊ ပညာရှိသောလူအုပ်စု၊ ပညာမရှိသောလူအုပ်စု၊ ဆင်းရဲသောလူအုပ်စု ချမ်းသာသောလူအုပ်စု အစရှိသည့်လူအုပ်စုများနှင့် လူမျိုးနှင့် ဘာသာအရခြားနားသောလူအုပ်စုများလည်း ရှိသေးပါသည်။ လူသည် ဘုရားဖန်ဆင်းထားသော လူ့ကမ္ဘာအဝန်းအဝိုင်းလေးတွင် နေထိုင်အသက်ရှင်ကြသော မိသားစုများဖြစ်ကြပါသည်။ ဤကမ္ဘာကျဉ်းထဲတွင် လူတို့သည် လူလူချင်းတန်ဖိုးမထားကြသဖြင့် မညီမျှသောကွဲပြားခြားနားမှုများသည် ညှိနှိုင်း၍မရအောင်ဖြစ်ပျက်နေပြီး ဤကွဲပြားမှုများကြားတွင် လူသားတို့သည် အရိုးစွဲ၊ အသားကျ အနည်ထိုင်လျက်ပင်ရှိနေပေသည်။ လူသည် သီးခြားကင်းလွတ်၍ အထီးတည်းနေရသော လူများမဟုတ်ပေ။ လူမှုအဖွဲ့အစည်းအတွင်း၌ နေသောသူများဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း၌ ပေါင်းသင်းဆက်ဆံကာနေထိုင်ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ မိမိတစ်ကိုယ်တည်း၊ တစ်ယောက်တည်းအတွက်သာ စဉ်းစား၍မရတော့ပေ။ မိမိနှင့်မိမိပတ်ဝန်းကျင်ကိုတွဲ၍ စဉ်းစားလာရသည်။ လူ့လောကရှိ လူမှုရေးရာအားလုံးသည် တစ်ဦးကိုတစ်ဦးမှီတွယ်နေ၍ တစ်ဦးတည်းသီးခြားရပ်တည်၍မရနိုင်ပေ။ လူသည် ဘုရားပေးအသိဉာဏ်အားဖြင့် လူလူချင်းအပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်းအားဖြင့် အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ကုသန်းရောင်းဝယ်ရေးများသည် လူ့သမိုင်းစဉ်တွင် အဆင့်ဆင့်ပြောင်းလဲလာ၍ လူ့ယဉ်ကျေးမှုအဆင့်ဆင့်တိုးတက်ထွန်းကားလာခဲ့ပေသည်။

ထို့ကြောင့် လူသည် လူ့လောကရှိလူသားတိုင်းကို ဘုရားဖန်ဆင်းထားသောတန်ဘိုးရှိသည့် လူသားများအဖြစ် မြင်၊ သိ၊ ခံစားတတ်မှသာလျှင် မိမိကိုယ်ကိုလည်း တန်ဖိုးရှိလူသားအဖြစ်မြင်လာနိုင်မည်ဖြစ်သည်။ သူတစ်ပါးကို လူဟု သဘောမထားလျှင် မိမိလည်း လူမဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် လူသည် လူ့လောကကောင်းစားရေးအတွက် လူ့လောကသာယာဝပြောရေးအတွက် လူတို့အသိဉာဏ်တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရန်တာဝန်ရှိနေသောကြောင့်ဖြစ်သည်။ မိမိအသိ၌ လူကိုလူဟုမသိလျှင် လူတိုင်းအသိဉာဏ် တိုးတက်မြင့်မားလာအောင် ဘယ်လိုဆောင်ရွက်နိုင်မည်နည်း။

ယနေ့ ကျွန်ုပ်တို့လူ့ကမ္ဘာကိုကြည့်လျှင် လူကိုလူလို့မမြင်တတ်မှုများ၊ များနေပေသည်။ လူ့လောကတွင် အင်အားမညီမှု၊ လူနေမှု အဆင့်အတန်းမညီမျှမှု၊ ဆင်းရဲချမ်းသာမညီမျှမှုတို့သည် အလွန်ပင်ကွာဟလျက်ရှိနေပေသည်။ ချမ်းသာသောလူနည်းစုနိုင်ငံများသည် ဆင်းရဲသောလူများစုနိုင်ငံငယ်များကို ကူညီသင့်သလောက်မကူညီကြပေ။ ကျွေးမွေးသင့်သလောက်မကျွေးမွေးကြသဖြင့် ကမ္ဘာနေရာအနှံ့တွင် လူအများတော်မွတ်ခေါင်းပါးသေကြေပျက်စီးနေကြပါသည်။ စစ်အင်အားကြီးနိုင်

# စိတ်ပျော်ရွှင်လာနိုင်သောနည်းနှစ်နည်း


ကျွန်ုပ်သည် စိတ်ပျော်ရွှင်မှုကို အဘယ်က၊ အဘယ်လို ရပါမည်နည်းဟု ရှာဖွေလေ့လာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်အသက်တာတစ်လျှောက်၌ ပျော်ရွှင်မှုများထက် စိတ်ဖိစီးမှုများသာ စိုးမိုးလျက်ရှိခဲ့ပါသည်။ လူတစ်ဦး၏ အသက်တာ၌လည်း စိတ်ပျော်ရွှင်မှုသည်သာလျှင် မရှိမဖြစ် အလိုအပ်ဆုံးဟုမြင်လာခဲ့သည်။ စိတ်ပျော်ရွှင်မှုသည် လုပ်ရာတိုင်း၌လည်း ချောချောရှုရှု အောင်မြင်လိမ့်မည်ဟုလည်း ယုံကြည်လာပါသည်။ ရွှေငွေစည်းစိမ်ချမ်းသာမှသာလျှင် စိတ်ပျော်ရွှင်လာမည်ဟု ထင်မိခဲ့ကြသည့် သူဌေးသူကြွယ်များသည် စိတ်ပျော်ရွှင်မှုများကို ရှာဖွေလာခြင်းမှာ အဆန်းမဟုတ်ပေ။ ဤသို့ဖြစ်ခြင်းမှာ စည်းစိမ်ဥစ္စာမရရှိခဲ့စဉ် ၌ဖြစ်ပေါ်လေ့ရှိသည့် စိတ်နေသဘောထားပင်တည်း။ စိတ်ပျော်ရွှင်လာရန် နည်း (၂) နည်းကို တွေ့ရှိပါသည်။ ပထမနည်းမှာ သခင်ခရစ်တော်အား ကယ်တင်ရှင်အဖြစ် အကြွင်းမဲ့ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့ဘက်မှ ပေးဆပ်ခြင်းအားဖြင့် မဟုတ်ဘဲ ဘုရားရှင်၏သနားခြင်းကရုဏာကျေးဇူး သက်သက်ဖြစ်ကြောင်း ခံယူခြင်းဖြင့်လည်းကောင်း နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့ ခံစားရသော ကျေးဇူးတော်များကို စိတ်ရောကိုယ်ပါ နှုတ်မြွက်ချီးမွမ်းခြင်းဖြင့်လည်းကောင်း၊ ဤသို့အားဖြင့် စိတ်ပျော်ရွှင်လာပေလိမ့်မည်။ ဒုတိယနည်းမှာ ကမ္ဘာကျော်စာရေးဆရာကြီး "ဒေးကာနယ်ဂျီ" ရေးသားထားသော စိတ်ပျော်ရွှင်လာနည်းကို ဖော်ပြလိုပါသည်။

"စိတ်ပျော်ရွှင်လာနည်း"

"သင်မပြုံးချင်ဘူးလား။ ပြုံးရန်ဝါသနာမပါဟုဆိုလျှင် ဘာလုပ်ရမလဲ။ ကောင်းပေပြီ။ ရှေးဦးစွာ သင့်ကိုယ်သင် ပြုံးရန် တိုက်တွန်းပါ။ တစ်ကိုယ်တည်းရှိသော အခါများတွင် သီချင်းဆိုရန်သော်လည်းကောင်း၊ လေချွန်ရန်သော်လည်းကောင်း သင့်ကိုယ်သင် တိုက်တွန်းပါ။ စိတ်ထဲက ပျော်ရွှင်နေဘိသကဲ့သို့ သင့်ကိုယ်သင် လှုပ်ရှားပေးပါ။ ထိုအခါ သင်ပျော်ရွှင်လာပေလိမ့်မည်"

ဤသို့ဖော်ပြထားသည့်အတိုင်း စိတ်ပျော်ရွှင်မှုကို ရှာဖွေသော မိဘညီအစ်ကိုမောင်နှမများအားလုံး စမ်းသပ်ကြည့်မည်ဆိုလျှင် အမှန်ပင်စိတ်ပျော်လာပေလိမ့်မည်ဟု မျှော်လင့်ပါ၏။

ပေါလ်ဆင်ဝါးနော် (ပထမနှစ်)




လောဘတရား
ရှေ့တန်းတင်ထား
ဒေါသတရား
လိုက်ပါလျက်သား
မောဟတရား
မွေးမြူလို့ထား
ကြင်နာတရား
ပိုးတိုးဝါးတား
မေတ္တာတရား
ဝေးလို့လွင့်သွား
သစ္စာတရား
ပျောက်သုဉ်းလို့သွား
ဘုရားတရား
ဗလာနတ္ထိ။

ကိုထူး (ပသိမြေ)



# သခင်ယေရှု၏ အသက်တာလား? ရှင်ပြန်ထမြောက်ခြင်းလား?

ယခုအချိန်အထိ ဣသရေလနိုင်ငံ၌ ဂျူးလူမျိုးများသည် သခင်ယေရှုကို ကယ်တင်ရှင်မေရှိယအဖြစ် လက်မခံကြပေ။ ဂျူးလူမျိုးများလက်ခံသော ကယ်တင်ရှင်မေရှိယသည် ဂျူးလူမျိုးများ ကျွန်ဘဝမှလွတ်မြောက်အောင်ကယ်တင်ပေးနိုင်သော ဒါဝိတ်မင်းကဲ့သို့သော အရှင်သခင်မျိုးကိုသာ ကယ်တင်ရှင်မေရှိယအဖြစ်လက်ခံထားကြသည်။ ဂျူးလူမျိုးများသည် ချစ်ခြင်းမေတ္တာကိုအဓိကထား၍ အသက်ရှင်နေထိုင်ခဲ့သော သခင်ယေရှု၏အသက်တာကို နှစ်သက်ကြသည်။ ယခုအချိန်ထိ ဣသရေလနိုင်ငံတွင် ကလေးသူငယ်များ၏ကျောင်းသင်ရိုးတန်း၌ သခင်ယေရှုအသက်ရှင်စဉ်အချိန်က အသက်တာအကြောင်းကို သင်ကြားနေသည်ကိုတွေ့နိုင်ပါသည်။

ရှေးကနဦး တမန်တော်ကြီးများသည် သခင်ယေရှုကို ကယ်တင်ရှင်မေရှိယအဖြစ် လက်ခံယုံသာမက စစ်မှန်သော နောက်လိုက်ကောင်းများအဖြစ် အသက်ရှင်လုပ်ဆောင်ခဲ့သည်ကို သမ္မာကျမ်းစာတော်မြတ်၌တွေ့နိုင်ပါသည်။ တမန်တော်ကြီးများသည် မိမိတို့၏ အတ္တကိုအမှန်တကယ်ငြင်းပယ်၍ သခင်ယေရှုလမ်းပြခဲ့သော တရားတော်အတိုင်းလိုက်နာ၍ အသင်းတော်ကျယ်ပြန့်အောင် အသက်ပေးလုပ်ဆောင်ခဲ့ပါသည်။

ယခု ကျွန်ုပ်တို့ခရစ်ယာန်များ၏အသက်တာသည် "သခင်ယေရှုအသက်ရှင်စဉ် ပြုမူနေထိုင်ခဲ့သော အသက်တာကြောင့်လား (သို့) ရှင်ပြန်ထမြောက်ခြင်းကြောင့်လား" ခရစ်ယာန်ဖြစ်နေရသည်ကို မိမိတို့၏အသက်တာ၌ စဉ်းစားစရာဖြစ်စေပါသည်။

အိန္ဒိယနိုင်ငံသား မဟတ္တမဂန္ဒီသည် အင်္ဂလန်နိုင်ငံတွင် ဝတ်လုံတော်ရဘွဲ့အတွက် ပညာဆည်းပူးစဉ် သခင်ယေရှု၏ အသက်တာအကြောင်းကိုလေ့လာသိရှိ၍ ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့သွားရောက်လေ့လာခဲ့သည်။ သို့သော် ခရစ်ယာန်ဘုရားရှိခိုးကျောင်းရှိ အင်္ဂလိပ်ခရစ်ယာန်များသည် အိန္ဒိယလူမျိုး ဂန္ဒီအား မောင်းထုတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဂန္ဒီသည် အင်္ဂလိပ်လူမျိုးခရစ်ယာန်များ၏အပြုအမူကို ရွံ့မုန်းခဲ့သည်။ မဟတ္တမဂန္ဒီသည် သခင်ယေရှု၏အသက်တာနှင့် ခရစ်ယာန်တို့၏ပြုမူဆက်ဆံပုံကို ကွဲကွဲပြားပြားသိရှိနားလည်ခဲ့သည်။ မဟတ္တမဂန္ဒီသည် အသင်းဝင်ခရစ်ယာန်တစ်ဦး အဖြစ်မပြောင်းလဲဘဲ သခင်ယေရှုအသက်ရှင်ခဲ့သည့် အသက်တာအတိုင်း အကြမ်းမဖက် အနုနည်းဖြင့်သာ အရာရာကို သေသည့်တိုင်အောင် အသက်ရှင်လုပ်ဆောင်ခဲ့သည်ကို တွေ့နိုင်ပါသည်။ ထိုအကြောင်းအရာသည် ကျွန်ုပ်တို့ ခရစ်ယာန်များ၏ အသက်တာ၌ စဉ်းစားချင့်ချိန်စရာဖြစ်စေပါသည်။

ကျွန်ုပ်တို့ခရစ်ယာန်များ၏အသက်တာသည် အပေါ်ယံအရေခွံခြုံထားသော ခရစ်ယာန်များဖြစ်နေခဲ့သလားဆိုသည့်အချက်ကို စဉ်းစားစရာဖြစ်စေပါသည်။

ခရစ်ယာန်အချို့၏အသက်တာသည် သခင်ယေရှုရှင်ပြန်တော်မူခြင်းအပေါ် အခြေခံ၍ ယုံကြည်ရုံသက်သက်ဖြင့် ပေါ့ပေါ့တန်တန်အသက်ရှင်လျက်ရှိနေကြသည်။ လက်ရှိအသက်ရှင်စဉ်အချိန်၌ ခရစ်ယာန်အချို့သည် သခင်ယေရှုအသက်ရှင်ခဲ့သော အသက်တာအတိုင်း အသက်မရှင်နိုင်ကြပေ။ ခရစ်ယာန်အမည်ခံ၍ သာမန်လူသားကဲ့သို့ အသက်ရှင်နေထိုင်လျက်ရှိပါသည်။ သခင်ယေရှုက (လုကာ ၉း၂၃၊ မဿဲ ၁၆း၂၄၊ မာကု ၈း၃၄) တွင် "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ့်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကားတိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟုမိန့်တော်မူခဲ့ပါသည်။ ထိုအချက်ကို လက်တွေ့လုပ်ဆောင်ရန်အလွန်ခက်ခဲပါသည်။ သို့သော် ထိုစကားတော်မြတ်သည် ကျွန်ုပ်တို့ခရစ်ယာန်များအတွက် အရေးကြီးဆုံးနှင့် လုပ်ဆောင်သင့်သောအရာဖြစ်ပါသည်။ ရှင်မဿဲခရစ်ဝင် ၇း၁၂ တွင် **"သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုကိုဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်"** ဟု သခင်ယေရှုမိန့်တော်မူ၏။ ရှင်ယာကုပ်ဩဝါဒစာ ၂း၁၄-၂၆ တွင်လည်း သခင်ယေရှုကိုယုံကြည်ခြင်းနှင့်အတူ အကျင့်ဖြင့်အသက်ရှင်နေထိုင်ဖို့ မိန့်တော်မူ၏။ ဂလာတိဩဝါဒစာ ၆း၂ တွင် **"ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့်** ခရစ်တော်၏တရားကိုကျင့်ကြလော့" ဟုမိန့်တော်မူ၏။


စာမျက်နှာ - ၉၉ သို့



သက္ကရာဇ် ၂၀၀၀ ကျော်တိုင်အောင် အမျိုးမျိုးသော ခေတ်ရေစီးကြောင်းထဲသို့ရောက်လာသော ခရစ်ယာန်ဘာသာသည်လည်း ခေတ်၏ပြုပြင်ပြောင်းလဲမှုတို့နှင့်အတူ တိုးတက်မှု ဆုံးရှုံးမှု၊ ယုံကြည်ခြင်းပို၍ခိုင်မာလာခြင်းနှင့် ယုံကြည်ခြင်းမီးခိုးပမာလွင့်ပြယ်သွားခြင်း (သို့) ယုံကြည်ခြင်းအားနည်းလာခြင်းတို့ကို ကြုံတွေ့လာရသည်။ ဤအရာတို့သည် ခက်ခဲသောအချိန်ကာလရောက်ရှိလာခြင်းကို ဖော်ပြနေခြင်းဖြစ်သည်။ (ယောလ ၂း၁-၁၁) ဖော်ပြချက်သည် ယနေ့ခေတ်တွင်ပြည့်စုံလာနေပြီဖြစ်သည်။ ခရစ်တော်ကိုယ်တိုင် ဤကာလသည် ဒုက္ခဆင်းရဲခြင်း၏အစ (မာကု ၁၃း၈) ဟုဖော်ပြခဲ့သည်။ ရှင်ပေါလုကလည်း "ငါမရှိသည့်နောက် ကြမ်းတမ်းသောတောခွေး တို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲသို့ဝင်မည်ကိုလည်းကောင်း၊ တပည့်တော်များကို သွေးဆောင်ခြင်းငှာလည်းကောင်း

# ယခုအသက်ရှင်နေထိုင်ခြင်း

စောSamuelဉာဏ်လင်း

ခေတ်ရေစီးကြောင်းပြောင်းလဲတိုးတက်၊ ဆုတ်ယုတ်မှုတို့နှင့်အတူ လူသားတို့၏ဘဝအသက်တာသည် ရောထွေးနေလျက်ရှိပြီး Pluralism ဟူသောစကားသည် နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူသားတို့၏ လူမှုဆက်ဆံရေးနယ်ပယ်တွင် ရောထွေးလာသည်။ တချိန်တည်းမှာပင် ၂၁ ရာစုသို့ ပြောင်းလဲလာမှုကြောင့် Globalization ဟူသောစကားသည် Pluralism ကိုစတင်အကောင်အထည်ဖော်နေသည်။ ဖြစ်ပေါ်လာရခြင်းသည် မိုးရေစက်များကြောင့် မြစ်ချောင်း၊ ပင်လယ်ဖြစ်ပေါ်လာသကဲ့သို့ လူသားတို့ဘဝသည် ရေကြည်ရေနောက်ရောထွေးလာမှုကြောင့် အညိုရောင်ကမ္ဘာကြီးဖြစ်ပေါ်လာသည်။ မျက်မှောက်ခေတ်၏ နိုင်ငံရေးစိန်ခေါ်မှုများနှင့်အတူ နိုင်ငံကြီး၊ လူမျိုးကြီး၊ လက်ဝဲအစွန်းရောက်သမားတို့၏ အခန်းကဏ္ဍသည် ဖျက်ဆီးခြင်းလက္ခဏာသို့ ဆက်လက်ဦးတည်နေသည်။ "နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်လိမ့်မည်" (၂တိ ၃း၁) လူတိုင်း၊ နေရာတိုင်း၊ အချိန်တိုင်းဆိုသောဘဝတည်ရှိမှုထဲသို့ ဖြေရှင်းရန်ခက်သောပြဿနာများ ဝင်ရောက်လာသည်။

> ဘဝအခက်အခဲများကို
> ဘုရားရှင်ကို အားကိုးလျက်
> ဆုတောင်းခြင်းနှင့်အတူ ခွန်အားယူကျော်လွှားပါ။
> ယုံကြည်ခြင်းနှင့်ဆိုင်သော
> မှားမှန်ပြဿနာများကို
> ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမဆုံးဖြတ်ဘဲ
> "သမ္မာကျမ်းစာ" ကို "စံ" အဖြစ်ထားရှိလျက်. . .

မှားသောစကားကိုပြောတတ်သောလူတို့သည် သင်တို့ အထဲ၌လည်းပေါ်ပေါက်လာမည်ကို ငါသိ၏။" (Acts 20:29-30. Matt 24:4-5) ကဲ့သို့သော အဖြစ်အပျက်များလည်း ပေါ်ပေါက်လာလိမ့်မည်။ ယနေ့ထိုအဖြစ်အပျက်များစတင်၍ပြည့်စုံလာပါပြီ။ ခရစ်ယာန်များ (ခရစ်တော်၏အသက်လမ်းစဉ်ကို ယုံကြည်လိုက်လျှောက်သူများ) သည် ခရစ်တော်၏ မိန့်တော်မူစကားနှင့် အသက်တာ၏အကျိုးဆုကျေးဇူးမြော်လင့်ခြင်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ရန်လိုသည်။ ခက်ခဲသောအချိန်ကာလ၌ သစ္စာတည်းဟူသော ခါးပန်းကိုစည်းလျက် ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာကိုဆင်ရမည်။ (ဧဖက် ၆း၁၄)။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခိုင်မြဲစေရန် ဘုရားသခင်၏သွန်သင်မှုကို နေ့ညမပြတ်ပြန်လည်၍ ဆင်ခြင်အောက်မေ့သုံးသပ်ရန်လိုသည်။ Pluralism ၏ရှုပ်ထွေးမှုကြားမှ စစ်မှန်သောကယ်တင်ရှင်ကိုသာ ယုံကြည်ရန်ဖြစ်သည်။ (မာကု ၁၃း၃) **"အကြင်သူသည် ဆုံးခန်းတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။"** ရှင်ပေတရုကလည်း ယုံကြည်ခြင်း၏အကျိုးသည် ဝိညာဉ်ကယ်တင်ခြင်းဖြစ်ကြောင်း (၂ပေ ၁း၉) ကိုသိမှတ်လျက် ခရစ်ယာန်တို့၏မျှော်လင့်ခြင်းတည်းဟူသော The Last Judgement Day ကိုကျော်လွှားနိုင်ရန် အချိန်တိုင်းနာရီတိုင်းတွင် ခရစ်တော်ကိုယူတင်ဝတ်ဆင်ပါ။ ဘဝအခက်အခဲများကို ဘုရားရှင်ကို အားကိုးလျက် ဆုတောင်းခြင်းနှင့်အတူ ခွန်အားယူကျော်လွှားပါ။ ယုံကြည်ခြင်း နှင့်ဆိုင်သော မှားမှန်ပြဿနာများကို ကျွန်ုပ်တို့သည် မိမိကိုယ်ကို မဆုံးဖြတ်ဘဲ "သမ္မာကျမ်းစာ" ကို "စံ" အဖြစ်ထားရှိလျက် တိုင်းတာဆုံးဖြတ်ရမည်။

အဘယ်သူမျှသခင်နှစ်ဦး၏အစေကိုမခံနိုင်ပါ။ အမှန်တရားကိုရွေးချယ်ရာတွင် ထိုကဲ့သို့ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏တိကျသောဦးတည်ချက်ပန်းတိုင် ဟူသောခရစ်တော်တစ်ပါးတည်းကို "ကယ်တင်ရှင်" အဖြစ် အကြွင်းမဲ့ယုံကြည်ဝန်ခံခြင်းစံကိုသာထားရမည်။ ကျွန်ုပ်တို့၏ စိတ်ပျော်ရွှင်ခြင်းများသည် တိကျသောဘဝကိုအဖြေထားခြင်းပေါ်တွင် များစွာမူတည်သည်။ "လိုအပ်မှု" ကို ကျွန်ုပ်တို့ဖြည့်စွက်ရာတွင် ဘုရားရှင်သည် အရာခပ်သိမ်းပါဝင်မှုသည် အရေးကြီးကြောင်းသိမှတ်ရမည်။

အဆိုးဆုံးသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မှားယွင်းစေနိုင်သောအရာများပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသာ ယုံကြည်သည်ကိုပြန်လည်ဆန်းစစ်လျက် အဖြေထုတ်ရမည်။ ပုန်းလျှိုနေသော၊ မခိုင်မာသေးသောယုံကြည်ခြင်းအတွက် Self-contextualization (self-mission) ကိုပြန်လုပ်ရမည်ဖြစ်သည်။ ဘုရားသခင်ကို အချိန်ပေးရန်နည်းပါးလာမှုပြဿနာများ ကြောင့် ရောက်သည့်နေရာရှိသည့်နေရာတွင် မိမိ၏ဘဝတည်ရှိမှု၊ ယုံကြည်ခြင်းစိတ်ချမှု၊ ဘဝအခက်အခဲကိုကျော်လွှားခြင်းတို့ တွင် ပြန်လည်သုံးသပ်ရမည်။ အထူးသဖြင့် မိမိ၏ကိုယ့်ကိုပြန်လည်၍ သာသနာပြုရန်အရေးကြီးသည်။ ယုံကြည်ခြင်းသည် စိတ်ချမှုရှိ၊ မရှိ ပြန်လည်စစ်ဆေးအဖြေထုတ်ရမည်။ ၎င်းအပြင် ယုံကြည်ခြင်းကိုယိမ်းယိုင်စေသော ပြဿနာများကိုကြိုတင်စဉ်း စားထားပြီး အဖြေကိုလည်းစဉ်းစားရမည်။

ယနေ့ တတိယကမ္ဘာနိုင်ငံများကြုံတွေ့နေရသောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများတို့နှင့်အတူ ဘာသာရေးကိုစိတ်ဝင်စားလာကြသည်။ ၎င်းအပြင် နိုင်ငံကြီးများတွင်လည်း ဘာသာရေးယုံကြည်မှုသည်လည်း အငွေ့ကဲ့သို့ဦးတည်လာနေပြန်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သွန်သင်သောသူတို့ပင်လျှင် ယုံကြည်ခြင်းအသက်တာ၊ ပြောဆိုမှု၊ နေထိုင်ပုံတို့သည် သာမန်ယုံကြည်သူများထက် ပျော့ပျောင်းလာချင်သည်။ ထိုကဲ့သို့သော အခက်အခဲတို့သည် ခရစ်တော်၏နှုတ်ထွက်စကားအတိုင်း ထိုမိစ္ဆာပရောဖက်များ ကျွန်ုပ်တို့အဖွဲ့အစည်းထဲသို့ ဝင်လာကြောင်းကို သတိပြုရမည်။ သို့သော် ဆက်လက်၍ ဘဝဆုံးတိုင် ယုံကြည်ခြင်းဖြင့် ရင်ဆိုင်ရန်ဖြစ်သည်။ ခရစ်တော်ကို နှလုံးသားတွင်နေရာပေးလျက် မိမိယုံကြည်ခြင်းကို တန်ဆာဆင်ရန်ဖြစ်သည်။

ထို့ကြောင့် "ယနေ့ ငါအသက်ရှင်ခြင်းသည် ခရစ်တော်၏ သားသမီးအဖြစ်နှင့်လော်း?" ဟူသော မေးခွန်းကို ဖြေဆိုရင်း ဘုရားသခင်၏နိုင်ငံတော်နှင့် အသင်းတော်တွင် ဆက်လှမ်းကြပါစို့။

စော Samuel ဉာဏ်လင်း

စာမျက်နှာ (၄၇) မှ အဆက်

ယနေ့ခရစ်ယာန်များအသက်တာ၌ ခရစ်တော်၏တရားတော်အတိုင်း နေထိုင်အသက်ရှင်သွားနိုင်လျှင် ဘုရားသခင်ဖန်ဆင်းထားသော လောကကမ္ဘာကြီးသည် ပို၍သာယာငြိမ်းချမ်းမည် အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်သခင်ယေရှုအသက်ရှင်ခဲ့သော အသက်တာကြောင့်လား (သို့) သခင်ယေရှုအမှန်တကယ်ရှင်ပြန်ထမြောက်ခြင်းကြောင့်သာ ခရစ်ယာန်ဖြစ်နေရသည်ကို မိမိအသက်တာ၌ ပြန်လည်စဉ်စားရမည့်အချိန်ပင်ဖြစ်ပါသည်။

နဂါးလေး

# နှစ်စေ့ခြင်း၏ တခြားမျက်နှာ

## အောင်လင်းခိုင်

ကစ္စပနဒီ




ကျောင်းဖွင့်ချိန်နီးကပ်လာပြီ မို့ . . ပျော်ရွှင်ခဲ့ကဲ့ရက်တွေတဖြည်းဖြည်း နဲ့ကုန်ဆုံး လျော့နည်းလာပါပြီ။ ဓမ္မပညာ ကို ဆည်းပူးလေ့လာရတော့မယ်ဆိုတဲ့အ သိစိတ်တွေ ဝင်လာပါတော့တယ်။ ခွဲရ တော့မှာလား ကိန္နရီရယ် . . ။ ကျန်သူ ကလွမ်းရတော့မယ်အသိစိတ်နဲ့လိုက်ပို့ရင်း မျက်ရည်စို့ရွဲပြီး လက်ကလေးနှုတ်ဆက် ပြီး ပြောလိုက်တဲ့စကားက ရန်ကုန်မသွား ပါနဲ့တော့လား အကိုရယ်တဲ့။ ဒီစကား ကြားလိုက်ရတဲ့အချိန်မှာ ဘယ်လိုနှစ် သိမ့်မှုပေးနိုင်စွမ်းမလဲ . . ။ ကျမ်းတစ် ချက်ကို သတိရပါတယ်။ "ထွန်တုံးကို ကိုင်၍ နောက်လှည့်ကြည့်သောသူသည် ငါနှင့်မထိုက်မတန်" . . တဲ့။ ဒီလိုနဲ့ သွားရမယ့်ခရီးကို ဆက်လက်ထွက်ခွါခဲ့ရ ပါပြီ။ မိသားစုနှင့် မိဘဆွေမျိုး အသိုင်း အဝန်းတွေကို ခေတ္တစွန့်ခွာရတာပေါ့။ အခုအချိန်မှာ စွန့်လွှတ်မှုမရှိရင် နောင် များများ စွန့်လွှတ်ရမယ်ဆိုတဲ့ စကားရှိ ပါတယ် ကိန္နရီရယ် . . ။

ကြွေလွင့်သွားတဲ့ သစ်ရွက်တွေ ကိုကြည့်ရင်း . . အတိတ်က အချိန်တွေ ကို ပြန်တမ်းတမိပါတယ်။ နှစ်ယောက် သားသီဆိုခဲ့ဘူးတဲ့ ဓမ္မသီချင်းတွေ . . ၊ အတူတူခိုလှုံခဲ့ဘူးတဲ့ ဘုရားကျောင်း . . ၊ ပြီးတော့ ဟိုတုန်းက တနင်္ဂနွေကို ပြန်သတိရစေခဲ့ တယ်။ ညစဉ်ညတိုင်း ဘုရားရှိခိုးပြီး အိပ်ပေမယ့် ပြန်လည် ဆုံတွေ့မယ့်နေ့ရက်ကို မျှော်လင့်ခဲ့တာ အိပ်မက်ထဲမှာတောင် ယောင်ယမ်းနေမိ တယ်။ ဝဿန်ကာလရဲ့ မိုးစက်တွေက အကို့ကိုမအေးချမ်းစေခဲ့ဘူး။ ကိန္နရီရှိ ရာအရပ်ကို မျှော်မှန်း၊ မှန်းဆရင်း အကို ရဲ့ စိတ် ကို အလွမ်းဖန် တီးနေ သလိုဖြစ်နေပါတယ်။ မညာမတာရွာ သွန်းတတ်တဲ့မိုးညတွေမှာ အိပ်စက်ဖို့မ တတ်နိုင်တော့ပြန်ဘူး။ တစ်ခါတစ်ခါ မိုးကို 'ရွာချင်သလိုရွာပါတော့ . . ကိုရွှေမိုးရယ်' လို့ အရှုံးပေးချင်တဲ့ စိတ် တွေ ဝင်လာခဲ့ပါတယ်။ ဒါပေမဲ့ တို့ယုံ ကြည်တဲ့ အရှင်ခရစ်တော်ဟာ လောက ကို အောင်နိုင်သူမို့ တို့လည်း လောကခံ တရားရဲ့ ကြမ်းတမ်းမှုအောက်မှာ အောင်နိုင်ရမယ် . . လို့ ခွန်အားတွေရ ရှိခဲ့ပါတယ် . . ။

အချိန်ဟာ လူကိုကုစားရင်း . . တစ်ရက်ပြီးတစ်ရက် . . တစ်လပြီးတစ် လ ရက်လတွေပြောင်းလဲလာတဲ့အချိန် မှာ ဓမ္မပညာကိုလေ့လာဆည်းပူးရင်း ဆောင်းရာသီကိုဝင်လာပါတော့တယ်။ မကြုံချင်ပေမဲ့ ကြုံခဲ့ရပြီဆောင်းရယ်။ နှင်းများအုံ့ဆိုင်းနေတဲ့ ဒီဟေမာန်နံနက် ခင်းမှာ နှင်းမြူပွင့်တွေ၊ အစီအရီပွင့်နေ သလို၊ မြူမှုန်တွေကိုခွင်းပြီး ပြူထွက်မယ့် အရှင်နေမင်းကြီးဟာ လောကကို သတ္တိ ရှိရှိထိုးဖောက်လာပြီ။ ဒါပေမယ့် ဒီ နေမင်းကြီးရဲ့သတ္တိရှိခြင်းဟာ အကို့အ တွက် နွေးထွေးမှုမဖြစ်စေခဲ့ပြန်ဘူး။ စောင်ခြုံပေမယ့် မနွေးနိုင်တဲ့အချိန်၊ ကိန္နရီရဲ့ကိုယ်ငွေ့ကိုတမ်းတရင်း ကိန္နရီ ရှိရာအရပ်မှာပွင့်မယ့် ဆောင်းရာသီရဲ့အ လှသခင်ဖြစ်တဲ့ . . သဇင်ပန်းတွေဟာ ပင်မြင့်ပေါ်မှာ နှင်းရည်ကိုသောက်သုံးပြီး နေရောင်ခြည်အောက်မှာ ရွှေရောင်၊ ငွေ ရောင် လင်းလက်ဝင်းပပြီး . . ဖူးပွင့်နေ လိမ့်မယ်လို့ မှန်းဆရင်း . . အလွမ်းပိုစေ ခဲ့တယ် . . ။

အဝေးမှာ ဓမ္မပညာသင်ကြား နေတဲ့အကိုတစ်ယောက်မှာ ပြန်ချင်ပေမဲ့ မပြန်နိုင်သူပါ . . ။ အကိုဟာ ကိန္နရီအ နားမှာ ပြုစု ယုယပြီးနေချင်ပေမဲ့ ဘုရား သခင်ရဲ့အစေခံတစ်ယောက်မို့ အချိန် တိုင်းမှာ ပေးဆပ်နေရသူပဲလေ . . ။ အိမ်မှုတာဝန်ပျက်ခဲ့တာတွေ၊ အားပေးဖို့ မရောက်နိုင်တာတွေ . . ခွင့်လွှတ်ပြီးနား လည်ပေးစေချင်ပါတယ်။ ဒီတစ်ခါပြန်ဆုံ လို့ ပျော်ခွင့်ရမယ်ဆိုရင် . . အကို လေ . . ကိန္နရီကို အရင်ကထက်ပိုပြီးဂ ရုစိုက်မယ်လို့ ဘုရားသခင်ထံကတိပေး ဆုတောင်းခဲ့ပါတယ် . . ။


ရှုပ်ထွေးနေတဲ့ လောကကြီး မှာ . . ၊ အလှပတရားကို ကိုးကွယ်ကြတဲ့ အသိုင်းအဝန်းကြားမှာ . . . ၊ ဘဝ မှန်တိုင်းကြားမှာ ကိန္နရီတစ်ယောက် အားငယ်စိတ်ပျက် ခါးသည်းနေပြီလား . . ။ တူညီညင်သာတဲ့ အမေ့လက်ထဲက ကြီးပြင်းခဲ့ခြင်း အတူတူဆိုပေမယ့် အဆင်းနဲ့အရောင်ခွဲ ခြားသတ်မှတ်ထား တဲ့ လောကအလယ်မှာ မတင့်တယ်ဘူး ဆိုတာ အကိုသိပါတယ်။ ဒါပေမဲ့ ကိန္နရီ ရယ် တို့ယုံကြည်တဲ့ သခင်ခရစ်တော်ဟာ ကျောသားရင်သား စည်းရိုးမခတ်ထားပါ ဘူး။ ဘုရားသခင်ကို မျှော်လင့်ပြီး ခွန်အားယူစေချင်တယ်။

ဟေရှာယ ၄၁း၃၁ မှာ "**ထာဝရ ဘုရားကို မျှော်လင့်သောသူသည် အား ပြည့်ကြလိမ့်မည်။ ရွှေလင်းယုန်ကဲ့သို့ တောင်ပံသစ်နှင့် ပြေးသော်လည်း မပင် ပန်း၊ ခရီးသွားသော်လည်း မမောရ**" တဲ့ အားတင်းထားစမ်းပါ ကိန္နရီရယ် . . ကောင်းကြီးမင်္ဂလာဆိုတာ တို့ရဲ့ လက် တစ်ကမ်းမှာပါကွယ် . . ။

အကို ဓမ္မပညာသင်ကြားနေချိန် မှာ ရင်သွေးလေးကို ကိန္နရီရဲ့မေတ္တာအ ရိပ်နဲ့ ကာကွယ်စောင့်ရှောက် ပေးပါ ကွယ် . . ။ အကိုဟာ ဘာအစွမ်းအစ၊ သတ္တိမျိုးလည်း မရှိခဲ့ပါဘူး။ အကို့ဘဝ ဟာ ရာဇဝင်မှာ စာတစ်ကြောင်းရေးရင် တောင်မှ ပြည့်မှာမဟုတ်တဲ့ဘဝ။ ဒါပေမဲ့ ကိန္နရီရဲ့ ပုခက်လွှဲတဲ့လက်နဲ့ ရင်သွေး လေးရဲ့ဘဝကို တင့်တယ်လှပအောင် ပြု စုပေးပါကွယ်။ လူ့ဘဝတစ်ကွေ့မှာ လူဆိုတာ မသေသရွေ့ ရုန်းကန်၊ လှုပ် ရှားရဦးမှာပဲ။ တည်ကြည်တဲ့ အနန္တ တန်ခိုးရှင်ဖြစ်တဲ့ ထာဝရဘုရားသခင်ရဲ့ အရိပ်အောက်မှာဘဲ ခိုလှုံပြီး ဘုရား သခင်ရဲ့ အမှုတော်ကို ထမ်းရွက်အစေခံ စို့လား ကိန္နရီရယ် . . ။

အောင် (ကစ္စပနဒီ )

"ကဲ . . ဘော်ဒါတို့ရေ ဟိုမှာ ငါရဲ့ချစ်လှစွာသော ယောက်ဖကြီးလာနေပြီကွ" ရဲကျော်၏ဆော်ဩမှုနှင့်အတူ တခြားအဖော်များလည်း လမ်းမပေါ် လျှောက်လာသည့် ကိုလတ်ထံ အကြည့်ရောက်သွားသည်။ "ယောက်ဖကိုလတ်ရေ မင်းရဲ့အစ်မဆရာမ နေကောင်းတယ်မဟုတ်လား . . ဒီနေ့ ကျောင်းပိတ်ရက်ဆိုတော့ ငါ ဆရာမနဲ့ မတွေ့ရဘူးကွာ . . ရင်ထဲမှာ အပြတ်ဆွေးနေတယ်" ရဲကျော်၏စကားကြောင့် ကိုလတ်မှာ ခြေလှမ်းကို တုန့်ကနဲရပ်လိုက်မိသည်။



မွှေနော်ဝိုးလေး

"ဟေ့ကောင်ရဲကျော် မင်းစကားကိုဆင်ခြင်ပြောရင် ကောင်းမယ်နော် . . ငါ့မှာ သည်းခံစိတ်ဆိုတာ လုံးဝရှိတာမဟုတ်ဘူး"

"ဟိုးထား ယောက်ဖ ဒေါသရှေ့ထားရင် မှားမှာပေါ့ ငါ့ရင်ထဲကစကားတွေကို အတည်ပြောနေတာပါ။ မင်းရဲ့ အစ်မဆရာမ လုပ်မယ်မှန်းသိခဲ့ရင် ငါအခုထက်ထိ မူလတန်းကျောင်းဘဲ တက်နေမှာကွ"

ရဲကျော်၏ စကားလုံးများကြောင့် ကိုလတ်မှာ ပေါက်ကွဲတော့သည်။

"အသုံးမကျတဲ့အကောင် . . ဒီမှာရဲကျော် မင်းလိုနွားကျောင်းသားအဆင့်နဲ့ကောင်ကများ ငါ့အစ်မကိုလာပြီး ကြွေနေတယ်လေး ဘာလေးနဲ့၊ ငါ့ရဲ့အစ်မနဲ့တော့ မင်းမတန်ဘူး။ မင်းအတွက်ထိုက်တန်တာ ငါ့ရဲ့လက်သီးပဲ . . ရော့"

"ခွပ်"

ကိုလတ်၏ လက်သီးချက်မှာ ရုတ်တရက်ဖြစ်သဖြင့် ရဲကျော် မှောက်လဲကျသွားသည်။ ရဲကျော်၏အဖော်များမှာ မနေသာတော့ဘဲ ကိုလတ်အား ဝိုင်း၍ထိုးကြိတ်ကြသည်။ အများနှင့်တစ်ယောက်မို့ မကြာခင်ပင် ကိုလတ်၏ မျက်နှာနှင့် ဦးခေါင်းတို့မှာ သွေးများယိုစီးလာသည်။ ရဲကျော်နှင့်အဖော်များမှာလည်း အောင်နိုင်သူတို့အပြုံးများနှင့် ထွက်ခွာသွားကြသည်။ ကိုလတ်မှာ ဒေါသအကြီးအကျယ်ထွက်လျက် ကျန်ရစ်ခဲ့သည်။

"နေနှင့်ဦးပေါ့ကွ . . အများနဲ့ကိုက်တတ်တဲ့ ခွေးအတွေ၊ ကိုလတ်ရဲ့အကြောင်း တစ်နေ့မင်းတို့ ကောင်းကောင်းသိစေရမယ်"

ကိုလတ်မှာ မကျေမနပ်ဖြင့် အိမ်ဖက်သို့လှည့်ပြန်လာခဲ့သည်။

ဆရာမအယ်စတာမှာ ကျောင်းအားရက်ဖြစ်သဖြင့် ခြံဝင်းထဲ၌ နှင်းဆီပန်းပင်များကို ရေလောင်းပေးနေသည်။

"ဂိန် . . ဂိန် . . ."

ခြံဝဆီမှ အောင်နက်၏နာကျဉ်စွာအော်သံကြောင့် အယ်စတာမှာ လှည့်ကြည့်မိသည်။

"ဟဲ့ ဘယ်လိုဖြစ်ရတာလဲ ကိုလတ်ရဲ့ အောင်နက်ကဘာအပြစ်ရှိလို့ နင်က ကန်ရတာလဲ"

"မကျေနပ်လို့ဟေ့ မကျေနပ်လို့ . . ရဲကျော်ဆိုတဲ့အကောင်ကို ခွေးလိုကန်ချင်တာ"

ကိုလတ်၏ပြောဆိုမှုကြောင့် အယ်စတာ မှာ အံ့ဩမှုနဲ့မောင်ဖြစ်သူမျက်နှာကို ကြည့်မိသည်။

"အယ် . . ကိုလတ်မျက်နှာမှာလည်း ဖူးယောင်လို့၊ ခေါင်းမှာလည်း သွေးတွေနဲ့ . . အမေရေ လာပါဦး ကိုလတ်ခေါင်းမှာ သွေးတွေနဲ့"

သမီးဖြစ်သူ၏ အလန့်တကြားအော်သံကြောင့် ဒေါ်မေရီမှာ ခြံထဲသို့ပြေးဆင်းလာခဲ့သည်။

"ဘာဖြစ်တာလဲ သမီးရဲ့ အလန့်တကြားနဲ့ . . ကိုလတ် မင်းဘာဖြစ်လာတာလဲ အမေ့ကိုပြောစမ်း"

ဒေါ်မေရီမှာ . . .

"မှန်းစမ်း ခေါင်းမှာလည်း သွေးတွေနဲ့" ပြောရင်းနှင့်ပင် သားဖြစ်သူ၏ ခေါင်းကိုပွတ်ကြည့်လိုက်သည်။

"နည်းနည်းဘဲ ပေါက်သွားတာပါကွာ . . ကိစ္စမရှိဘူး၊ ကိုလတ်လာ အိမ်ပေါ်တက်".

ဒေါ်မေရီမှာ သမီးဖြစ်သူ အလန့်တကြားဖြစ်သလောက် သူမမှာ အေးဆေးစွာပင် . .

"ကဲ ကိုလတ် ဘယ်လိုဖြစ်လာတာလဲ အမေ့ကိုပြောပြစမ်း"

"ရွာထဲက ရဲကျော်တို့အုပ်စုပေါ့အမေရာ . . သားပြန်လာတာတွေ့တော့ ရစ်တယ်။ မမကြီးကိုလည်း စကားတွေနဲ့စော်ကားသေးတယ်၊ ဒါကြောင့် သားကမကျေနပ်လို့ သူတို့ကိုဝင်ချတာ၊ အများနဲ့တစ်ယောက်မို့ပေါ့ကွာ . . တောက်"

"ကဲ ကိုလတ် ဒေါသကို အရင်လျှော့လိုက်နော် . . အမေရှင်းပြမယ်၊ သားက အရမ်းစိတ်ဆတ်တာကိုးကွ၊ ရဲကျော်တို့က လူငယ်ဆိုတော့ လူငယ်သဘာဝအရ တစ်ဖက်သားကိုစချင်နောက်ချင်တာ နေမှာပါကွာ"

"စတို့ မလိုဘူး အမေ သားက စတာနောက်တာ လုံးဝမကြိုက်သလို ဘယ်သူ့ကိုမှလည်း စနောက်တာ မဟုတ်ဘူး"

"အေးပါ . . သားရယ် သားရဲ့စိတ်ကို အမေနားလည်ပါတယ်။ အမေ့ဆန္ဒကတော့ အတတ်နိုင်ဆုံး ဒေါသကို မျိုသိပ်ပြီး သည်းခံစေချင်တယ်ကွာ"

ဤသို့သောအဖြစ်အပျက်မျိုးမှာ ဒေါ်မေရီ၏မိသားစုတွင်း၌ အကြိမ်မရေတွက်နိုင်တော့။ မဟုတ်မခံစိတ်နှင့် စိတ်ဆတ်ကာ မကြာခဏရန်ဖြစ်တတ်သည့် သားဖြစ်သူကိုလတ်ကြောင့်လည်း ဒေါ်မေရီမှာ ဝေဒနာများစွာရခဲ့သည်။ သို့သော်လည်း ဒေါ်မေရီမှာ သားသမီးအဖော်များအပေါ်ထားသည့် မေတ္တာကိုသာ ရှေ့တန်းတင်လျက် မိခင်၏ဝတ္တရားနှင့် ချစ်ခြင်းမေတ္တာအားဖြင့်သာ လမ်းပြသွန်သင်ခဲ့သည်။

○ ○ ○

"ကလောင် . . ကလောင်"

ကျောင်းဆင်းခေါင်းလောင်း ထိုးသံနှင့်အတူ ကျောင်းသူ ကျောင်းသားများမှာ နိုင်ငံတော်သီချင်းသီဆိုပြီး ကျောင်းရှေ့မှ ညီညာစွာ ထွက်ခွာသွားကြသည်။



ဆရာမအယ်စတာမှလည်း ဆွဲခြင်းကိုဆွဲလျက် အိမ်ပြန်ခရီးကို လှမ်းခဲ့သည်။ သည်လိုနှင့် ရွာထိပ်အရောက်၌ လမ်းပေါ်တွင် ဒယိမ်းဒယိုင်ဖြင့် လမ်းလျှောက်နေသူတစ်ဦးကို မြင်တွေ့လိုက်ရသည်။ ထိုလူအား သေချာစွာကြည့်လိုက်မိသောအခါတွင်တော့ ဆရာမအယ်စတာမှာ သက်ပြင်းချမိလိုက်သည်။

"ဟင်း . . ဖြစ်ရမယ်၊ ဖြစ်ရမယ်. . ကိုကြီးတို့ကလေ နေတောင်မစောင်းသေးဘူး လူကတော့ မိုးမှောင်ကျနေပြီ"

နောက်မှရုတ်တရက်ထွက်လာသော စကားသံကြောင့် နိုင်ကြီးမှာ ယိမ်းယိုင်သောခြေလှမ်းများဖြင့် နောက်လှည့်ကာ

"ဟေ့. . ဘယ်သူလဲ ငါ့ကို စကားပြောတာ . . အော် ဪ ကိုကြီးရဲ့ချစ်ညီမ အယ်စတာကိုး . . ကိုကြီး ဒီနေ့ နည်းနည်းများလာတယ်ကွာ. ."

"တော်ပါတော့ ကိုကြီးရယ် ရှင်းပြမနေနဲ့ . . အိမ်ပြန်ရောက်ဖို့အရေးကြီးတယ် လာပါ . . ညီမတွဲခေါ်မယ်"

"နေပါညီမ . . ရတယ် . . ကိုကြီးမမူးပါဘူး . . ညီမက ကျောင်းဝတ်စုံနဲ့ဆိုတော့ ကိုကြီးကိုတွဲလို့မဖြစ်ဘူး၊ ညီမ သိက္ခာကျစရာအဖြစ်မျိုး ကိုကြီးလက်မခံဘူး"

"အံမယ် . . ဂုဏ် သိက္ခာရှင်တွေ လုပ်မနေနဲ့ . . လာ အိမ်ပြန်ရအောင်"

"မဖြစ်ဘူးထင်တယ် ညီမရေ ကိုကြီးရေချိန်မကိုက်သေးဘူး၊ ရွာလယ်က ဖိုးတုတ်ဆိုင်မှာ မနေ့ညနေက ကိုကြီးငွေအပိုတစ်ဆယ်ကျန်လို့ ဝင်ဖြည့်လိုက်အုံးမယ်"

ဆရာမလေးအယ်စတာမှာ အစ်ကိုကြီးဖြစ်သူအား တားမရသည့်အဆုံး၌ လက်တစ်ဖက်ကို အတင်းဆွဲကာ အတင်းတွဲခေါ်ရတော့သည်။ အစ်ကို၏ ယိမ်းယိုင်သောခန္ဓာကိုယ်ကိုထိန်းရင်း ရွာထဲ၌ဖြတ်လျှောက်စဉ်မှာတော့ ပတ်ဝန်းကျင်၏ အစိပ်ပွာယ်များစွာသော အကြည့်များကို ဆရာမအယ်စတာ ရင်ဆိုင်ရပြန်သည်။ သို့သော် အပြုံးများနှင့်သာ တုန့်ပြန်လျက် အိမ်အရောက် အစ်ကိုဖြစ်သူအား တွဲခေါ်လာခဲ့သည်။

"အမေရေ့ သမီးပြန်လာပြီ တံခါးဖွင့်ပါဦး"

"အေး . . အေး. . သမီးရေလာပြီ . . ဟော့တော် သားကြီးလည်း ပြန်လာတာကိုး. . သားကြီးရယ် အရက်ကို အလွန်အကျွံသောက်လာပြီထင်တယ်"

"ချစ်သော မာမီ . . သားဒီနေ့အနည်းငယ် များလာတယ်ဗျာ . . သားကို စိတ်မဆိုးပါနဲ့နော်"

"အေးပါသားကြီးရယ် အမေဘယ်တုန်းက သားကို စိတ်ဆိုးဖူးလို့လဲ . . အမေပြောချင်တာက သောက်တယ်ဆိုတာ အတိုင်းအတာတော့ ရှိရမှာပေါ့ကွာ . . ကဲအိမ်ပေါ်တက် . . သမီးလည်း အဝတ်အစားလဲလိုက်ဦး"

ဒေါ်မေရီမှာ သားဖြစ်သူ အားတွဲခေါ်ရင်း အိမ်ပေါ်တက်ခိုက်မှာပင် ခြံဝင်းတံခါးမှနေ၍ ဒေါသတကြီးဝင်လာသော သားထွေးဖြစ်သူ၏ ဒေါသစကားကို ကြားလိုက်ရသည်။

"ဘယ့်နှယ်ဗျာ လူတွေ ကိုယ့်ထမင်းကိုယ် စားပြီး သူများအတင်းတုတ်နေကြတယ်. . ဘယ်လိုအတန်းစားတွေလဲ မသိဘူး"

"ဟဲ့ ကိုထွေး ဘာဖြစ်လာတာလဲ မကြီးကို ပြောစမ်း"

"ဘာဖြစ်ရမှာလဲဗျာ . . ရွာထဲကလူတွေပေါ့ . ခုနက မကြီးက ကိုကြီးကိုတွဲခေါ်လာတာတွေ့တော့ . . ကြည့်စမ်းပါဦးတဲ့၊ ကျောင်းဆရာမက ကလေးတွေကို အရက်သေစာမသောက်ဖို့ဆုံးမပြီး အခုတော့ သူ့ရဲ့အစ်ကိုအမူးသမားကို တွဲခေါ်နေရပြီတဲ့လေ"


"ဪ . . မောင်လေးရယ် ကိုယ့်ဘက်က ချို့ယွင်းချက်ရှိရင် ပတ်ဝန်းကျင်ကတော့ပြောမှာပေါ့ကွာ"

"တော်ပါ တော့ဗျာ မမကြီးကလည်း တယ်ခက်တယ်၊ ကိုကြီးမူးနေပေမဲ့ အချိန်တန်ရင် အိမ်ပြန်ရောက်မှာပေါ့၊ အခု မမကြီးက ကျောင်းဝတ်စုံနဲ့ အမူးသမားကိုတွဲခေါ်လာတော့ ပြောစရာတွေက တသီတတန်းကြီးဘဲမဟုတ်လား"

ဒေါ်မေရီမှာ သားသမီးများ၏ အခြေအတင်စကားများကြောင့် မနေသာတော့ဘဲ ဝင်၍ဖြေရှင်းမှုပြုရတော့သည်။

"ကဲ တော်ကြတော့၊ အမေပြောမယ် . . ကိုထွေး စိတ်ဆိုးမယ် ဆိုရင်လည်းဆိုးစရာပါဘဲ. . ဒါပေမဲ့ သားသိထားရမှာက ပတ်ဝန်းကျင်ကို အပြစ်တင်ဒေါသထွက်မှာထက် အမေတို့ရဲ့ဘက်မှာ အမှားသဘောနဲ့ ပတ်ဝန်းကျင်ရဲ့ မျက်စိစူးစရာဖြစ်နေတာကိုးကွ၊ အမေတို့ဘက်ကနေ မပြုပြင်နိုင်သေးတဲ့အမှားတစ်ခုကိုတော့ အမေတို့ကိုယ်တိုင်နားလည်ပေးရမယ်လေ"

"ဟုတ်တယ် မောင်လေး . . မင်းသေသေချာချာ စဉ်းစားကြည့်ပါ၊ မမကြီးက ကျောင်းဝတ်စုံနဲ့ပြန်လာချိန်မှာ အရက်မူးပြီးပုံပျက်နေတဲ့ ကိုကြီးကို ကျောင်းဆရာမဆိုတဲ့ ဂုဏ်သိက္ခာနဲ့ တွဲခေါ်ဖို့မသင့်ဘူးလို့မင်းထင်မယ်၊ ဒါပေမဲ့ကွာ မမကြီးရဲ့ရှေ့မှာ ကိုကြီးတစ်ယောက်လုံး ပုံပျက်ပန်းပျက်ဖြစ်နေတာကို လွှဲရှောင်သွားမယ်ဆိုရင် မမကြီးလောက် တစ်ကိုယ်ကောင်းဆန်တဲ့လူရှိပါဦးမလား. . ညီမတစ်ယောက်ဖြစ်တဲ့ မမကြီးကတောင် ကိုကြီးကို လက်တွဲဖေးမမှုမလုပ်နိုင်ရင် အခြားလူတွေ အနေနဲ့က ပိုပြီးတော့တောင်ဆိုးနေအုံးမှာပေါ့ကွာ"



"ကဲ သားထွေး မင်းလည်း သဘောပေါက်ရောပေါ့ကွာ၊ အစ်ကိုကတော့ ဆိုးပေမူးမိုက်ပြီး လူတွေအလေးမထားတဲ့ အခြေအနေကို အမေတို့က နားလည်ရှုမြင်ပြီး ခွင့်လွှတ်တတ်ရမယ်။ ဖေးမမှုနှင့် တဖြေးဖြေးလမ်းညွှန်ပေးရမယ်။ အမေတို့ဘက်က ဒီလိုပေးဆပ်ခဲ့ရင် အဆိုးဆုံးသော အနေအထားကနေ အကောင်းဆုံးသော အခြေအနေကိုရောက်လာမှာပါ. . ကဲ သားတို့ သမီးတို့ အဝတ်အစားလဲကြတော့"

ဤကဲ့သို့ သားကြီးဖြစ်သူ၏ အရက်သေစာသောက်စားမူးယစ်မှုနှင့် ပြဿနာပေါင်းစုံမှာလည်း ဒေါ်မေရီအတွက် စိတ်မချမ်းမြေ့စရာတစ်ခုပင်။ ဒေါ်မေရီမှာ ယုံကြည်သူအသက်တာ၌ စံပြထားရလောက်အောင် တည်ကြည်သူဖြစ်သည်။ သို့သော် သူမ၏ သားကြီးဖြစ်သူနှင့် သားလတ်မှာတော့ ယုံကြည်သူအသက်တာအား ပေါ့လျော့စွာဖြင့်ပင်သဘောထားကာ လျှောက်လှမ်းကြသည်။ ဒေါ်မေရီမှာ သားသမီးများအား ယုံကြည်သူများ၏အသက်တာစစ်အဖြစ်သို့ ရှင်သန်လျှောက်လှမ်းရန် ဆန္ဒရှိမြဲဖြစ်သည်။ ထို့ကြောင့်ပင် သားသမီးများအတွက် အစဉ်အမြဲ အပြည့်အဝနားလည်မှုထားကာ လမ်းမှန်သို့ဆောင်ညွှန်ပြမြဲဖြစ်သည်။ သားသမီးများအား နားလည်ခွင့်လွှတ်သည်းခံရာ၌ ဒေါ်မေရီကို လူအများက လက်ချောက်ရမြဲဖြစ်သည်။

○ ○ ○

"ကိုယ်တော်ရှင်သည်

ထာဝရကောင်းမြတ်တော်မူသည်"

နံနက်ခင်းအလှသစ်နှင့်အတူ ဒေါ်မေရီမှာ မေ့တေးသီချင်းကျူးလျှက် အဝတ်အစားများကိုလဲပြီးလျှင် ဘုရားကျောင်းသွားရန်ပြင်သည်။ တံမြက်စည်းလဲကျင်းနေသော သမီးဖြစ်သူအား တစ်ချက်ပြုံးပြလျှက် သားဖြစ်သူများကို အိပ်ယာမှခေါ်နိုးရန်ပြင်လိုက်သည်။ ထိုအခိုက် ရုတ်တရက် ဒေါ်မေရီမှာ ရင်ထဲ၌ "အောင့်" လာမူဝေဒနာကို ခံစားလိုက်ရသည်။ ခေါင်းတစ်ခုလုံးမှာလည်း မူးဝေလာလျက် ကြမ်းပြင်ပေါ်သို့ ပုံလျက်သား ကျသွားသည်။

"ဟင် . . အမေ . . ဘယ်လိုဖြစ်တာလဲ . . ဟာ အမေ သတိလစ်နေပါလား"

"ကိုကြီး ကိုလတ် ကိုထွေး ထကြပါအုံး ဒီမှာအမေ ဘာဖြစ်လဲမသိဘူး။ ကိုထွေး ဟိုဖက်အိမ်က ဆရာမ ကက်သရင်းကို သွားခေါ်ပါအုံး"

အယ်စတာ၏ အလန့်တကြား အော်သံကြောင့် သူမ၏ အစ်ကိုနှင့် မောင်ဖြစ်သူများမှာ အိပ်ယာမှ လူးလဲထ၍ ပြေးလာကြသည်။

"အမေ . . အမေ ဘယ်လိုဖြစ်တာလဲဟင်"

ကိုလတ်မှာလည်း မိခင်ဖြစ်သူ၏နံဘေး၌ထိုင်ကာ ကတုန်ကယင်ဖြင့် မိခင်ကို ခေါ်နေသည်။

"မကြီး ဆရာမလာပြီ"

"ဆရာမ အမေ့ကိုကြည့်ပေးပါဦး"

ဆရာမကက်သရင်းမှာ ဒေါ်မေရီအား စမ်းသပ်မှုပြုပြီးနောက် . . .

"အန်တီမှာ နှလုံးရောဂါအခံ ရှိတာကြာပြီပဲ . . အခုလို ရုတ်တရက်ဖြစ်သွားရတာကတော့ အန်တီစိတ်ဆင်းရဲစရာ၊ စိတ်လှုပ်ရှားစရာတွေကို အမြဲကြုံတွေ့ခဲ့လို့ဘဲ"

"ဘာလဲ ဆရာမ အမေ့မှာ နှလုံးရောဂါရှိတယ်"

"ဟုတ်တယ် အယ်စတာ အန်တီက တစ်ခါမှ မပြောမပြဘူးလား"

"အမေက ကျွန်မတို့ကို တစ်ခါမှ မပြောပြခဲ့ဘူး ဆရာမရယ်၊ ကိုကြီး၊ ကိုလတ်၊ ကိုထွေးကြည့်ပါဦး အမေ့မှာ နှလုံးရောဂါရှိ တာကြာပြီတဲ့ ဟင့် . . ဟင့်"

အယ်စတာမှာ ပြောရင်းနှင့်ပင် ငိုချမိတော့သည်။

"အမေရယ် သမီးတို့ကို အမေဘယ်လောက်ထိ ခွင့်လွှတ်သည်းခံမှုလုပ်ခဲ့ရသလဲဆိုတာ သမီးတို့ သတိမထားခဲ့ဘူး၊ တန်ဖိုးမထားခဲ့ဘူး ဟင့် . . ဟင့်"

"ဟုတ်တယ် ညီမလေး . . ကိုကြီးက အကြီးဆုံးသားဆိုတယ် အမေနဲ့ အငယ်တွေအပေါ် ဘာမှကောင်းကျိုးမပေးခဲ့ဘူး။ အဆိုးဆုံးကတော့ အမေ့ကို အမြဲစိတ်ဆင်းရဲအောင် လုပ်မိနေတာဘဲ"

"ကိုလတ်လည်း အရမ်းဆိုးခဲ့တယ်ဗျာ အမေ့ကို စိတ်ချမ်းသာဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး"

အယ်စတာတို့မောင်နှစ်မမှာ ငိုရင်းနဲ့ပင် မိခင်နံဘေး၌ ပတ်လည်ဝိုင်းကာ နှိပ်နယ်ပေးကြသည်။

ခဏအကြာတွင် ဒေါ်မေရီမှာ အားယူကာ မျက်စိဖွင့်လာသည်။

"အယ်စတာ အန်တီသတိရလာပြီ၊ ဆရာမလည်း ပြန်အုံးမယ် . . အကောင်းဆုံးကတော့ အန်တီစိတ်ဆင်းရဲမယ့် အဖြစ်မျိုးကို မင်းတို့မောင်နှမအားလုံးရှောင်ကြပါ"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကျွန်တော်တို့လည်း ဆရာမကို ကျေးဇူးလည်းတင်၊ ကတိလည်းပေးပါတယ်"

"မေကြီး မေကြီး ကိုထွေးကို စကားပြောပါဦးဗျာ ဘယ်လိုနေသေးလဲ"

"ဟင် . . သားတို့သမီးတို့ရေ အမေ ဘယ်လိုဖြစ်သွားတာလဲ"

"အမေ ရုတ်တရက်မူးလဲသွားလို့လေ . . သမီးတို့မောင်နှမတွေ ပျာယာခတ်သွားတာဘဲ"

"ဟုတ်တယ် အမေ ကိုလတ်နဲ့ ကိုကြီး ကိုထွေးအားလုံး စိုးရိမ်နေတာ"

ဒေါ်မေရီမှာ သားသမီးများ၏ မျက်နှာအား တစ်ယောက်ချင်းစီ ကြည့်မိလိုက်သည်

"အိုး . . ဘယ်လိုဖြစ်ရတာလဲ၊ မျက်ရည်တွေနဲ့ပါလား၊ အမေ့အတွက် ဒီလောက်မစိုးရိမ်ပါနဲ့။ အမေဘာမှမဖြစ်ပါဘူးကွာ"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ အမေရယ် . . အမေ့မှာ နှလုံးရောဂါရှိနေတာ ဘာကြောင့်သမီးတို့ကို ဖွင့်မပြောတာလဲ"

"အော် . . ဒါလား သမီးရယ် စိတ်မပူပါနဲ့ အမေ့ရဲ့ ရောဂါဒဏ်ကို အမေခံနိုင်ပါတယ်"


"ကိုယ့်ကိုယ်ကို လိမ်မနေပါနဲ့ အမေရယ် ကျွန်တော့်ကြောင့် အမေဒီရောဂါကို ပိုပြီးခံစားလာရတာပါ။ အရက် မသောက်စေချင်တဲ့ အမေရဲ့ဆန္ဒကို သားဆိုးသားမိုက် ကျွန်တော် ဘယ်တုန်းကမှ နားမထောင်ခဲ့ဘူးအမေရယ်"

"ဟုတ်တယ်အမေ ကျွန်တော်လည်း အမေရဲ့ဆုံးမမှုတွေကို ဘယ်တုန်းကမှ နားမထောင်ခဲ့ဘူး၊ ရန်ဖြစ်တာ အမေမကြိုက်မှန်းသိရဲ့သားနဲ့ သားမှာတော့ ရန်ဖြစ်ပေါင်များခဲ့ပြီ၊ အမေ့ကို စိတ်ချမ်းသာစရာ ခဏရအောင် မဖန်တီးခဲ့ဘူး"

ဒေါ်မေရီမှာ သားဖြစ်သူများ၏စကားကြောင့် ဝမ်းသာဝမ်းနည်းဖြစ်ရပြန်သည်။

"စိတ်မကောင်း မဖြစ်ကြပါနဲ့ သားတို့ရယ်၊ မင်းတို့ကို အမေ အပြစ်မတင်ပါဘူး။ တစ်နေ့မှာ မင်းတို့ရဲ့ ဘဝဟာ ဘုရားသခင်ကိုချစ်ပြီး ပြောင်းလဲလာမယ်ဆိုတာ အမေကြိုသိနေတယ်။ အမေရဲ့ဆုတောင်းသံနဲ့ အဖြေကိုလည်း ဘုရားသခင်ဆီက ရထားပြီးသားပါ။ မင်းတို့တကယ်ဘဲ အမြင်မှန်ရနေတာလားကွာ အမေ့ကို ပြောပါဦး"





"တကယ်ပါ အမေ သားဒီနေ့ကစပြီး အရက်ကို လုံးဝမသောက်တော့ဘူး"

"သားလည်း စိတ်ဆတ်တတ်တဲ့အကျင့်နဲ့ ရန်ဖြစ်တတ်တဲ့ အကျင့်ကို ကြိုးစားရှောင်ပါ့မယ် အမေရယ်၊ ကတိပေးပါတယ်။ အားလုံးနဲ့ ခင်မင်အောင်နေပြီး အသင်းတော်မှာ ကြိုးစားပါဝင်ပါတော့မယ်"

"ဟင့် . . ဟင့်"

"ဟော သမီးကလည်း ဘာလို့ငိုပြန်ရတာလဲ"

"သမီး ဝမ်းသာလွန်းလို့ပါ အမေရာ"

"အမေလည်း ဒီနေ့ အရမ်းပျော်တယ် သားတို့ရဲ့ လှပတဲ့အချိန်၊ မနှောင်းတဲ့ အမြင်မှန်အတွက် ဘုရားသခင်ကို ကျေးဇူးတင်တယ်"

"အမေ့ . . ဒါဆို ကိုထွေးတို့အိမ်မှာ ဒီနေ့ကစပြီး သာယာချမ်းမြေ့တော့မယ်နော်"


"ဒါပေါ့ သားရယ် . . ဘုရား သခင်ကို ကျေးဇူးအထူးတင်ရမှာပေါ့"

"ကဲ သားတို့ သမီးတို့ သေသေချာချာနားထောင်ပါ အမေပြောမယ် လူဆိုတာ လူ့လောကထဲလာတာ ခဏလေးဘဲ၊ ကောင်းတာလည်း လူဖြစ်သလို ဆိုးတာလဲလူပါဘဲ။ အကယ်၍ အဆိုးဘက်မှာ ရှိခဲ့ရင်တော့ အကောင်းဆုံးအခြေအနေကို နားလည်ရှုမြင်တတ်ရမယ်။ လူတစ်ယောက်ရဲ့ ဆိုးမိုက်တဲ့ဘဝနဲ့ လမ်းမှားနေမှုကို အပြစ်တင်ပြောဆိုမှာထက် အဲဒီလူရဲ့အမှားကို သေချာစွာလေ့လာပြီး နားလည်မှုပြုပြင်ပေးရမယ်။ ဥပမာ . . မင်းတို့ရဲ့ ဘဝအမှားကို ပတ်ဝန်းကျင်က ဝေဖန်ရှုတ်ချပေမယ့် အမေကတော့ မင်းတို့ကို အမြဲ ခွင့်လွှတ်နားလည်ပြီး ပြုပြင်ပေးခဲ့တာပဲ။ အဲ့ဒီအကျိုးရလဒ်ကို ဘုရားသခင်က ဒီနေ့ချပေးခဲ့ပြီလေ။ အဓိကကတော့ ကိုယ့်ရဲ့ မိသားစုအသိုင်းအဝိုင်း အဖွဲ့အစည်းထဲက လူကို ကိုယ်တိုင် နားလည်မှု၊ ပြုပြင်ပေးမှု မရှိရင် ဘယ်သူတွေကလာပြီး ရှုမြင်နားလည်ပေးမှာလဲ . . အရာရာကို ဘုရားသခင်ရဲ့ အလိုတော်ရှိတဲ့ အမြင်နဲ့ကြည့်ပြီး အဆိုးကို အကောင်းအားဖြင့် ပြောင်းလဲပေးဖို့လိုအပ်တယ်။ ဒါကို မင်းတို့ရင်ထဲမှာ ထာဝရမှတ်သားပြီး လိုက်လျှောက်ကြပါ။ အကောင်းရှုမြင်နားလည်ပြီး ပြုပြင်ပေးတတ်တဲ့အကျင့်စရိုက်ကို အမြဲ လက်ကိုင်ပြီး လက်ဆင့်ကမ်းပေး ကြပါကွယ်"

"မေမေ့ရဲ့ ဆန္ဒအတိုင်း ကြိုးစားလိုက်လျှောက်မယ် လို့ သားတို့၊ သမီးတို့ ကတိပေးပါတယ်"

(မည်သည့် အခြေအနေ၌မဆို ရှိနေသော မှားယွင်းသူများအား မေတ္တာဖြင့် လမ်းပြညွှန်လျက် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန် ကြိုးစားစေချင်သောဆန္ဒဖြင့် . . .)

ရွှေနော်စိုးလေး



# နှလုံးသားဖြင့် အရင်းခံခဲ့သော်လည်း

စန္ဒာခိုင်

ပန်းချီ

မိုး တဖွဲဖွဲ ရွာသွန်းနေသည့်ကြားမှ ထီးမပါ လမ်းလျှောက်လာသူကား. . .

"ကိုရဲထွန်း . . မိုးထဲလေထဲ ထီးမပါဘာမပါနဲ့ နွယ့်ဆီလာတာဘာကိစ္စအကြောင်းထူးလို့လဲ"

"နွယ် ရာထူးတိုးလျှောက်ထားတာ အခု အမိန့်စာရလို့ လာအကြောင်းကြားတာပါ"

"ဟယ် . . ဟုတ်လား . . ဒါဆိုကိုရဲထွန်းနဲ့ နွယ်တို့ခွဲကြရတော့မှာပေါ့ . ."

"ဟုတ်တယ်နွယ် . . လာမယ့်အပတ်အတွင်းမှာ ကန်ကြီးဒေါင့် အ. ထ. က မှာ အလုပ်ဝင်ရမယ် . ."

"ကိုရဲထွန်း . . နွယ့်ကို အမိန့်စာပြပါအုံး"

"ဒီမှာလေနွယ် . . မနေ့ကရက်စွဲနဲ့ပဲထုတ်ထားတာ . . ပညာရေးမှူးရုံးက ကိုယ့်ကိုခေါ်ပြီး ဒီအမိန့်စာကိုပေးခိုင်းလိုက်တာ . ."

"ဟယ် . . တို့သူငယ်ချင်းဥမ္မာလည်း ဒါးကကိုပြောင်းရတော့မယ် . . အဲဒီမှာ သူ့အဒေါ်တွေရှိတယ်လို့ ပြောတယ် . ."

"ဟုတ်တယ်နွယ် . . ဥမ္မာက သူ့အဒေါ်ရှိတဲ့နေရာကို ဦးစားပေးလျှောက်ထားတာ. . အခုသူ့ဆန္ဒပြည့်ဝပြီလေ. . ကိုယ်လည်း ကိုယ့်သူငယ်ချင်းတွေတခြားကိုပြောင်းရတော့မယ်ဆိုတော့ သိပ်ဝမ်းနည်းတာပဲ . . ဒါပေမဲ့ ကိုယ့်သူငယ်ချင်းတွေ လိုအင်ဆန္ဒပြည့်ဝရင် ကိုယ့်ဆန္ဒပြည့်ဝသလိုပါဘဲနွယ် . ."

ဤသို့နှစ်ဦးသားပြောဆိုကြပြီးနောက် တစ်ဦးနှင့်တစ်ဦးအတန်ကြာငိုက်ကြည့်ကာ -

"နွယ်လည်း ကိုရဲထွန်းနဲ့ခွဲရတော့မယ်ဆိုတော့ ဘယ်လိုပြောရမှန်းတောင်မသိပါဘူး . ."

"ကဲ . . ကိုယ် ပြန်တော့မယ်နွယ် . ."

"စကားတောင် သိပ်မပြောရသေးဘူး၊ ခဏနေပါအုံးလား ကိုရဲထွန်း . . ကိုရဲထွန်းကိုပြောချင်တဲ့စကားအများကြီးရှိနေလို့ပါ . . နောက်ပြီး ဒီညနေကိုရဲထွန်းနဲ့အတူတူ ထမင်းစားချင်လို့ပါ. . ."

"ကိုယ့်မှာ လုပ်စရာကိစ္စရှိသေးလို့ ပြန်တော့မယ်နော် . . နောက်မှပဲတွေ့ကြတာပေါ့ . ."

"ဒီလိုဆို ထီးယူသွားလေ . ."

"ရပါတယ် . . စိုလက်စနဲ့ ဒီအတိုင်းပဲပြန်တာ ကောင်းပါတယ် . . ."

ကိုရဲထွန်းနှင့် ခင်လေးနွယ်တို့သည် ထွန်းပကူးတို့ဆိပ်ရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာ ဆရာမများဖြစ်ကြသည်။ ကိုရဲထွန်းမှာ ထွန်းပကူးတို့ဆိပ်ရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် ရွှေမြင်တင်ရွာသားဖြစ်ပြီး ခင်လေးနွယ်မှာ ကန်ကြီးဒေါင့်မြို့သူဖြစ်သည်။ ရွှေမြင်တင်ရွာနှင့် ထွန်းပကူးတို့ဆိပ်ရွာတို့သည် ပန်းတနော်မြို့နယ်အတွင်းရှိပေသည်။ ခင်လေးနွယ်မှာ ပန်းတနော်မြို့မှ မိုင် ၅၀ ခန့်ဝေးသည့် ကန်ကြီးဒေါင့်မြို့မှ ထွန်းပကူးဆိပ်ရွာအခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းပြဆရာမတာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ကိုရဲထွန်းနှင့် ခင်လေးနွယ်တို့သည် အလွန်ခင်မင်ရင်းနှီးသော လုပ်ဖော်ဆောင်ဖက်များဖြစ်ကြသည်။ ကိုရဲထွန်းမှာ မိခင်မုဆိုးမနှင့်အတူ နေထိုင်ပြီး မိသားစုဝင်ငါးယောက်ရှိသည်။ ထူးခြားသည်မှာ ကိုရဲထွန်းမိသားစုသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး ဘိုးဘွားအစဉ်အဆက်လုပ်ငန်းဖြစ်သည့် လယ်ယာလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ ခင်လေးနွယ်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး မိဘများမှာကျောင်းဒါယကာ၊ ဒါယိကာမများဖြစ်ကြသည်။ အလှူရေစက် လက်နှင့်မကွာလှူဒါန်းကြသူများဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘာသာတရားတော်၌ အထူးမွေ့လျော်သူများဖြစ်ကြသည်။

ကိုရဲထွန်းနှင့် ခင်လေးနွယ်တို့သည် ထွန်းပကူးတို့ဆိပ်ရွာ အခြေခံပညာမူလတန်းကျောင်းတွင် လေးနှစ်တာအထိ လုပ်ငန်းတာဝန်ထမ်းဆောင်ခဲ့ကြပြီး ယခုအခါ ခင်လေးနွယ်မှာ မိမိဇာတိမြို့ဖြစ်သည့် ကန်ကြီးဒေါင့်မြို့အထက်တန်းကျောင်းသို့ အလယ်တန်းပြဆရာမအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ပန်းတနော်မြို့နယ်ပညာရေးမှူးရုံးမှ အမိန့်စာရောက်ရှိလာသည်။ ထိုအမိန့်စာကို ကိုရဲထွန်းနှင့်လူကြုံပါးလိုက်သဖြင့် ကိုရဲထွန်းက မိုးရွာနေသည့်ကြားမှ အဆောတလျင်သွားပေးခြင်းဖြစ်သည်။ ထိုအမိန့်စာကို ကိုရဲထွန်းတွေ့သည်နှင့် ဝမ်းနည်းပူဆွေးမှုကို အတိုင်းအဆမရှိ ခံစားရပေသည်။ ယောကျ်ားတန်မဲ့ မျက် ရည်ကျခဲ့ရသည်။ ဝမ်းနည်းခြင်းအားကြီးသဖြင့် မျက်လုံးအစုံသည် မှုန်ရီဝိုးတဝါး ဖြစ်နေသည်။ အမိန့်စာကိုပေးပြီး အိမ်ပြန်ရောက်သည်နှင့် ကိုရဲထွန်းမျက်လုံးအစုံမှ လူမြင်မခံသောမျက်ရည်များ တသွင်သွင်ယိုစီးကျလာလေတော့သည်။

ခင်လေးနွယ်သည်လည်း ကိုရဲထွန်းနှင့် နှလုံးသားချင်းရင်းနှီးခဲ့ရပြီးမှ ခွဲခွာရတော့မည်ဖြစ်ရာ အိပ်ယာထက်တွင် ဘုန်းဘုန်းလဲလျက် သည်းထန်စွာငိုကြွေးလေတော့သည်။ ဝမ်းနည်းမှုလှိုင်းဂယက်အပြင်းအထန်ဆုံးရိုက်ခတ်သည့်

ဒဏ်ကို အလူးအလဲခံစားရချေပြီ။ အတန်ကြာငိုကြွေးပြီးနောက် ကိုရဲထွဋ်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပုံများ၊ ပြောဆိုဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပြန်လည်စဉ်းစားတွေးတောနေပေသည်။

"ကိုရဲထွဋ် . . မနေ့ညက 'နှလုံးသားတွင်ပုံရိပ်ထင်' ခမ္မပြဇာတ်ကို ဗွီဒီယိုအခွေမှာကြည့်လိုက်ရတယ် . . နွယ် သိပ်စိတ်ဝင်စားတာပဲ . . ခရစ်တော်ဟာ လက်ဝါးကပ်တိုင်မှာ အသေခံတာ နွယ် သိပ်ဝမ်းနည်းတာပဲ . ."

"ဟုတ်တယ်နွယ် . . ခရစ်တော်ဟာ နှိမ့်ချတဲ့အဖြစ်နဲ့မွေးဖွားလာတယ်။ လူနာတွေကိုပျောက်ကင်းအောင်ကုသပေးတယ်။ တရားဒေသနာဟောကြားတယ်။ သေတဲ့လူတွေကို ရှင်ပြန်စေတယ်။ ဒီအဖြစ်တွေကို လူတွေက သိပ်ပြီးအံ့ဩချီးမွမ်းကြတယ်။ လူတွေက အဲဒီလိုတန်ခိုးနဲ့ပြည့်စုံတဲ့ ခရစ်တော်ကို ရှင်ဘုရင်မြှောက်ချင်ရတယ်။ ဒါပေမယ့် ခရစ်တော်က သူတို့ထင်သလိုမဟုတ်ဘဲ လက်ဝါးကပ်တိုင်ကို ရွေးချယ်ခဲ့တယ်။ လက်ဝါးကပ်တိုင်မှာ အသေခံတာဟာ လူတွေရဲ့အပြစ်အတွက်ကြောင့်လို့ ကျမ်းစာကဖော်ပြထားတယ် . ."

"လူတွေရဲ့အပြစ်ကြောင့် အသေခံတာ နွယ်နားမလည်နိုင်ဘူး ကိုရဲထွဋ်"

"နွယ်နားမလည်နိုင်တာ အံ့ဩစရာမဟုတ်ပါဘူး၊ ဒါပေမယ့် ကောင်းသောသိုးထိန်းဟာ သိုးတွေအတွက် အသက်ကိုစွန့်တတ်တယ်လို့ ကျမ်းစာမှာ ဖော်ပြထားတယ်။ ခရစ်တော်ဟာ သိုးတွေကို အပျက်အစီးအဆုံးအရှုံးမခံရအောင်ကာကွယ်တယ်။ အသက်ကိုစွန့်ပြီး အပြစ်သားတွေကို ကယ်တင်ခဲ့တယ်။ အပြစ်နွံထဲမှာနစ်ပြီး ရုန်းမထွက်နိုင်တဲ့ လူသားတွေအတွက် ကိုယ်တော်တိုင်အသက်ကိုစွန့်လွှတ်ပြီး ရွေးနုတ်ကယ်ဆယ်ခဲ့တယ်။ လူသားတွေမပေးဆပ်နိုင်တဲ့ အပြစ်ရဲ့အဖိုးအခကို ခရစ်တော်ကပေးဆပ်ခဲ့တာဟာ ကြီးမားတဲ့မေတ္တာကြောင့်ဘဲ နွယ် . ."

"အင်း . . ကိုရဲထွဋ်ပြောပြတော့ နည်းနည်းသဘောပေါက်လာတယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့သားတော်ဟာ အသေခံတယ်ဆိုရင် လူတွေရဲ့အပြစ်ကတော်တော်ကြီးလေးလို့ဘဲဖြစ်ရမယ်။ နောက်ပြီး ပိလတ်မင်းဟာ ခရစ်တော်ကို တရားစီရင်တဲ့အခါမှာ အတော်တုန်လှုပ်ခြောက်ခြားနေတယ်နော်"

"ဒါက ဒီလိုရှိတယ်လေ . . ခရစ်တော်ဟာ အသေခံရမယ်ဆိုတာ ရှေးမဆွကတည်းက သိနေတယ်လေ။ ပရောဖက်ဟေရှာယကလည်း ကြိုပြီးရေးထားတာရှိတယ်။ အသေသတ်ဖို့ခေါ်သွားတဲ့ သိုးသူငယ်ဟာ အသံမမြည်ဘဲလိုက်သွားသလို ခရစ်တော်ကလည်း ချေပပြောဆိုဘို့အခွင့်အရေးအများကြီးရှိပေမယ့် နှုတ်ကိုမဖွင့်ဘဲနေတယ်လေ။ မတရားတဲ့သူတွေနဲ့ ရေတွက်ဝင်ခြင်းသို့ရောက်တယ်ဆိုတာ ခရစ်တော်ဟာ ဓားပြနှစ်ယောက်နဲ့အတူ အသေခံရတာကို ပြောတာလေ. . ."


"ဟုတ်တယ် ကိုရဲထွဋ် ခရစ်တော်ရဲ့ဘေးမှာလူဆိုးနှစ်ယောက်ကို ကားတိုင်တင်ထားတာ ရုပ်ရှင်ထဲမှာကြည့်ရတယ်။ ဒါနဲ့ ကိုရဲထွဋ် ခရစ်တော်ဟာ ဥယျာဉ်ထဲမှာဆုတောင်းတာတော်တော်ဝမ်းနည်းပုံရတယ်နော်"

"ဟုတ်တယ်လေ . . ဂေသရေမန်ဥယျာဉ်ထဲမှာ ခရစ်တော်ဟာတပည့်သုံးယောက်နဲ့ တိတ်ဆိတ်စွာဆုတောင်းတယ်။ အိုအဘ . . ဤခွက်သည် အကျွန်ုပ်ကိုလွန်နိုင်လျှင် လွန်သွားပါစေသော် . . . သို့သော်လည်း ကိုယ်တော်အလိုအတိုင်း ဖြစ်စေပါလို့ ဆုတောင်းတယ်။ ကြုံတွေ့ရင်ဆိုင်ရမယ့်အဖြစ်ဆိုးကြီးကို လွန်နိုင်လျှင် လွန်သွားပါစေလို့ ဆုတောင်းတယ်။ အဲဒီလိုအကြိမ်ကြိမ်ဆုတောင်းတာ တချို့ ငိုတယ်လို့ပြောကြတယ်။ ငိုတာလည်းဖြစ်နိုင်တယ်။ အပြင်းအထန်ဆုတောင်းတော့ ချွေးစီးချွေးပေါက်တွေဟာ သွေးစက်ခဲတွေလိုကျလာတယ်လို့ ဖော်ပြထားတယ်"

"ခရစ်တော်ဟာ ဘာဖြစ်လို့ လက်ဝါးကပ်တိုင်မှာ အသေခံဖို့ဆုံးဖြတ်ခဲ့တာလဲ"

"ဒါကဒီလိုရှိတယ် နွယ် . . ." ခရစ်တော်ဟာ တုနှိုင်းမရတဲ့မေတ္တာကို လူသားတွေသိရှိနားလည်ပြီး ဘုရားသခင်နဲ့ ပြန်လည်ဆက်သွယ်နိုင်အောင်လေ။ လူဟာ အပြစ်ဒုစရိုက်ကြောင့် ဘုရားသခင်နဲ့ အဆက်ပြတ်ခဲ့တယ်။ သေခြင်းတရားရဲ့လွှမ်းမိုးမှုအောက်မှာ အစဉ်နစ်မျောနေတယ်။ ဒါကြောင့် ခရစ်တော်ဟာ အပြစ်ရှိတဲ့လူတွေကိုကယ်တင်ဖို့ အပြစ်သဘောဆောင်တဲ့လက်ဝါးကပ်တိုင်မှာ ဒုစရိုက်အပြစ်အတွက် ပေးဆပ်ဖို့ဆုံးဖြတ်လိုက်တယ်လေ။ ကျမ်းစာမှာလည်း သစ်တိုင်မှာဆွဲထားခြင်းခံရသူတိုင်း ကျိန်ခြင်းကိုခံရသောသူဖြစ်တယ်လို့ဆိုထားတယ်။ ခရစ်တော်ဟာ တို့လူသားတွေရဲ့အပြစ်ကြောင့် ကျိန်ခြင်းခံရတဲ့သူဖြစ်ပြီး တို့တတွေကို ပညတ်တရားရဲ့ ကျိန်ခြင်းမှ ရွေးနှုတ်ခဲ့တယ်လေ"



"ဒါတော့နားလည်ပါပြီ လက်ဝါးကပ်တိုင်မှာ အသေခံတာ မိုက်မဲရာမကျဘူးလား၊ နွယ်တို့တော့ ကိုယ့်မှာအပြစ်မရှိဘဲ ဒီလိုအသေခံတာကို မတရားဘူးလို့ထင်တယ်"

"အပြစ်မရှိတာမှန်ပါတယ်၊ ဒါပေမယ့် လူတစ်ဦးဟာ လူအများအတွက် အသေခံရင်ပိုကောင်းတယ်လို့ ယဇ်ပုရောဟိတ်မင်းကယာဖက ပြောထားတာရှိတယ်လေ။ ခရစ်တော်အသေခံတဲ့အတွက် ဓားပြကြီးဗာရဗ္ဗဟာ သေဒဏ်ကနေလွတ်မြောက်သွားတယ်လေ။ ကျမ်းစာမှာလည်း ကိုယ့်အဆွေတို့အတွက် အသက်ကိုစွန့်ခြင်းမေတ္တာထက်သာပြီးမြတ်တဲ့မေတ္တာသည် အဘယ်သူ၌မျှမရှိလို့ ဖော်ပြထားတယ်။ လက်ဝါးကပ်တိုင်ဟာ တပါးအမျိုးသားတွေအတွက် မိုက်မဲတဲ့အရာဖြစ်တယ်လို့ ပြောပေမယ့် ဘုရားသခင်ရဲ့မိုက်မဲခြင်းဟာ လူတွေရဲ့ပညာထက်ပိုပြီး သာလွန် ကြီးမြတ်တယ်။ ဘုရားသခင်ရဲ့ အားနည်းခြင်းဟာ လူတွေရဲ့အစွမ်းထက်ပိုပြီး အစွမ်းထက်တယ်လေ။ ဘုရားသခင်ဟာ အသက် ရှင်သူတွေကို သာမကဘဲ သေတဲ့လူတွေကိုပါ အစိုးရဘို့ လက်ဝါးကပ်တိုင်မှာ အသေခံပြီး ရှင်ပြန်ထမြောက်ခဲ့တယ်ဆိုတာ ကျမ်းစာမှာ အသေအချာ ဖော်ပြထားတယ် နွယ်"

"အင်း . . . ခရစ်တော်ရဲ့ မေတ္တာက သိပ်ကိုထူးဆန်းတာပဲနော် . . ခရစ်တော်အသေခံတဲ့အတွက် ဘာမျှော်လင့်ချက်ရမလဲ ကိုရဲထွဋ်"

"မျှော်လင့်စရာ အများကြီးရှိတာပေါ့၊ ခရစ်တော်ပေးတဲ့မျှော်လင့်ခြင်းက အသက်ရှင်တဲ့မျှော်လင့်ခြင်းပါ။ အသေခံခြင်းရဲ့နောက်မှာ ဝမ်းသာစရာအကြောင်းတွေအများကြီးရှိတယ်လေ။ ဒါ့အပြင် သန့်ရှင်းသောဝိညာဉ်တော်ဆိုတဲ့ ဥပဇ္ဈာယ်ဆရာကိုစေလွှတ်ပြီး လူတွေကို လမ်းညွှန်ပေးမယ်လေ"

"ခရစ်တော်ကို လက်ဝါးကပ်တိုင်မှာတင်တော့ ဓားပြနှစ်ယောက်လည်းပါတယ်နော်. . ဓားပြတစ်ယောက်က ခရစ်တော်ကိုတောင်းပန်တာတွေ့တယ်၊ အဲဒါ နွယ့်မျက်လုံးထဲကကို မထွက်ဘူး၊ သိပ်သနားတာပဲ"

"ဓားပြနှစ်ယောက်ထဲက တစ်ယောက်က ခရစ်တော်ကိုကဲ့ရဲ့တယ်၊ တစ်ယောက်က နောင်တရပြီး တောင်းပန်တယ်၊ ခရစ်တော်ကလည်း 'အိုအဘ သူတို့ရဲ့အပြစ်ကိုလွှတ်တော်မူပါ၊ သူတို့ဟာ ကိုယ့်အပြစ်ကိုမသိကြပါ' လို့ဆိုတယ်။ နောင်တရပြီး တောင်းပန်တဲ့ဓားပြကိုလည်း ပါရဒိသုဘုံမှာအတူရှိမယ်လို့ ဆိုခဲ့တယ်။ လက်ဝါးကပ်တိုင်နားမှာ ခရစ်တော်ရဲ့မယ်တော်နဲ့ အမျိုးသမီးအချို့ရှိနေတယ်လေ။ ခရစ်တော်က တပည့်တော်တစ်ယောက်ကို 'မယ်တော်ရဲ့သား' လို့ဆိုတယ်။ မယ်တော်ကိုလည်း 'တပည့်တော်ရဲ့မိခင်' လို့ဆိုတယ်။ ခရစ်တော်ဟာ လူတွေရဲ့မေတ္တာကိုငတ်မွတ်နေတယ်ဆိုတာကို 'ငါရေငတ်တယ်' လို့ပြောခဲ့တယ်။ မိမိဆောင်ရွက်ရမည့် လုပ်ငန်းတွေကို အကုန်အစင်လုပ်

ပြီးကြောင်း 'အမှုပြီးပြီ' လို့ပြောခဲ့တယ်။ အဲဒီအချိန်မှာ အဘဘုရားသခင်ရဲ့ အမျက်တော်ဟာ ခရစ်တော်အပေါ် ရောက်ပြီး စွန့်ပစ်ခြင်းခံရတယ်။ ဒါကြောင့် 'အကျွန်ုပ် ဘုရား၊ အကျွန်ုပ်ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း' လို့ အော်ဟစ်ခဲ့တယ်။ ခဏအကြာမှာ 'အို အဘ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော့်လက်သို့ အကျွန်ုပ် အပ်ပါ၏' လို့ပြောပြီး အသက်စွန့်ခဲ့တယ်"

"ခရစ်တော် ပြောတဲ့စကားထဲမှာ သူတို့အပြစ်ကိုလွှတ်တော်မူပါဆိုတဲ့အချက်ပါတာတွေ့ရတယ်။ အပြစ်လွှတ်တာနဲ့ပတ်သက်ပြီး နွယ်သိပ်နားမလည်ဘူး ကိုရဲထွန်း"

"အပြစ်ဆိုတာ လူတိုင်းနဲ့မကင်းပါဘူး၊ သူတော်စင်တွေတောင် အပြစ်သားဖြစ်တယ်လို့ဆိုတယ်။ ဒါပေမယ့် လူတစ်ဦးနဲ့တစ်ဦး အပြစ်လွှတ်ပိုင်ခွင့်ရှိတယ်ဆိုတာ ခရစ်တော်ကိုယ်တိုင်မိန့်ကြားခဲ့တာမို့ လူတစ်ဦးရဲ့အပြစ်ကိုလွှတ်ရင် အဲဒီလူရဲ့အပြစ်ဟာ လွတ်သွားတာပဲ။ ခရစ်တော်ဘုရားဟာလည်း တို့ရဲ့အပြစ်ကိုဖြေလွှတ်ပေးနေတာမို့ တို့ကလည်း အချင်းချင်းအပေါ်မှာ အပြစ်မတင်မစီရင်ဘဲ သည်းခံခွင့်လွှတ်ဖို့လိုတာပေါ့။ အပြစ်လွှတ်တယ်ဆိုတာ မေတ္တာတရားရဲ့ အကြီးမားဆုံးဂုဏ်ဒြပ်တစ်ခုလို့ဆိုချင်တယ်လေ။ ခရစ်တော်ရဲ့မေတ္တာဟာ ဒုစရိုက်အပြစ်ကိုပပျောက်အောင် စွမ်းဆောင်နိုင်ပြီး အရာရာကိုအကောင်းပကတိဖြစ်အောင်ဖန်တီးပေးနိုင်တယ်။ ဒါကြောင့် ခရစ်တော်ရဲ့မေတ္တာကိုရရှိမယ်ဆိုရင် အပြစ်ဆိုတာ ကမ္ဘာလာလိုနီမြန်းပေမယ့် မိုးပွင့်လိုဖြူစင်သန့်ရှင်းသွားမှာ အမှန်ပါနွယ်"

ခင်လေးနွယ်သည် ခရစ်တော်၏ အသေခံခြင်းအကြောင်းကိုနားလည်သဘောပေါက်လာချိန်တွင် ရာထူးတိုးဖြင့် အခြားမြို့သို့ပြောင်းရွှေ့ရပေတော့မည်။ ကိုရဲထွန်းအား အလွန်ပင်ချစ်သော ခင်လေးနွယ်သည် ယခုအခါ ကိုရဲထွန်းနှင့်ခွဲခွါပေတော့မည်။ ထို့ထက်ပို၍ဆိုးသည်မှာ ခင်လေးနွယ်၏မိဘများသည် ခင်လေးနွယ်အား လူငယ်တစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးတော့မည်ဖြစ်ခြင်းကြောင့် ကိုရဲထွန်းခမျာမှာ ဝမ်းနည်းမှုလှိုင်းဂယက်ဒဏ်ကို အလူးအလဲခံစားရချေပြီ။ သို့သော်လည်း ခင်လေးနွယ်သည် ခရစ်တော်၏အသေခံခြင်းအကြောင်းကို နှလုံးသားဖြင့်သိရှိနားလည်ခံစားခဲ့ရပြီဖြစ်သောကြောင့် အဘယ်သို့ဘဝမျိုးသို့ရောက်သည်ဖြစ်စေ၊ အဘယ်သို့သောအခြေအနေမျိုးကြုံတွေ့ရသည်ဖြစ်စေ ခရစ်တော်၏အသွေးသွန်းခြင်းနှင့် အပြစ်သားများအတွက် အသက်စွန့်လွှတ်တော်မူခြင်းကို မေ့ပျောက်ခြင်းငှါမစွမ်းနိုင်တော့ပါ။ မိမိနှင့်ရင်းနှီးကျွမ်းဝင်ခဲ့ရသော၊ မြတ်နိုးတွယ်တာခဲ့ရသော ကိုရဲထွန်းသည် ခရစ်တော်၏အသေခံခြင်းမေတ္တာစစ်ကို ရင်းနှီးသော မိဿဟာယဖြင့်ပြခဲ့သည်ဖြစ်ရာ ခင်လေးနွယ်၏ နှလုံးသားတွင် ကိုရဲထွန်းတည်းဟူသော အချစ်သူရဲကောင်းအား အထူးပင်လေးစားမိပေသည်။ ကိုရဲထွန်း၏စကားသံများသည် ခင်လေးနွယ်၏နှလုံးသားတွင် ပဲ့တင်ထပ်လျက် ဆက်လက်ရှင်သန်နေမည်မှာ ဧကန်မုချဖြစ်ပေသည်။

ဤမြေ၊ ဤရေ၊ ဤဌာနတွင် ကိုရဲထွန်းနှင့် ခင်လေးနွယ်တို့သည် အရင်းနှီးဆုံးသော မိတ်ဆွေများဖြစ်ခဲ့ကြသည်။ မြတ်နိုးတွယ်တာခဲ့ကြသည်။ သို့သော် ဘုရားသခင်၏ အသေခံခြင်းမေတ္တာကို ခင်လေးနွယ်အနေနှင့် သဘောပေါက်လက်ခံလာသည်ကိုပင် ကျေနပ်နှစ်သိမ့်လျက် ကိုရဲထွန်း၏မျက်ဝန်းအိမ်မှ မျက်ရည်များသည် တွင်တွင်ယိုစီးကျသည့်ကာလတွင် ချစ်သူနှစ်ဦးတို့သည် အဘယ်အရာကမျှမဖျက်ဆီးနိုင်သော ကိုယ်တော်၏မေတ္တာ၌တည်လျက် ဝေဒနာအသီထက်ထက်ဖြင့် နှုတ်ဆက်ခွဲခွာခဲ့ကြလေသတည်း။

ဝဏ္ဏစိုး

ဒွာလုမ် အပြုံး

## လက်ခံရင်

ပီတာသည် မုန့်ဆိုင်မှ မုန့်တစ်ထုပ်ကိုဝယ်ပြီး ပြန်ထွက်လာသည်။ ဆိုင်ပြင်အရောက် ဂျွန်နှင့်ဆုံရာ• •


ဂျွန်။ ။ "ဟေ့ပီတာ၊ သူဌေးကြီးဟာ လာဇရုအစားအစာတောင်းစားတာ မကျွေးမိလို့ ငရဲကျတာမင်းလက်ခံလား"

ပီတာ။ ။ "သိပ်လက်ခံတာပေါ့"

ဂျွန်။ ။ "ဒါဆို မင်းလက်ထဲက မုန့်ငါ့ကိုကျွေးကွာ"

စောမုတ်ဆိတ် (ကေတု)





(၁)

ဝသန်ဦးမို့ နယုန်မိုးလေးတွေက တဖွဲဖွဲ. . . လယ်ကွင်းပြင်တွင် ရေဖွေးဖွေးပြည့်လျှံလျက်နေပါ၏။ ငွေဗျိုင်းဖြူတို့ကား ကတွတ်ပေါက်တွင် ထွက်ပေါ်လာမည့် ငါးလေးများကို စောင့်မျှော်နေကြ၏။

"အင်း. . . နေဝတောင်ဝင်တော့မယ်။ တစ်နေကုန်သည်းတဲ့ မိုးက ခုထိ မစဲနိုင်သေးဘူး"

"ဟုတ်ပ၊ ကိုမြဖေရေ. . စိတ်ကိုညစ်ရော။ အိမ်မှာ ကလေးတွေတော့ ဒုက္ခပဲ။ စပါးစိုက်ဖို့လည်း အဆင်ပြေမှာ မဟုတ်ဘူး"

"ညည်းမနေပါနဲ့ဟာ. . . ပျိုးပင်တွေ အမြန်နှုတ်၊ သန်ဘက်ခါ ကောက်စိုက်ရမယ်"

"ရှင်ကလဲ. . မနက်ဖြန်စိုက်ရင် ပိုကောင်းတဲ့ဟာ. . ရက်ရွှေ့နေသေးတယ်"

"ဟ. . မနက်ဖြန်က တနင်္ဂနွေလေ. . ဘယ်လုပ်လို့ ဖြစ်မလဲ"

---

မှောင်ရီပျိုးလုချိန်. . .

ကိုမြဖေနှင့် မလှမေတို့ စကားတပြောပြောဖြင့် လယ်ကွင်းပြင်ကိုဖြတ်ရင်း ပြန်လာနေကြ၏။ အိမ်ခြေ (၅၀) မျှရှိသော ရွာဖြစ်သော်လည်း မိုးတွင်းချိန် သက်ကြီးရွယ်အိုနှင့် ကလေးများသာ အများဆုံးရှိနေတတ်သည်။ ယောကျ်ားလေး ငါးရှာ၊ ကျွဲကျောင်းနိုင်သောအရွယ်၊ မိန်းကလေး တောထဲ ဟင်းရွက်ခူးနိုင်သောအရွယ်ရောက်လျှင် ကျောင်းမတက်ချင်။ ကြာတော့ မြို့. အ. ထ. က သို့ ကျောင်းတက်ရန် သွားသူဟူ၍ လက်ချိုးရေတွက်၍ရသည်။

(၁၀) တန်းထိရောက်သူ တစ်ယောက်မျှ မရှိသေးချေ။ ရွာရှိ မူလတန်းကျောင်းမှာလည်း ကျောင်းသားများ ငါးရှာ၊ ဂဏန်းနှိုက်၊ ငှက်ပစ်နေရာမှ မကြာခဏ ခေါ်ယူရ၍ ကျောင်းဆရာများ တစ်ယောက်ပြီးတစ်ယောက် လက်လန်ရသောရွာ ဖြစ်သည်။

ဟော. . ရွာအဝင် လမ်းမသို့ရောက်ပြီ။

ရွာထဲတွင် မီးရောင် မှိတ်တုတ်မှိတ်တုတ်ကို ကြိုကြား ကြိုကြား မြင်နေရ၏။

"ဟော. . ဖေဖေနဲ့ မေမေ ပြန်လာပြီ။ သမီးတို့ ဗိုက်ဆာနေကြတာ. . ."

"အေး. . အေး. . . စားရမယ်. . စားရမယ်"

လယ်ထဲမှ မောမောပန်းပန်း ပြန်လာသော်လည်း အနားမယူနိုင်သေး။ ကျောတွင်ပိုးထားသော ကလေးငယ်ကို နို့တိုက်ပြီး ထမင်းချက်ရန် ပြင်ဆင်ရပြန်သည်။

"ဂွပ်. . ဂွပ်. ."

"ဟာ. . ဆန်အိုးထဲ ဆန်မရှိတော့ပါလား။ ဒုက္ခပါပဲ။ ကိုမြဖေ. . ရှင့်ရေဒီယိုကို ခဏထားပါ။ ဒီမှာ ဆန်အိုးထဲ ဆန်မရှိတော့ဘူး။ ဒီည ဘာနဲ့စားမလဲ"


"လှမေရယ်. . ရှိတာလေးနဲ့ ဆန်ပြုတ်ချက်ပြီး သမီးနဲ့ သားကို ကျွေးလိုက်ပါ"

"ဒါကြောင့် ရှင့်ကိုပြောတာ။ မနက်ဖြန် ဦးကျော်ဝင်းလယ် နေ့စားကောက်စိုက်ဖို့ လာခေါ်တော့ ရှင်လက်မခံဘူး"


"လှမေ. . မနက်ဖြန် တနင်္ဂနွေဆိုတာ မင်းမေ့နေပြီလား။ ဘာဖြစ်လို့ ဒီတစ်ရက်လေးကိုတောင် ဘုရားအတွက် မဆက်ကပ်နိုင်ရတာလဲ"

မီးပြောင်းကို တဖူးဖူးမှုတ်နေရာမှ ရပ်လိုက်သည်။ တဗွက်ဗွက်ဆူလာသော ဆန်ပြုတ်နံ့လေးကြောင့် ပို၍ တကျုတ်ကျုတ်ဆာလာသည်။

"ကဲ. . ကဲ. . သားနဲ့ သမီးရယ်။ လာဟော့ စားရအောင်"







"ဟင်. . ထမင်းလည်း မဟုတ်ဘူး၊ တော်ပြီ. . ဆန်ပြုတ်မစားချင်ဘူး။ ခဏခဏပဲ ဆန်ပြုတ်စားနေရတာ"

"သမီးရယ်. . ဆန်ပြုတ်က ပိုစားကောင်းတယ်၊ လာ. . လာ. . ."

"အီး. . . ဟီး. . ဟီး. . ဆန်ပြုတ် မစားချင်ဘူး။ မမ်မမ်းပဲ စားချင်တယ်. ."

"ဂွမ်း. . ."

"သားငယ်. . လာစမ်း၊ ဒီလို မဆိုးနဲ့၊ ကဲဟာ. ."

"ဖြန်း. . . ဖြန်း. . ."

သူတို့သားအမိတွေ၏ အဖြစ်ကိုကြည့်ရင်း ကိုမြဖေရင်ထဲ နင့်နေအောင် ခံစားရ၏။ မလှမေကိုကြည့်တော့ မျက်ရည်များ တလိမ့်လိမ့်. .၊ အော်. . သူ့ခမျာ ကိုမြဖေနှင့်ရ၍ သနားစရာ လူလတ်တန်းစားဖြစ်သော မလှမေမှာ မြို့သို့ ကျောင်းတက်ရန်လာသော မြဖေနှင့်တွေ့ပြီး ခိုးပြေးခဲ့သောကြောင့် မိဘများ အမွေဖြတ်ထားခြင်း ခံရသည်။

"လှမေရယ်. . သားနဲ့သမီးကို မဆူပါနဲ့။ ချော့မော့ပြီး ကျွေးလိုက်ပါ။ မနက်ဖြန်နေ့အတွက် မစိုးရိမ်နှင့် ဘုရားသခင်ဟာ ကောင်းကင်မှာပျံတဲ့ စာငှက်တစ်ကောင်တောင်မှ အငတ်မထားပါဘူး။ နင်စိတ်ချပါ။ မနက်ဖြန် တို့မိသားစုအတွက် ထမင်းကို ဘုရားရှင် ပြင်ဆင်ပေးလိမ့်မယ်။ လာ. . သမီးနဲ့ သား၊ ဖေကြီး ခွံ့ပေးမယ်။ စားလို့ ကောင်းလိုက်တာ. . လာ. . လာ လိမ္မာတယ်နော်. ."

သားနှင့်သမီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြပေပြီ။

ကိုမြဖေ ခုထိ အိပ်မပျော်နိုင်သေး။ လှမေလည်း ငြိမ်နေသည်။ ဘာတွေတွေးနေသည် မသိ။ မကြာခဏ သက်ပြင်းချသံကို ကြားနေရ၏။ အပြင်ဖက်တွင်ကား မိုးသည်းသည်းမဲမဲ ရွာသွန်းနေဆဲ. . .။

❋❋❋

(၂)

တနင်္ဂနွေနေ့ နေ့လယ်ခင်းချိန်. . .

သားသမီး မရှိသော ဦးဇော်တောင်နှင့် ဒေါ်လုမိုင်၏ အိမ်တွင် ဘုရားဝတ်ပြုကြသည်။ ဤရွာထဲမှ (၁၀) အိမ်ကျော်မျှသာ ခရစ်ယာန်အိမ်ထောင်ရှိသော်လည်း မိသားစုတိုင်း စုံစုံညီညီ လာကြသည်မို့ တဲသာသာအိမ်မှာ ပြည့်လျှံလျက်နေသော လူများကြောင့် ယိုင်လုယိုင်ခင်. . .။

"ကဲ. . ကဲ. . . ဘုရားဝတ်ပြုပြီးပေမယ့် မပြန်ကြပါနဲ့ဦး။ ဒီနေ့ အစည်းအဝေးရှိတယ်။ မစခင်မှာ ဦးသောင်းတင်အိမ်က ကျေးဇူးတော်ချီးမွမ်းအတွက် ကျွေးတဲ့ ဝက်သားဟင်းနဲ့ ထမင်းကို အရင်စားကြမယ်. . ."

သင်းအုပ်ဆရာ၏ စကားဆုံးသည်နှင့် ကိုမြဖေ လှမေကိုကြည့်လိုက်၏။ လှမေကား မျက်လုံးစုံမှိတ်၍ ဆုတောင်းနေ၏။ မျက်ဝန်းအိမ်တွင်ကား မျက်ရည်တချို့။ မျက်နှာမှာ လေးနက်သော အသွင်ကို ဆောင်နေသည်။

"ကျွန်တော်တို့ရွာမှာ ယုံကြည်သူတွေ များလာပြီမို့ ဘုရားကျောင်း တစ်ခုတော့ လိုအပ်နေပြီ။ ဘုရားကျောင်းရှိရင်တော့ ဓမ္မဆရာတစ်ပါး ရောက်လာမှာပဲ။ ခုဆို မြို့က ဆရာတွေ တစ်လတစ်ခေါက်တောင် တကူးတကလာရတာ"

"ကျွန်တော်ကတော့ ဖြစ်နိုင်မယ် သိပ်မထင်ဘူး။ မူလတန်းကျောင်း ပြုပြင်ဖို့တောင် တစ်ရွာလုံး မတတ်နိုင်ကြလို့ သူကြီး စိတ်ညစ်နေတာ. . ."

"ဟုတ်တာပဲ။ ကျွန်မတို့ (၁၀) အိမ်ကျော်လေးနဲ့ မစွမ်းဆောင်နိုင်ပါဘူး။ ဘုရားကျောင်းဆောက်တယ်ဆိုတာ လွယ်တာမှတ်လို့. . .။ ဒီအိမ်က လက်မခံနိုင်ဘူးဆိုရင် တစ်ပတ်တစ်အိမ်ကျ ဝတ်ပြုရုံပဲ"

ဒေါ်ဖွားစော စကားဆုံးသည်နှင့် အိမ်ရှင် ဦးဇော်တောင်က ကမန်းကတန်း ထပြောသည်။

"ဟော့. . ဟော့. . ဒီလို မပြောနဲ့။ ငါတို့အိမ်က လက်မခံဘူးလို့ တစ်ခွန်းမှ မဟသေးဘူး"

"ကဲပါဗျာ. . တစ်ယောက်တစ်ပေါက်နဲ့ စကားတွေ မဆုံးနိုင်တော့ဘူး။ ကျွန်တော်တို့ ယုံကြည်သူတွေအတွက် ဘာကိုမှ စိုးရိမ်ပူပန်ဖို့ မလိုဘူး။ ဆုတောင်းခြင်းဖြင့် အရာရာကို ရင်ဆိုင်ကျော်လွှားနိုင်တယ်။ လူအားဖြင့် မတတ်နိုင်တာကို ဘုရားရှင်ဆီ အပ်နှံပြီး ခွန်အားယူရမယ်။ ခင်ဗျားတို့ ရွာသားတွေ ဆက်ပြီးဆွေးနွေးကြပေါ့။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သင်းအုပ်ဆရာက မြို့သို့ ကိစ္စတစ်ခုရှိသေးသောကြောင့် အစည်းအဝေးမဆုံးမီ ပြန်သွားလေပြီ။ ကိုမြဖေက မတ်တပ်ရပ်၍. .

"ကျွန်တော် တစ်ခုတင်ပြချင်ပါတယ်။ ခုလို မိုးတွင်းချိန် ကျွန်တော်တို့ ရွာလမ်းကမကောင်း၊ ခရီးကဝေးနဲ့ ဆရာတွေလာဖို့ မလွယ်ဘူး။ ဒါကြောင့် ဒီလအတွင်းပဲ ဘုရားကျောင်းကို အပြီးဆောက်ရင်ကောင်းမယ်"

"ဟ. . ခင်ဗျားက လွယ်လွယ်နဲ့ ပြောနေပါလား။ ဒီလိုချိန်မှာ လယ်ထဲဆင်းလို့ ကိုယ့်အလုပ်နဲ့ကိုယ်တောင် မနိုင်ကြဘူး။ ဘုရားကျောင်းဆောက်ဖို့ မြေနေရာလည်း တောထွင်ပြီး နေရာရှာရဦးမယ်"

"ဟုတ်တယ်. . ဟုတ်တယ်။ ဦးမင်းထင် ပြောတာမှန်တယ်။ ဆောက်မယ်ဆိုလည်း ဆောင်းပေါက်လို့ စပါးသိမ်းပြီးမှ ဆက်ပြီး စဉ်းစားကြတာပေါ့"

ကိုမြဖေ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်ကတော့ဗျာ ဘုရားကို ရဲရဲအားကိုးပြီး လုပ်ငန်းကို စချင်တယ်။ အခု ကျွန်တော်တို့ မိသားစုနေတဲ့အိမ်ကို ဘုရားကျောင်းဆောက်ဖို့ လှူမယ်"

"ဟာ. . ."

"ဟင်. . ."

ကိုမြဖေ စကားကိုကြားတော့ မလှမေ အလွန်အံ့သြသွားသည်။ အာမေဋိတ်သံတွေ တစ်ပြိုင်နက်ထွက်ပြီး တစ်ခဏအတွင်း တိတ်ဆိတ်သွားကြ၏။ ဤရွာတွင် ကိုမြဖေတို့ မိသားစု အလွန်ဆင်းရဲကြောင်း လူတိုင်းသိကြ၏။ သစ်ဝါးခုတ်ရန် တောင်ခြေနှင့် အလွန်ဝေးသောရွာမို့ အိမ်တစ်အိမ်ဆောက်ရန် မလွယ်ကူချေ။ ယခုလိုချိန် တောဝင်ရန် ပို၍ခက်ခဲသည်။ မိုးများသောကြောင့် လယ်ဆင်းချိန် လူတိုင်း မအားလပ်ကြ။

"ကဲ. . . ဘယ်သူ အကြံပေးချင်ပါသေးသလဲ ခင်ဗျား"

ကိုသာဗျော၏ ဆော်ဩသံကို ကြားသော်လည်း လူတိုင်းက တစ်ယောက်ကိုတစ်ယောက် ကွက်ကြည့်ကွက်ကြည့်ဖြင့် အသံတိတ်နေကြ၏။ မလှမေကား ကိုမြဖေကိုသာ တွင်တွင်စိုက်ကြည့်နေရှာသည်။

"အင်း. . ဘယ်သူမှ မပြောတော့ဘူးဆိုရင် ကျွန်တော်ပဲ ပြောပါတော့မယ်။ တစ်ယောက်တည်းနဲ့တော့ ဘာမှ မတတ်နိုင်တာမို့ အားလုံးက ဘုရားရှင်ဆီ ဆုတောင်းပြီး ခွန်အားယူကြတာပေါ့။ မနက်ဖြန် လယ်ထဲမဆင်းခင် တစ်ခါထပ်ပြီး ဆုံးဖြတ်ကြမယ်။ ဒီနေ့တော့ အစည်းအဝေး ဒီမှာ ခဏရပ်ထားကြတာပေါ့"

❊❊❊

# မျှော်လင့်နေခြင်း


မိုင်လို (မြို့ကောင်း)



(၃)

ဦးမင်းထင်က ဆယ်အိမ်မှူးမို့ ရွာသူကြီးအိမ်တွင် ကိစ္စတစ်ခုနှင့်သွားရင်း နေ့လယ်က ကိစ္စကို ပြောပြဖြစ်သည်။

"ဟား. . ဟား. . ဟား. . . သိပ်ရယ်ရတာပဲ။ တစ်ရွာလုံး ကောက်ခံစုစည်းပြီး မူလတန်းကျောင်းပြင်ဖို့တောင် မနည်းစည်းရုံးပေမယ့် ခုထိ မအောင်မြင်တာ မင်းတို့ မဖြစ်စလောက်လေးနဲ့ ဘာတတ်နိုင်မှာလဲကွာ. . .။ စဉ်းစဉ်းစားစားလည်း လုပ်ကြပါဦး"




ရွာသူကြီး၏စကားကြောင့် ရပ်ရွာလူကြီးများမှာ မရယ်သော်လည်း လှောင်ရိပ်ကို တွေ့နေရ၏။ ဦးမင်းထင် ရင်ထဲမခံချင်စိတ်ဖြစ်သွားသည်။ ယုံကြည်သူအတွက် ဘုရားသခင်ပါလျှင် အရာရာကို တတ်စွမ်းနိုင်ကြောင်းပြရမည်။ တစ်ရွာလုံး အံ့သြသွားစေသော အမှုကိုပြုရင်း ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေမည်။ အိမ်ပြန်လမ်းတစ်လျှောက်လုံး ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ နေ့လယ်က ကိုမြဖေ၏ မျက်နှာကို မြင်ယောင်မိသေး၏။ အိမ်ရောက်တော့ ညစာတောင် မစားဖြစ်တော့။ ကျမ်းစာဖွင့်ပြီးဖတ်လိုက်တော့ (နေဟမိ ၂း၁၈) ကို ဖတ်မိသည်။ သူတို့တွေ ယေရုရှလင်မြို့ရိုးကို ပြုပြင်တာလောက် မကြီးကျယ်၊ မခမ်းနားပေမယ့် ဤရွာအတွက်တော့ ကြီးကျယ်ခမ်းနားသောအမှု ဖြစ်နိုင်သည်။ အိမ်သားတွေကို ခေါ်၍ ဝိုင်းဝန်းဆုတောင်းကြ၏။ မနက်ဖြန် အစည်းအဝေးအတွက် တိကျသော အဖြေတစ်ခု ဦးမင်းထင် အသင့်ရှိနေခဲ့လေပြီ။

---

မှိန်ဖျော့ဖျော့ ရေနံဆီမီးခွက်ကို အားပြုရင်း ကိုမြဖေ ကျမ်းစာကို ဖတ်နေသည်။ မလှမေကား ကလေး (၃) ယောက်ကို သိပ်ရင်း. . .

"ကိုမြဖေ"

"ဘာလဲ လှမေ"

"ကျွန်မ ဒီနေ့စကား မပြောနိုင်လောက်အောင် ရှင့်ကို စိတ်ဆိုးနေမိတယ်။ ဒါပေမဲ့ ကျွန်မ စဉ်းစားမိပြီ။ ခုဆို တစ်ရွာလုံးက ကဲ့ရဲ့ဝေဖန်သံကိုကြားတော့ သူတို့တွေ မတတ်နိုင်တဲ့အမှုကို တို့ ယုံကြည်သူတွေဖြစ်အောင် လုပ်ခြင်းအားဖြင့် ဘုရားရှင်ရဲ့ ဘုန်းတော် ထင်ရှားစေမယ်။ ဒီလို အောင်မြင်ဖို့လည်း ယုံကြည်သူတွေ တစ်လုံးတစ်ဝတည်း ဆုတောင်းဆက်ကပ်ဖို့ လိုတာပေါ့နော်"

နံနက် (၈) နာရီခန့်တွင် အစည်းအဝေးကို ပြန်စဖြစ်သည်။

"အင်း. . အားလုံးလည်း မနေ့ညက စဉ်းစားပြီးရောပေါ့။ ပထမဦးဆုံးအနေနဲ့ တစ်ယောက်စီ တင်ပြကြမယ်"

ကိုသာဗျော၏ စကားဆုံးသည်နှင့် ဦးထွန်းက. . .

"ကျွန်တော်တို့ မိသားစု ဒီနှစ် အိမ်မိုးဖို့ စုထားတဲ့ သက်ကယ်ရှိပါတယ်။ ဘုရားကျောင်းဆောက်ဖို့ လှူဒါန်းချင်ပါတယ်။ ပြီးတော့. . ."

ဦးထွန်း၏ စကားမဆုံးမီ ဦးထွန်းကတော် လက်တို့ပြီး တီးတိုးတီးတိုးနှင့် ကျိတ်တိုင်ပင်နေပြန်၏။

"ရှင် ဘယ်လိုပြောလိုက်တာလဲ။ အိမ်မိုးယိုတာလည်း မနှစ်ကတည်းကပါ"

"မတင်၊ မင်းကို ငါရှင်းပြခဲ့ပြီပဲ။ အိမ်မိုးဖို့ ဘာမှ မပူနဲ့။ ဘုရားရှင် စီမံပေးလိမ့်မယ်"

"ကဲ. . ကဲ. . ဦးထွန်း မဆုံးဖြတ်ရသေးရင် နောက်တစ်ယောက်. . ."

ထိုအခါ ဦးထွန်းက ပျာပျာသလဲဖြင့်. . .

"ဟာ. . ခုနက ပြောတာ အတည်ပါပဲ"

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ရှိစုမဲ့စုလေး ပါဝင်လှူဒါန်းရန်တင်ပြပြီးသောအခါ ဘုရားကျောင်းဆောက်ရန် ကုန်ကြမ်းများ လုံလောက်လုနီးပါး ရရှိတော့သည်။

❊❊❊

(၄)

ယနေ့အဖို့ ကြာအင်းရွာလေးတွင် နံနက်ဝေလီဝေလင်း မှစ၍ ဆူညံသံတွေကြားနေရပါ၏။ နေသာမည့်မို့ ကောင်းကင် တစ်ခွင်တွင် တိမ်ကင်းစင်၍ ကြည်ကြည်လင်လင်။

"ဟာ.. ဦးသာဗျောတို့သားအဖ တိုင်လုံးကြီးတွေ လှည်းနှစ်စီးနဲ့ သယ်လာပါလား"

"အေးဗျာ.. စပါးကျီဆောက်ဖို့ ခုတ်ထားတဲ့ သစ်လုံး ကြီးတွေ... ခိုင်ချက်ကတော့ မပြောပါနဲ့တော့"

ယနေ့ ဘုရားကျောင်းဆောက်မည်မို့ လှမေနှင့် ဒေါ်တင်တင် ထမင်းချက်ရန် အိုးခွက်ပန်းကန်များရွက်ရင်း ရောက်နှင့်နေပြီ။ ဖိုးဇော်ကလည်း သူ၏ လယ်ထဲမှ သူရင်းငှား များ ခေါ်ခဲ့၍ ကာလသားတစ်သိုက် အုပ်စုတောင့်နေကြ၏။ တိုင်စိုက်ရန် ကျင်းပင် တူးပြီးနေပြီ။ ရွှေမိ၊ ခင်လှ၊ ဘုတ်ဆုံမ တို့အဖွဲ့လည်း ဝါးလုံးများကို ကူသယ်ပေးရင်း ရေနွေးကြမ်းများ ဝေငှနေပြန်သည်။

ဘကြီးအောင်က နှီးဖျာရင်း ယေရှုရှင်ပြန်ထမြောက် ခြင်းအကြောင်းကို သာဂိ၊ သံချောင်းတို့အား ပြောပြနေ၏။

ကိုမြဖေက ဝါးကြမ်းခင်းကို ဆကာ ဆကာ ခုတ်ရင်း ဘကြီးအောင်၏ စကားသံကို နားစွင့်နေပြန်သည်။

"ဟေ့.. အားလုံးနားမယ်။ နေ့လယ်စာစားဖို့ အချိန် ရောက်ပြီ"

"ဝေး.. ဟေး.. ဟေး.. နားရတော့မယ်"

ခြံထောင့်ရှိ သရက်ပင်ကြီးအောက်တွင် ငှက်ပျောဖက် များခင်းပြီး ထမင်းဟင်းများပုံကာ ပုံကာဖြင့် ထား၏။ အလျှင် စလို လက်ဆေးပြီး သူ့ထက်ငါ အလုအယက်နေရာယူကြရင်း ပျော်ပျော်ပါးပါး စားကြသည်။ ပင်ပန်း၍ထင်၏။ ထမင်းပုံကြီး မှာ တစ်ခဏအတွင်း ပြိုက်ကနဲ၊ ပြိုက်ကနဲ ရှင်းလင်းသွားပေ ပြီ။

ညနေဆည်းဆာချိန် လေနုအေးများက ဝှေကနဲ ဝိုက် ကနဲ မိုးပင် တစ်စက်နှစ်စက် ကျချင်နေသေးသည်။

သို့သော်...

မမှုတော့ပြီ။

ဘုရားကျောင်းလေးကား ဝါးကြမ်းခင်း ခင်းပြီးပြီ။ အမိုး ပင် မကြာခင် လက်စသတ်တော့မည်။ ဦးမင်းထင်တို့အဖွဲ့ ဝါး ထရံယက်ပြီးလျှင် နောက်တစ်ရက်လောက်ဆိုလျှင် သေသပ်ခိုင် ခန့်သော ဘုရားကျောင်းငယ်လေး အကောင်အထည်ဖော်ပြီး တော့မည်။



သူကြီးအပါအဝင် ရွာသားများမှာ အံ့ဩဝမ်းမြောက်စွာ ဖြင့် ဖြတ်သန်းလူးလာရင်း ကြည့်သွားကြသည်။ ရွာသားများ ၏ရင်မှာ ယုံကြည်သူခရစ်ယာန်များ၏ ဘုရားသခင် မတတ် နိုင်သော အရာတစ်ခုမှ မရှိဘူးဆိုတာ သို့လော.. သို့လော တွေးတောနေကြတော့မည်။

ယခုပင် ဘုရားကျောင်းငယ်လေးက အပီအပြင် သက် သေဖြစ်နေပြီ မဟုတ်လား။

❁❁❁

(၅)

ငှက်ငယ်အချို့ အိပ်တန်းပြန်ရန် အစုအဝေးလိုက် ပျံ သန်းလာကြသည်။ မနေ့က စိုက်ပျိုးထားသော ပျိုးပင်များ ထိုး ထိုးထောင်ထောင်နှင့် စိတန်းနေချေပြီ။ လယ်ကန်သင်းကြား တွင် မလှမေနှင့် သမီးကြီး ယက်သုံ့တစ်ခုဖြင့် ငါးရှာနေကြ၏။ ကိုမြဖေကတော့ ထမင်းတစ်အိုးတည်ရင်း သူ၏ လက်စွဲတော် ရေဒီယိုကို ကလိနေသည်။ သူ၏ပေါင်ပေါ်တွင် အိပ်မောကျ နေသော သားငယ်၏ ဆံပင်ကို သပ်တင်ရင်း ကိုမြဖေ ကြည်နူး စွာပြုံးဖြစ်သည်။

"အင်း... ဒီတစ်ပတ် တနင်္ဂနွေရောက်ရင်တော့.."

သေသပ်လှပသော ဘုရားကျောင်းငယ်လေးကို မြင် ယောင်ရင်း ဘုရားရှင်ကို ကျေးဇူးတင်မိပါတော့သည်။ ❁

မိုင်လို (မိုးကောင်း)

မိုင်လို (မိုးကောင်း) သည် မိုးကောင်းမြို့ ဓမာနွေလ အင်္ဂလီကန် အသင်းတော်မှ လူငယ်တစ်ဦးဖြစ်ပြီး လက်ရှိ မြစ်ကြီးနားမြို့ သူနာပြုသင်တန်းကျောင်းတွင် ဒုတိယနှစ် သင်တန်းကို တက် ရောက်လျက်ရှိပါသည်။



# H.C.T.C in 2001-2002 Academic Year

I. In this academic year, the college enrolls with (6) faculty and (10) Adjunct lecturers.

**A. Faculty**

| | | |
|---|---|---|
| 1. Revd. Mark Saw Maung Doe | (B.A; B.D; M.T.S) | Principal |
| 2. Revd. Simon Be Bin Htu | (B.Sc; B.D: M. Th) | Vice-principal (Dean of Studies) |
| 3. Revd. Andrew Mahn Zaw Lwin | (B.A; B.D; M. Th) | Dean of Students |
| 4. Revd. Stephen Than Myint Oo | (B.A; B.R.E. M.Th) | Lecturer |
| 5. Sarama Saga Hkawn Tawng | (B.Sc; B.R.E; MA.CE) | Lecturer |
| 6. Thramu Naw Hai Thlar Say | (B.A; M.T.S) | Tutor |

**B. Adjunct lecturers**

| | |
|---|---|
| 1. Revd. Samuel Htang Oak | (B.A; B.D; M. Phil) |
| 2. Revd. Daniel Mahn Naung | (B.A; B.R.E) |
| 3. Revd. U Kyaw Nyunt | (B.A; B.D; M.Phil) |
| 4. Thra Saw Po Sein | (B.A; B. Ed) |
| 5. Thra Saw Aung Hla Tun | (B.E; M.E) |
| 6. Thra Saw SiHai | (B.Sc; Dip. Music) |
| 7. Thramu Sheba Muvin | (B.A. B.R.E) |
| 8. Thramu Amraylla Myat | (B.Sc; B.R.E) |
| 9. Sarama Kareng Tawng | (B.A; M.A) |
| 10. Sayama Grace Mee | (B.Sc; B.D; M.Th) |

**C. Faculty who are pursuing further study**

| | |
|---|---|
| 1. Revd. Mark Saw Maung Doe | (Research Programme in OCMS, Oxford) |
| 2. Revd. Deacon S' San Myat Shwe | (Doctoral Programe in Germany) |
| 3. Revd. Reginald Bennett | (Master Programme in Singapore) |
| 4. Sayama Khin Swe Oo | (Master Programme in Singapore) |
| 5. Thra Saw John Thet Lwin | (Master Programme in HongKong) |
| 6. Sara S' Luke Wunna Soe | (Master Programme in MIT, Insein) |

II. There are (57) students - (18) females and (39) males.

**Enrollment by Class**

| Year | Women | Men | Total |
|---|---|---|---|
| Special course | - | 1 | 1 |
| First year | 9 | 10 | 19 |
| Second year | 1 | 10 | 11 |
| Third year | 1 | 15 | 16 |
| Final year | 7 | 3 | 10 |

Total Students (57).

**Diocese**

| | |
|---|---|
| Myitkyina | 11 |
| Mandalay | 3 |
| Taungoo | 11 |
| Sittway | 10 |
| Yangon | 19 |
| Hpa-an | 3 |

**2000-2001 Graduates**

| | |
|---|---|
| D.D | 1* |
| B. Th | 11 |
| L. Th | 3 |

* The first honourary Doctor of Divinity to Archbishop Dr.Andrew Mya Han (B.A., D.S.L.)

III. **Staff**

A. **Office**

1. Thramu Naw Mar Tha

B. **Library**

1. Sayama Daw Wai Wai Myint (Assist-Librarian)
2. Thra Saw Shee Sho (B. Th; B.R.E.I)
3. Samo Salai Tun Tun Win (L.Th)

C. **Others**

1. Saw Mya Thin (Driver)
2. Nant Yee Yee Win (Cook[illegible])



## ၂၀၀၁-၂၀၀၂ ပညာသင်နှစ် သင်တန်းသား/သူများ

| ပထမနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ပေါလ်ဆင်ဝါးနော် | မြစ်ကြီးနား |
| ၂။ မိုက်ကယ်ဘုန်းဇင်အောင် | မြစ်ကြီးနား |
| ၃။ .Mဂျာဆန် | မြစ်ကြီးနား |
| ၄။ နော်မေဖော | မန္တလေး |
| ၅။ စောပေါလ်ကညောထူး | တောင်ငူ |
| ၆။ နော်ဘွယ်စေး | တောင်ငူ |
| ၇။ နန့်မြတ်စုလင်း | တောင်ငူ |
| ၈။ ဆလိုင်းအိုက်တိမောသေ | စစ်တွေ |
| ၉။ ဆလိုင်းအိုင်ဘူးကွီ | စစ်တွေ |
| ၁၀။ မောင်အန္ဒြူးထွန်း | စစ်တွေ |
| ၁၁။ နော်ဟဲဖေဗယ်လင်း | ဖားအံ |
| ၁၂။ စောရစ်ချတ်ဂရေဂရီဝေမူး | ရန်ကုန် |
| ၁၃။ စဂျေ့စံမင်းဦး | ရန်ကုန် |
| ၁၄။ စမင်းဇော်ဦး | ရန်ကုန် |
| ၁၅။ ဆလိုင်းမြင့်ဇော် | ရန်ကုန် |
| ၁၆။ နန့်စနိုးနှင်းနှင်းအေး | ရန်ကုန် |
| ၁၇။ နော်မြတ်ဆုမွန် | ရန်ကုန် |
| ၁၈။ မိုင်သန္တာမြင့် | ရန်ကုန် |
| ၁၉။ နန့်မော်လီအောင် | ရန်ကုန် |

| ဒုတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ မောင်သိလနော်အောင် | မြစ်ကြီးနား |
| ၂။ ဒေးဗစ်တူးလုမ် | မန္တလေး |
| ၃။ စောစိုးမိုးထူးထူးသော | တောင်ငူ |
| ၄။ စောမက်သျူးကူသေး | တောင်ငူ |
| ၅။ ဆလိုင်းအိုက်အောင်ရှိန် | စစ်တွေ |
| ၆။ မောင်တယ်ရီသက်ထွန်း | ရန်ကုန် |
| ၇။ စအန္ဒြူးရွှေလှစိုး | ရန်ကုန် |
| ၈။ စခရစ္စတိုဖာမင်းမင်းထွန်း | ရန်ကုန် |
| ၉။ စဂျိမ်းစ်စည်သူအောင် | ရန်ကုန် |
| ၁၀။ စဂျေ့ကျော်ထက် | ရန်ကုန် |
| ၁၁။ မိုင်တင်မာချို | ရန်ကုန် |

| တတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဆလိုင်းအိုက်ဇက် | မြစ်ကြီးနား |
| ၂။ ဆလိုင်းနိုဝယ်တင်မင်းထွေး | မြစ်ကြီးနား |
| ၃။ Lအိုက်ဇက်ဆွတ်အောင် | မြစ်ကြီးနား |
| ၄။ ဂွန်ဂွမ်ဆန်အောင် | မြစ်ကြီးနား |
| ၅။ ဆလိုင်းပီတာဆေးဟောင်မန်း | မန္တလေး |
| ၆။ စောပြည်ငြိမ်းဘွယ်ထူး | တောင်ငူ |
| ၇။ စောဒီဘလူး | တောင်ငူ |
| ၈။ နော်မူမူထွန်း | တောင်ငူ |
| ၉။ ဆလိုင်းအိုက်ပေါလ်ဆန္ဒအောင် | စစ်တွေ |
| ၁၀။ ဆလိုင်းဂွန်ငွေသိန်း | စစ်တွေ |
| ၁၁။ ဆလိုင်းဒံယေလဖွေးဘူ | စစ်တွေ |
| ၁၂။ ဆလိုင်းအောင်လင်းခင်း | စစ်တွေ |
| ၁၃။ စောဆင်မြူရယ်ဉာဏ်လင်း | ဖားအံ |
| ၁၄။ စောဟီလရီမင်းမင်း | ရန်ကုန် |
| ၁၅။ စအောင်ညွန့်စိန် | ရန်ကုန် |
| ၁၆။ ဆလိုင်းဂျိုးဇက် | ရန်ကုန် |

| စတုတ္ထနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဒေးဗစ်ဘရန်ထန် | မြစ်ကြီးနား |
| ၂။ နော်လားယူဖော | မြစ်ကြီးနား |
| ၃။ မအဲလီဇဘက်လုမိုင် | မြစ်ကြီးနား |
| ၄။ ဆလိုင်းဟောရှာယကံအောင် | စစ်တွေ |
| ၅။ မိုင်မေရီကံမ | စစ်တွေ |
| ၆။ စောဒေးဗစ်ပိုး | တောင်ငူ |
| ၇။ နော်ဆာဂေဖော | တောင်ငူ |
| ၈ နော်မူလာစေးထူး | တောင်ငူ |
| ၉။ နော်ဖောဖောဝါး | ဖားအံ |
| ၁၀။ မရေချယ်မေသန်းနိုင် | ရန်ကုန် |

| အထူးသင်တန်းသား | သာသနာပိုင်နယ် |
|---|---|
| ၁။ စောဆာကဘော်ထူး | ရန်ကုန် |


designed by : jonathan © 2001